ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ ပြာသိုလဆန်း (၈)ရက် ၊ သောကြာနေ့ ၊ (26-12-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၂၄၀)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

❖ မိမိတို့အနာဂတ် အခြားသူမဆုံးဖြတ်နိုင်ဖို့ နိုင်ငံသားတိုင်း ဆန္ဒမဲပေးကြပါစို့။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) ကျင်းပမည့်နေ့ရက်နှင့် ပါဝင်သည့်မြို့နယ်များ သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၁၇၀/၂၀၂၅)**
၁၃၈၇ ခုနှစ် ပြာသိုလဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်)

### ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) ကျင်းပမည့် နေ့ရက်နှင့် ပါဝင်သည့် မြို့နယ်များ သတ်မှတ်ကြေညာခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်ကို ၂၀၂၅ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ကြေညာချက်အမှတ်(၅၆/၂၀၂၅)ဖြင့်လည်းကောင်း၊ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပပြုလုပ်မည့်ရွေးကောက်ပွဲအပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် ၁၀၀ မြို့နယ်ကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် ကြေညာချက်အမှတ်(၁၄၁/၂၀၂၅)ဖြင့်လည်းကောင်း သတ်မှတ်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)ကို ၁၃၈၇ ခုနှစ် တပို့တွဲလဆန်း ၈ ရက် (၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်) တနင်္ဂနွေနေ့တွင် ကျင်းပမည်ဖြစ်ပြီး ပါဝင်သည့်မြို့နယ် ၆၃ မြို့နယ်ကို တိုင်းဒေသကြီး၊ပြည်နယ်အလိုက် ပူးတွဲပါဇယားအတိုင်း သတ်မှတ်ကြေညာလိုက်သည်။

**ပူးတွဲ။** အပိုင်း(၃)တွင် ပါဝင်သည့် မြို့နယ်များစာရင်း

**(ပုံ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**စာမျက်နှာ ၁၈ ကော်လံ ၁**

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၄၉၉ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများကို စနစ်တကျဆက်လက်မီးရှို့ဖျက်ဆီး

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်းရှိ K K Park အပိုင်း(၃)နယ်မြေအား ဖောက်ခွဲဖျက်ဆီးမှု




နေပြည်တော် ဒီဇင်ဘာ ၂၅

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့်ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး(KK Park)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ

**စာမျက်နှာ ၂၂ ကော်လံ ၁** ❑

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကိရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့် အရည်အသွေး ကောင်းမွန်သော နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . .
**CNC 3D** ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊ ကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများ အား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

**မဘယ်ကျောက်ပြားစက်ရုံ (မန္တလေး)**

ဆက်သွယ်ရန် ဖုန်း – ၀၉ ၆၉၁၂၃၁၆၃၉ ၊ ၀၉ ၆၆၉၂၅၉၉၅၄



ရတနာပုံ
၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်
အယ်ဒီတာ့အာဘော်

# ရွေးကောက်ပွဲအောင်မြင်စေဖို့ ပြည်သူအားလုံး မဲပေးကြစို့

ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ရန်အတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်သည် မဖြစ်မနေလုပ်ရမည့် လုပ်ငန်းစဉ်ဖြစ်သည်။ ထို့ကြောင့် ပြည်သူလူထုအများစုလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပတော့မည်ဖြစ်ရာ နှစ်ရက်သာလိုတော့သည်။ အပိုင်း(၂)၊ အပိုင်း(၃)တို့ကိုလည်း ရက်သတ္တနှစ်ပတ်ခြားကာ ဆက်လက်ကျင်းပသွားမည်ဖြစ်သဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စေရေးအတွက် ပြည်သူအားလုံး ဆန္ဒမဲပေးကြရမည်ဖြစ်ပေသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင်စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများကို နောက်ဆုံးအကြိမ်အဖြစ် ဒီဇင်ဘာ ၂၃ ရက်မှစတင်၍ သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများတွင် ကြေညာထားပြီးဖြစ်သည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည့် ရွေးကောက်ပွဲအပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ်များအတွက် ဒီဇင်ဘာ ၂၃ ရက်မှ ၂၅ ရက်ထိ သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများတွင်လည်းကောင်း၊ ဒီဇင်ဘာ ၂၆ ရက်မှ ရွေးကောက်ပွဲကျင်းပမည့် ဒီဇင်ဘာ ၂၈ ရက် မဲပေးခြင်းပြီးဆုံးသည့်အချိန်ထိ သက်ဆိုင်ရာမဲရုံများတွင်လည်းကောင်း ကပ်ထားကြေညာမည်ဖြစ်သည်။

ရွေးကောက်ပွဲအပိုင်း(၁)တွင် ပါဝင်သည့်မြို့နယ်မှအပ ကျန်မြို့နယ်များ (ရွေးကောက်ပွဲများကျင်းပခြင်းပြုမည်မဟုတ်ကြောင်း ကြေညာထားသည့် ၅၆ မြို့နယ်မပါ)တွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၅ ရက်ထိ ၁၄ ရက်ကြာ ကပ်ထားကြေညာမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့် မိမိမဲစာရင်းအမှတ်စဉ်များသိရှိပါက ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံ၌ မဲစာရင်းစိစစ်လက်မှတ်ရေးထိုးချိန်တွင် အချိန်ကြန့်ကြာမှုမရှိဘဲ လွယ်ကူစွာဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် မဲစာရင်းလာရောက်ကြည့်ရှု၍ မိမိတို့၏ မဲစာရင်းအမှတ်စဉ်များကို မှတ်သားထားခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့်ရွေးကောက်ပွဲဖြစ်စေရေး ကြိုတင်ပြင်ဆင်မှုများကိုဆောင်ရွက်လျက်ရှိသကဲ့သို့ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးနှင့် ပြည်သူများလုံခြုံစွာမဲပေးနိုင်ရေးအတွက် လုံခြုံရေးပိုင်းဆိုင်ရာများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့လုံခြုံရေး တပ်ဖွဲ့ဝင်များပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည်။ ရွေးကောက်ပွဲအောင်မြင်အထမြောက်စေရေးအတွက် မဲပေးပိုင်ခွင့်ရှိသူများအားလုံးဆန္ဒမဲပေးနိုင်ကြရန်လိုပြီး ဆန္ဒမဲပေးသူများကလည်း မဲပေးရာတွင် တိုင်းပြည်နှင့် ဒေသအကျိုးကိုဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သူ၊ နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးအမြင်ရှိသူများကိုရွေးချယ်၍ ဆန္ဒမဲပေးကြရန် လိုပေသည်။

သို့ဖြစ်ရာ ဒီမိုကရေစီအခွင့်အရေးများကျင့်သုံးနိုင်ရေး၊ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တက်တက်ကြွကြွပါဝင် ဆန္ဒပြုကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၂
ရက်
သာ လိုတော့သည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**ပြန်လည်ထူထောင်ရေးဦးစီးဌာန**
**လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)**

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉
မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

**ရန်ကုန်လိပ်စာ**
အမှတ်(၆၄)၊
ကမ္ဘာအေးဘုရားလမ်း၊
မရမ်းကုန်းမြို့နယ်။

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါသည်။

**မန္တလေးလိပ်စာ**
ရွှေကျင်သံလမ်းအနီး၊
ဘုန်းတော်တိုးရပ်၊
အောင်မြေသာစံမြို့နယ်။

# ပြင်ဦးလွင်မြို့တွင် နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကအထူးကုဆေးရုံတည်ဆောက်ဖွင့်လှစ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်



**မန္တလေး ဒီဇင်ဘာ ၂၅**

ပြင်ဦးလွင်မြို့တွင် နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကအထူးကုဆေးရုံ တည်ဆောက်ဖွင့်လှစ်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် အတွင်းရေးမှူး၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ Eight Glorious Victories ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပြင်ဦးလွင်မြို့သည် စိမ်းလန်းစိုပြည်၍ အေးမြသာယာပြီး ပြည်တွင်းပြည်ပမှ လာရောက်လည်ပတ်သူများဖြင့် စည်ကားသည့်မြို့ဖြစ်ကြောင်း၊ ထို့ပြင် ကျန်းမာရေးမြို့တော်ဖြစ်စေရေး အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ချမှတ်ထားသည့် မူဝါဒများနှင့် အညီ နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကဆေးရုံ တည်ဆောက်ဖွင့်လှစ်နိုင်ရန် စီမံကိန်းကိုအမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း စသည်တို့ကို ပြောကြားခဲ့သည်။

ထို့နောက် ပြင်ဦးလွင်မြို့တွင် နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကအထူးကုဆေးရုံ တည်ဆောက်ဖွင့်လှစ်ရေးဆောင်ရွက်မည့် Eight Glorious Victories ကုမ္ပဏီမှ တာဝန်ရှိသူများက နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကအထူးကုဆေးရုံ တည်ဆောက်ရေး စီမံကိန်းအကြောင်းနှင့်ပတ်သက်၍လည်းကောင်း၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က ပုဂ္ဂလိကဆေးရုံများနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန၏မူဝါဒများ၊ ညွှန်ကြားချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြရာ အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြောကြားပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၀၁၅၂ ဧက စိုက်ပျိုးပြီးစီး

**စစ်ကိုင်း ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၀၁၅၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက ၃၀၁၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၀၁၅၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ မြေပဲဧက ၃၀၁၀၀ လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၃၀၁၅၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြင်းမူမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ကုန်ကျစရိတ် ငွေကျပ်နှစ်သိန်းကျော်ရှိကြောင်း၊ မြေပဲတစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သူနာပြုသင်တန်းကျောင်း(မန္တလေး)တွင်ကျင်းပသည့် သူနာပြု-သားဖွားဒီပလိုမာ သုံးနှစ်သင်တန်း ဘွဲ့လက်မှတ်အပ်နှင်းခြင်းအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်





**မန္တလေး ဒီဇင်ဘာ ၂၅**

ချမ်းမြသာစည်မြို့နယ်ရှိ သူနာပြုသင်တန်းကျောင်း (မန္တလေး)၏ (၁၀)ကြိမ်မြောက် သူနာပြု-သားဖွားဒီပလိုမာ သုံးနှစ်သင်တန်း ဘွဲ့လက်မှတ်အပ်နှင်းခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းကကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အတွင်းရေးမှူး၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သူနာပြုတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များ၊ သူနာပြုသင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ ဆေးရုံအုပ်ကြီးများ၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းဆင်း ဂုဏ်ပြု အမှာစကားပြောကြားရာတွင် မြို့ပြနှင့်ကျေးလက်တစ်ပြေးညီ ထိရောက်သည့် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် အရည်အသွေးပြည့်ဝသည့် သူနာပြုပညာရှင်များ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ ကျန်းမာရေးဆိုင်ရာ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ရုပ်ပိုင်းဆိုင်ရာများ၊ သူနာပြုပညာရပ်ပိုင်းဆိုင်ရာများနှင့် ခေတ်မီသင်ကြားရေး အထောက်အကူပြုပစ္စည်းများ ဖြည့်တင်းပေးလျက်ရှိကြောင်း၊ သင်ယူထားသည့် အသိပညာများ၊ အတတ်ပညာများထက် စဉ်ဆက်မပြတ် တိုးတက်အောင် လေ့လာဆည်းပူးရင်း ပြည်သူ့ကျန်းမာရေး ပြုစုစောင့်ရှောက်မှု လုပ်ငန်းများတွင် သစ္စာရှိရှိတာဝန်ကျေကျေ ထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သူနာပြုသင်တန်းကျောင်း(မန္တလေး)ဒုတိယကျောင်းအုပ်ကြီးက သင်တန်းဆင်း အမှာစကားနှင့် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားတို့ကို ပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ကြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က သင်တန်းသား၊ သင်တန်းသူများနှင့် ၎င်းတို့၏မိဘဆွေမျိုးများအား ရင်းနှီးစွာလိုက်လံနှုတ်ဆက်ခဲ့သည်။

ဆက်လက်၍ သူနာပြု-သားဖွားဒီပလိုမာ သုံးနှစ်သင်တန်း ဘွဲ့လက်မှတ်အပ်နှင်းခြင်း အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းခဲ့ပြီး သူနာပြု-သားဖွားဒီပလိုမာ သုံးနှစ်သင်တန်း၌ တက်ရောက်အောင်မြင်ခဲ့ကြသည့် သူနာပြုသင်တန်းကျောင်း (မန္တလေး)မှ ၅၉ ဦး၊ ကလေး-သူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ ၂၄ ဦး၊ ဗန်းမော်မြို့ သူနာပြုသင်တန်းကျောင်းမှ ၃၃ ဦး စုစုပေါင်း ၁၁၆ ဦးကို ဘွဲ့လက်မှတ်များ အပ်နှင်းခဲ့ကြောင်း၊ ယနေ့ထိ သူနာပြုသင်တန်းကျောင်း (မန္တလေး)မှ သူနာပြုသားဖွား ၄၅၅၅ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၈၄၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ဘုတလင် ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၈၄၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၁၄၁၀၀ ထိ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၈၄၃၀ ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ မြေပဲ ဧက ၁၄၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် မြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက် ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ဘုတလင်မြို့နယ်တွင် မြေပဲစိုက်ခင်းများအား အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်းကွင်းဆင်းစစ်ဆေးပြီး ကင်းထောက် မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို ယခုထက်ပို၍ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသွားကြရမည် ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ် ထီပါလယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ထီပါလယ်ကျေးရွာအုပ်စု ထီပါလယ်ကျေးရွာ၌ မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၄ ရက်က အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်နိုင်က စီမံကိန်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်း လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၉၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ထီပါလယ်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အရောင်းအဝယ်၊ အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၉ ဦးကို ငွေကျပ် ၃၉၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**တေဇာလင်း**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးရှဉ့်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးရှဉ့်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဝင်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလက ငါးရှဉ့်ပိဿာချိန် ၅၁၀၀၀ သာ တင်ပို့ရောင်းချခဲ့ပြီး နိုဝင်ဘာလအတွင်း ငါးရှဉ့်ပိဿာချိန် ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးရှဉ့်များ တင်ပို့ရောင်းချအား ကောင်းလာခြင်းသည် ရန်ကုန်ဈေးကွက်မှ ငါးရှဉ့်များကိုအဝယ်လိုက်နေခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ပထမပတ်လောက်ကတည်းက ငါးရှဉ့်တွေ သိသိသာသာကို တင်ပို့အား ကောင်းခဲ့ပါတယ်။ ငါးရှဉ့်တွေ တင်ပို့ရောင်းချအား တက်ခဲ့တာကလဲ ပြည်တွင်း ငါးရှဉ့်လုပ်ငန်းတွေ ပြန်လည် လည်ပတ်လုပ်ကိုင်လာတာကြောင့်လို့ သိရပါတယ်။ ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ပါတယ်။ ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် အခြားပြည်တွင်း၊ ပြည်ပဈေးကွက်တွေကို ဆက်လက်ဖြန့်ဖြူး ရောင်းချတာဖြစ်ပါတယ်။ အခုလို ဝယ်ယူအား ကောင်းလာတော့ ငါးရှဉ့်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူတွေနဲ့ ရေလုပ်သားတွေ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာတာ တွေ့ရပါတယ်"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဝင်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးရှဉ့် ၁၀ ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချပြီး ရန်ကုန်မြို့မှတစ်ဆင့် အခြားဒေသများကို ဆက်လက်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ထိန်းသိမ်းကြစို့လေ လွတ်လပ်ရေးအမွေ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

**- ဆွေးမိသည်တည့် ဆွေးမိသည်**
**မလေးမောင် သည်ယနေ့ ဆွေးမြည့်မိသည်၊**
**သွေးစက်နှင့် ကျမျက်ရည် ပြည်နိုင်ငံအရေး**
**လူ့လမ်းစဉ် လူ့ခရီးမှာ စီးရတယ်လေး။**
**- ငေးမိသည်တည့် ငေးမိသည်**
**မလေးမောင် သည်ယနေ့ ငေးမေ့မိသည်၊**
**ဝမ်းမဝ မျှမညီ ပြည်နိုင်ငံအရေး**
**လူ့လောကီ သည်ရှုပ်ထွေး ရှင်းမှပါလေး။**
**- ရေးမိသည်တည့် ရေးမိသည်**
**မလေးမောင် သည်ယနေ့ ရေးမွေ့မိသည်၊**
**စီးခဲ့တဲ့ ကျမျက်ရည် ပြည့်နိုင်ငံအရေး**
**စာတေးသည် မြိုင်ချောင်က**
**သည်ကလောင် ရောင်ခြည်လွှတ်**
**ဦးညွှတ်တယ်လေး။ ။**

**(ဆရာကြီးဇော်ဂျီ)**

ဆယ်တန်းကျောင်းသားဘဝက ကျက်မှတ်ခဲ့ရသော **"မျိုးချစ်စာဆိုတော်ကြီး ဆရာကြီးဇော်ဂျီ"**၏ **"လွတ်လပ်ရေးနေ့အတွေး"**ကဗျာက ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ ရောက်ခါနီးလေလေ လက်ရှိအခြေအနေအရ ယခင်ကထက်ပိုမို၍ တမ်းတမ်းတတနှင့် ပြန်လည်သတိရကာ ရွတ်ဆိုမိလေလေပင်။

နယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝမှ လွတ်မြောက်ရေးအတွက် အသက်၊ သွေး၊ ချွေးပေါင်းမြောက်မြားစွာ စတေးခဲ့ကြရသော မျိုးချစ်တိုင်းရင်းသားပြည်သူများ၏ ကျေးဇူးတရားကား အလွန်ပင်ကြီးမားလှပါပေသည်။

ယနေ့ နိုင်ငံတော်အတွင်းတွင် မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားလူမျိုးများသည် တစ်ချိန်က သခင်ဘဝမှ ကျွန်ဘဝသို့ကျရောက်ခဲ့ရသည်ကို မျိုးဆက်သစ်လူငယ်များ နားလည်သဘောပေါက်စွာ သိထားသင့်ကြသည်။ လွတ်လပ်ရေးတန်ဖိုးကို သိထားကြပါမှ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းနိုင်စွမ်းရှိကြပေလိမ့်မည်။

**ကျူးကျော်စစ်သုံးကြိမ်ကျူးကျော်ခဲ့ကြ**

၁၈၂၄ ခုနှစ် မတ် ၅ ရက်၊ မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ် တပေါင်းလတွင်း နယ်ချဲ့တို့က ရှင်မဖြူကျွန်းအရေးကိုအကြောင်းပြု၍ **"ပထမကျူးကျော်စစ်"**ကို စတင်ကျူးကျော်ခဲ့ကြသည်။ ၁၈၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် အင်းဝနေပြည်တော်မှ ၄၅ မိုင်ဝေးကွာသော ရန္တပိုရွာ၌ မြန်မာတို့က အရှုံးပေးပြီး စစ်ပြေငြိမ်းရေးစာချုပ်ချုပ်ဆိုခဲ့ရသည်။ ပထမစစ်ပွဲကာလ နှစ်နှစ်ကြာမြင့်ခဲ့ပြီး မြန်မာပိုင် မဏိပူရ၊ အာသံ၊ ရခိုင်နှင့် တနင်္သာရီတို့ကို နယ်ချဲ့တို့က သိမ်းပိုက်ရယူသွားခဲ့ကြသည်။

၁၈၅၁ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် အမရပူရ ပုဂံမင်းအား အင်္ဂလိပ်သံအမတ် မစ္စတာလူးဝစ်က မချေမငံ ပြောဆိုမှုကြောင့် ဒဏ်ငွေပေးဆောင်ရန် အမိန့်ချမှတ်ခြင်းအပါအဝင် ရန်ကုန်မြို့ဝန်က သင်္ဘောကပ္ပတိန်ကို ဒဏ်ငွေတပ်မှုကို အကြောင်းပြု၍ ၁၈၅၂ ခုနှစ် ဧပြီ ၅ ရက်၊ မြန်မာသက္ကရာဇ် ၁၂၁၄ ခုနှစ် တန်ခူးလတွင် နယ်ချဲ့တို့က စစ်မကြေညာဘဲ **"ဒုတိယကျူးကျော်စစ်"** ကို ထပ်မံကျူးလွန်ခဲ့ပြန်သည်။ စစ်ပွဲကာလ ရှစ်လသာကြာမြင့်သော်လည်း ၁၈၅၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှစ၍ မြေထဲမြို့(အောင်လံ)အပါအဝင် မြန်မာနိုင်ငံအောက်ပိုင်း မုတ္တမ၊ ပဲခူး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းကို သိမ်းပိုက်သွားခဲ့ကြသည်။

ဘုံဘေဘားမားကုမ္ပဏီက သစ်လုံးများ ခိုးထုတ်မှုနှင့်ပတ်သက်၍ မကျေနပ်သဖြင့် ၁၈၈၅ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် **"တတိယကျူးကျော်စစ်"** ကို ကြေညာခဲ့ပြီး ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက် မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ် နတ်တော်လပြည့်ကျော် ၁၁ ရက်တွင် မြန်မာတစ်နိုင်ငံလုံးကို နယ်ချဲ့တို့က သိမ်းပိုက်လိုက်ကြောင်း ကြေညာခဲ့သည်။ မြန်မာ့ဦးစွန်းအနောက်သို့ယွန်းခဲ့ရသည်။

ပထမ၊ ဒုတိယ၊ တတိယ နယ်ချဲ့-မြန်မာစစ်ပွဲသုံးကြိမ်ဖြစ်ပွားခဲ့ပြီး မြန်မာနိုင်ငံသည် နယ်ချဲ့တို့၏ ကျွန်ဘဝသို့ကျရောက်ခဲ့ပါတော့သည်။ ကိုလိုနီနယ်ချဲ့တို့၏လက်အောက်တွင် မြန်မာနိုင်ငံအောက်ပိုင်းသည် ၁၂၃ နှစ်၊ မြန်မာနိုင်ငံအထက်ပိုင်းသည် ၆၃ နှစ်၊ ကျွန်ဘဝကျရောက်ခဲ့သော်လည်း လက်နက်အင်အား၊ လူအင်အားကွာခြားမှန်းသိပါလျက်နှင့် မျိုးချစ်တိုင်းရင်းသားခေါင်းဆောင်များက ရှိသမျှအင်အား၊ ရသမျှ လက်နက်များကိုစွဲကိုင်ကာ၊ တွန်းလှန်ချေမှုန်းခဲ့ကြသည်။ **"သူ့ကျွန်ဘဝမှာ နေရတာထက် သေရတာကမြတ်တယ်"**ဟူသော မျိုးချစ်စိတ်၊ ဇာတိသွေး၊ ဇာတိမာန်ထက်သန်စွာဖြင့် ခုခံတော်လှန်ခဲ့ကြသည်။

**❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲပြီး သူတစ်လူ ငါတစ်မင်း စစ်ခင်းနေကြသည့် ပြည်တွင်းစစ်များငြိမ်းအေးသွားကြပါမှ နိုင်ငံသာယာဝပြောပြီး နိုင်ငံနှင့်လူမျိုးလည်း အစွန့်ရှည်တည်တံ့နေမည်ကို တိုင်းရင်းသားပြည်သူအားလုံး နှလုံးသွင်းဆင်ခြင်ကြရန် အထူးပင်လိုအပ်လှသည်။ နေပူထဲရောက်မှ အရိပ်အာဝါသ၏တန်ဖိုးကို သိကြရသည်။ သူ့ကျွန်ဖြစ်မှ သခင်ဘဝကို တမ်းတမိကြသည်။ ဒုက္ခကိုတွေ့မှ သုခ၏အရသာကိုနှမြောနေမိကြသည်။ နွားကွဲသဖြင့် ကျားဆွဲခံကြရသည်။ ဇာတ်တူသားစားသဖြင့် ဟင်္သာကိုးသောင်းပျက်ကိန်းရှိခဲ့သည်။ သားစဉ်မြေးမြစ် ဆိုထုံးဖြစ်ခဲ့ကြသော သာဓကများ၊ စကားပုံများ၊ လမ်းညွှန်ချက်များ များစွာရှိရာ အလေးထားကြစေချင်သည်။ ❖**

**စွန့်လွှတ်စွန့်စား မျိုးချစ်တိုင်းရင်းသားလူမျိုးများ**

လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးဘဝမှ သူ့ကျွန်ဘဝကျရောက်ခဲ့ကြသော မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားအပေါင်းသည် နယ်ချဲ့လက်အောက်တွင် လောကီငရဲမျိုးစုံကို ကြိတ်မှိတ်ခံစားခဲ့ကြရသည်။ ထို့ကြောင့် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများတွင် တစ်ဗိုလ်တက် တစ်ဗိုလ်ဆင်း၊ သားစဉ်မြေးဆက်၊ စဉ်ဆက်မပြတ်၊ ရဲရဲဝံ့ဝံ့တိုက်ပွဲဝင်ခဲ့ကြသည်။ အသက်၊ သွေး၊ ချွေးများကို မငဲ့ကွက်ကြဘဲ စွန့်လွှတ်စွန့်စားခဲ့ကြသည်။

နယ်ချဲ့တို့က မြန်မာတိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကို ယုတ်မာစွာ သွေးကွဲအောင် သွေးခွဲခဲ့ကြသော်လည်း စည်းလုံးညီညွတ်စွာပြန်လည်တိုက်ထုတ်ခဲ့ကြသည်။ တိုင်းရင်းသားလူမျိုးများ၏ လွတ်လပ်ရေးတိုက်ပွဲဝင်သမိုင်းတွင် ကချင်ပြည်နယ်မှ ဖုံကန်ဒူးဝါးနှင့် ဗိုလ်ဖိုးစော၊ ချင်းပြည်နယ်မှ ကြွမ်ဘိနှင့် ရွှေဂျိုးဖြူမင်းသား၊ ရှမ်းပြည်နယ်မှ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်နှင့် ဗိုလ်မင်းရောင်တို့သည် မော်ကွန်းဝင်ထွန်းပြောင်ခဲ့ကြသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့် အချုပ်တန်းဆရာဖေ အစရှိသော မျိုးချစ်စာဆိုတော်ကြီးများကလည်း နှလုံးရည်တပ်သားကောင်းပီသစွာ ကလောင်လက်နက်ဖြင့် တိုက်ပွဲဝင်ခဲ့ကြသည်။

ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး၊ ဗမာ့ထွက်ရပ်ဂိုဏ်း၊ ဖတပလ(ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေး)၊ ဖဆပလ(ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်လပ်ရေး) စသည့်လွတ်လပ်ရေးတိုက်ပွဲဝင်အဖွဲ့ကြီးများတွင် ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းရင်းသားများ စသည့်လုပ်သားပြည်သူအားလုံးသည် ကျွန်ဘဝမှသခင်ဘဝသို့ ပြန်လည်ရောက်ရှိရေးအတွက် အသက်ကို မငဲ့ကွက်ဘဲ စည်းလုံးညီညွတ်စွာ တိုက်ပွဲဝင်ခဲ့ကြသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ရဲဘော်သုံးကျိပ်က စစ်ပညာများသင်ကြားခဲ့ကြပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA) ဖွဲ့စည်းကာ နယ်ချဲ့တို့ကို ရှုပ်ရှုပ်ချွံချွံတိုက်ထုတ်ခဲ့ကြသည်။ နယ်ချဲ့တို့သွေးကွဲအောင် သွေးခွဲနေသည့်ကြားမှ ဘက်ပေါင်းစုံမှ တွန်းလှန်တိုက်ထုတ်နေကြရင်းက ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းရင်းသားခေါင်းဆောင် ၂၃ ဦးတို့သည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီတွင် **"ပင်လုံစာချုပ်"**ကို ချုပ်ဆိုခဲ့ကြသည်။ ပင်လုံစာချုပ်သည် နယ်ချဲ့တို့ကိုတုန်လှုပ်သွားစေခဲ့သည်။ အောင်ဆန်း-အက်တလီစာချုပ်၊ နု-အက်တလီစာချုပ်နှင့် ပင်လုံစာချုပ်များ၏ တွန်းအားပေးမှုများကြောင့် မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက်၊ ခရစ်နှစ် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် (တနင်္ဂနွေနေ့)တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည်။

**မော်ကွန်းဝင် လွတ်လပ်ရေးနေ့ အဖွင့်နိဒါန်း**

၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် တိုင်းပြည်ပြုလွှတ်တော်ရှေ့၌ ဗြိတိသျှယူနီယံဂျက်အလံကို ဖြုတ်ချခဲ့ကြပြီး ပြန်ထောင်စုမြန်မာနိုင်ငံတော်အလံကို လွှင့်ထူခဲ့ကြသည်။ နံနက် ၄နာရီ ၄၅ မိနစ်တွင် လွှတ်တော်အစည်းအဝေးခန်းမထဲ၌ နိုင်ငံတော်အာဏာလွှဲပြောင်းသည့် အခမ်းအနားဆက်လက်ကျင်းပခဲ့ကြရာ တိုင်းပြည်ပြုလွှတ်တော်က ယာယီပါလီမန်ဖြစ်ပေါ်လာခဲ့ပြီး ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်က ယာယီသမ္မတ၊ ဦးနုက ယာယီဝန်ကြီးချုပ်ဖြစ်လာခဲ့ကြသည်။ နံနက် ၆ နာရီ မိနစ် ၃၀ တွင် အိမ်တော်၌ ဘုရင်ခံက အာဏာလွှဲပြောင်းပေးသည့် အခမ်းအနားကျင်းပခဲ့ပြီး နံနက် ၈ နာရီ မိနစ် ၂၀ တွင် အင်္ဂလိပ်ဘုရင်ခံ ဆာဟူးဘတ်ရန်စ်နှင့် ဇနီးတို့ ဘာမင်ဟန်သင်္ဘောဖြင့် မြန်မာပြည်မှ ပြန်လည်ထွက်ခွာသွားခဲ့ကြသည်။

ထိုနေ့မှာပင် အပိုဒ်ခြောက်ပိုဒ်ပါသော **"လွတ်လပ်ရေးကြေညာစာတမ်း"**ကို ကမ္ဘာသိကြေညာခဲ့ပြီး လွတ်လပ်ရေးမော်ကွန်းကျောက်တိုင်ကို အုတ်မြစ်ချခဲ့ကြသည်။ ထိုလွတ်လပ်ရေးမော်ကွန်းကျောက်တိုင်ကို ၁၉၅၀ ပြည့်နှစ် နိုဝင်ဘာ ၂၆ ရက်က ရန်ကုန်မြို့ရှိ မဟာဗန္ဓုလပန်းခြံထဲတွင် ဖွင့်လှစ်ခဲ့သည်။

ကမ္ဘာသိ ကြေညာခဲ့သော လွတ်လပ်ရေးကြေညာစာတမ်းကို ပြန်လည်သတိရကြသူများမှာ အနည်းစုသာဖြစ်သည်။ အများစုမှာ သတိရကြဖို့ရန် နေနေသာသာ လုံးဝပင်မသိကြပေ။ လွတ်လပ်ရေးကြေညာစာတမ်းတွင် အပိုဒ်ခြောက်ပိုဒ်ပါရှိရာ လိုရင်းအချုပ်ကို ကောက်နုတ်အသိပေးရင်း သတိပေးလိုသည်။

"ငါတို့လွတ်လပ်ရေးနှင့် ငါတို့နိုင်ငံတော်ကြီး၏ သစ္စာကို ကမ္ဘာဆုံးတိုင် မယိုင်မယိမ်းတည်မည်။"

"ငါတို့လွတ်လပ်ရေးကို ငါတို့ချစ်မြတ်နိုးသည်နှင့်အညီ တစ်ပါးသူတို့၏ လွတ်လပ်ရေးကိုလည်း ငါတို့လေးစားစောင့်စည်းမည်။"

"ငါတို့ငြိမ်းချမ်းရေးကို အလိုရှိသည်နှင့်အညီ ငါတို့ကဲ့သို့ လိုလားသူများနှင့်အတူ လက်တွဲ၍ ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်မည်။"

"ငါတို့နိုင်ငံတော်ကြီးသည် မည်သူတစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တစ်သင်း၏အမွေအနှစ်မဟုတ်။ ပုဂ္ဂလိကပိုင်ပစ္စည်းမဟုတ်။ မည်သူတစ်ဦးတစ်ယောက် တစ်ဖွဲ့တစ်သင်းကမှ ချုပ်ကိုင်အနိုင်သိမ်းယူအကျိုးခံစားအပ်သော နိုင်ငံမဟုတ်။"

"ငါတို့သည် တစ်မျိုးတစ်ဘာသာ၊ တစ်စိတ်တစ်ဒေသ၏ ကောင်းကျိုးချမ်းသာကိုမလိုလား။ ကျောသားရင်သား၊ သူကားငါကား၊ ခွဲခြားခြင်းကို အလိုမရှိ။ တိုင်းရင်းသားအပေါင်းတို့ ဇာတိချက်ကြွေနေထိုင်ကြရာ မြန်မာနိုင်ငံတော်တစ်ဝန်းကို တစ်သွေးတစ်သားတည်းဟူသော အကျိုးထူး၊ တစ်စိတ်တစ်ဝမ်းတည်းဟူသောအကျိုးထူး၊ အလိုအလျောက် သဘာဝအထောက်အပံ့ဖြင့်သာလျှင်ဖြစ်ပေါ်အပ်သော စေတနာတည်းဟူသော အကျိုးထူး၊ ဤအကျိုးထူးသုံးပါးဖြင့် ကမ္ဘာဆုံးတိုင် မြဲခိုင်တည်တံ့အောင်ရစ်ပတ်ဖွဲ့စည်းအပ်သောပြည်ထောင်စုအဖြစ်ကို လက်ဆုပ်လက်ကိုင် ငါတို့အပိုင်ရလေပြီ။"

"ငါတို့ကြေညာချက်ကို တစ်ကမ္ဘာလုံး ကြားသိစေသတည်း။"

မြန်မာ့လွတ်လပ်ရေး ကြေညာစာတမ်းသည် ကြက်သီးမွေးညင်းထလာအောင် ဇာတိသွေးဇာတိမာန်ထက်သန်စေပြီး၊ မျိုးချစ်စိတ်ကို တိုးပွားစေကာ၊ မြန်မာ့လွတ်လပ်ရေးကို သားစဉ်မြေးဆက်၊ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရန် ထာဝစဉ်လှုံ့ဆော်သတိပေးနေသည့်နှယ်ပင်တည်း။

အဆိုပါအခမ်းအနားတွင် ဖဆပလ အထွေထွေအတွင်းရေးမှူး ဦးဗဆွေက သစ္စာအဓိဋ္ဌာန် ကိုးချက်ကိုတိုင်ပေးပြီး လူထုကြီးက လိုက်ဆိုခဲ့ကြရာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

အောင်စေသတည်း၊ မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလဆုတ် ၉ရက်၊ ခရစ်နှစ် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် တနင်္ဂနွေနေ့ ကောင်းမြတ်သော မင်္ဂလာအခါ၌ ငါတို့မြန်မာပြည်သည် လုံးဝလွတ်လပ်သော အချုပ်အခြာ အာဏာပိုင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအဖြစ်သို့ ရောက်သတည်း။

၁။ ငါတို့သည်၊ ဤနေ့ ဤချိန်မှစ၍ ငါတို့အား လွတ်လပ်သောလမ်းသို့ပို့ဆောင်ခဲ့သော ငါတို့၏ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းချမှတ်ခဲ့သည့် လမ်းစဉ်အတိုင်း တစ်သဝေမတိမ်း ချီတက်မည်။

၂။ ငါတို့သည် ဤနေ့ဤအချိန်မှစ၍ ငါတို့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး၏ သစ္စာကို မသွေမဖည်စောင့်ထိန်းမည်။

၃။ ငါတို့သည် ဤနေ့ဤအချိန်မှစ၍ လွတ်လပ်သောနိုင်ငံသားတို့၏ မှန်မြတ်သော အခွင့်အရေးကို ခံယူသည့်နည်းတူ လွတ်လပ်သောနိုင်ငံသားတို့၏ တာဝန်ဝတ္တရားကိုလည်း မတိမ်းမငဲ့ ထမ်းဆောင်မည်။

**စာမျက်နှာ ၅ သို့ á**

## (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၅၀၁ ဧက စိုက်ပျိုးပြီးစီး၊ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ထီးချိုင့် ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၅၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမို စိုက်ပျိုးနိုင်ခဲ့ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ထောပတ်ပဲဧက ၃၄၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၅၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ ထောပတ်ပဲဧက ၃၄၅၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၃၅၀၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ထောပတ်ပဲစိုက်ပျိုးမှုကတော့ ဖြစ်ထွန်းအောင်မြင်ပါတယ်။ ထောပတ်ပဲဟာ ဈေးကွက်ဝင်သီးနှံဖြစ်တဲ့အတွက် အားထားစိုက်ပျိုးကြတာဖြစ်ပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် ထောပတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်း တိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေးအတွက် လိုအပ်သည့်နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ထောပတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။ (၂၀၆)

á စာမျက်နှာ ၄ မှအဆက်

၄။ ငါတို့သည် ဤနေ့ဤအချိန်မှစ၍ ငါတို့ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏လုံ့လဥဿာဟဖြင့်ရရှိပြီးဖြစ်သော အမျိုးသားညီညွတ်ရေးကိုကျောက်စိုင်ကျောက်ခဲကဲ့သို့ ခိုင်မာအောင်ထိန်းသိမ်းရမည်။

၅။ ငါတို့သည် ဤနေ့ဤအချိန်မှစ၍ ငါတို့နိုင်ငံသားဟူသရွေ့ကို ကြီးငယ် နီးဝေးမခြား၊ တစ်သွေးတစ်သားတည်းပြု၍ နည်းများနိမ့်မြင့် မရှိစေရ ညီတူညီမျှပြုမည်။

၆။ ငါတို့သည် ဤနေ့ဤအချိန်မှစ၍ သူတစ်ပါးကိုလည်း မတရားမပြု၊ ငါတို့အား မတရားပြုခြင်းကိုလည်းမခံ၊ အသက်နှင့်လဲ၍ ကာကွယ်မည်။

၇။ ငါတို့သည် ဤနေ့ဤအချိန်မှစ၍ ငါတို့နိုင်ငံတော်ကြီး၏ တရားဥပဒေကို ရိုသေစွာလိုက်နာကျင့်သုံးမည်။

၈။ ငါတို့သည် ဤနေ့ဤအချိန်မှစ၍ ငါတို့နိုင်ငံနှင့် ငါတို့လွတ်လပ်ရေးကို အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်မည်။

၉။ လုံးဝလွတ်လပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကမ္ဘာ အရှည်တည်မြဲရေးတာဝန်သည် ငါတို့နှင့်တကွ ငါတို့သားမြေးနောင်လာ အဆက်ဆက်တို့အပေါ်၌ တည်စေမည်ဟူ၍ဖြစ်သည်။

လွတ်လပ်ရေးကျောက်တိုင်ပတ်ပတ်လည်တွင် လွတ်လပ်ရေးကြေညာစာတမ်း၊ သစ္စာအဓိဋ္ဌာန် ကိုးချက်၊ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းကောက်နုတ်ချက်၊ သခင်နု၏ပါလီမန်နှင့် လွတ်လပ်ရေးကျောက်တိုင်အုတ်မြစ်ချမိန့်ခွန်းတို့ကို ကျောက်သားတွင်ထွင်းထုထား၍ ပြည်သူအများ ဖတ်ရှုနိုင်ကြသည်။ သို့သော် အချို့မှာ အမှုမဲ့၊ အမှတ်မဲ့သာနေကာ ကျော်လွှားသွားကြသည်ကို ဝမ်းနည်းဖွယ်ရာ မြင်တွေ့နေကြရသည်။ ထို့ကြောင့် လွတ်လပ်ရေးကြေညာစာတမ်းနှင့် လွတ်လပ်ရေးသစ္စာအဓိဋ္ဌာန် ကိုးချက်ပါအချက်များနှင့် ယနေ့လက်ရှိအခြေအနေများကို စိစစ်သုံးသပ်ကြည့်ပါက ကိုက်ညီကြပါရဲ့လားဟု စဉ်းစားကြည့်ကြစေချင်သည်။

ခေတ်အဆက်ဆက် အစိုးရအသီးသီးတို့က နှစ်စဉ် လွတ်လပ်ရေးနေ့ဝန်းကျင်တွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဟောပြောပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများ၊ သီဆိုကခုန်ဖျော်ဖြေမှုများ ကျင်းပပြုလုပ်ပေးနေခြင်းမှာ လွတ်လပ်ရေးအတွက် အသက်၊ သွေး၊ ချွေးများကို ပေးဆပ်ခဲ့ကြသူများ၏ ကျေးဇူးတရားမမေ့ကြစေရေးနှင့် သခင်ဘဝမှ ကျွန်ဘဝသို့ မရောက်စေရေးအတွက် တပ်လှန့်နှိုးဆော်ပေးနေခြင်းဖြစ်သည်။

**စာနာညီညာမှ ပြည်သာမည်**

**"မေတ္တာမဖက်၊ သစ္စာပျက်က၊ စစ်မက်လည်းပွား၊ ပြည်ချောက်ချား၍၊ တိုင်းကားမသာ၊ ပြည်ကြီးနာလိမ့်၊ ဖြဟ္မစိုရ်လေးဖြာ၊ တည်ကြခါမှ၊ သတ္တဝါဟူ၊ ဦးမည်းဖြူတို့၊ ရှင်လူခပင်း၊ ရောဂါကင်းလျက်၊ ဘေးကင်းရန်ကွာ၊ ဆင်းအင်္ဂါနှင့်၊ ချမ်းသာခွန်အား၊ သက်ရှည်ပွား၏"ဟု မဃဒေဝလင်္ကာမှာ ဆိုဆုံးမထားသည်။**

သို့သော် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်ရေးရရှိခဲ့သော်လည်း ၁၉၄၈ ခုနှစ် မတ် ၂၈ ရက်တွင် စတင်တောခိုခဲ့ကြသော ကွန်မြူနစ်ပါတီ (တစ်နည်းအားဖြင့်) စတင်ခဲ့သော ပြည်တွင်းစစ်က လွတ်လပ်ရေးသက်တမ်းနှင့်အတူ သက်ဆိုးရှည်နေသည်မှာ နိုင်ငံနှင့်လူမျိုးကို အလွန်ပင်ထိခိုက်နစ်နာလှကြောင်း ပြည်သူအများ နားလည်သဘောပေါက်နေကြသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲပြီး သူတစ်လူ ငါတစ်မင်း စစ်ခင်းနေကြသည့် ပြည်တွင်းစစ်များငြိမ်းအေးသွားကြပါမှ နိုင်ငံသာယာဝပြောပြီး နိုင်ငံနှင့်လူမျိုးလည်း အဓွန့်ရှည်တည်တံ့နေမည်ကို တိုင်းရင်းသားပြည်သူအားလုံး နှလုံးသွင်းဆင်ခြင်ကြရန် အထူးပင်လိုအပ်လှသည်။ နေပူထဲရောက်မှ အေးရိပ်အာဝါသ၏တန်ဖိုးကို သိကြရသည်။ သူ့ကျွန်ဖြစ်မှ သခင်ဘဝကို တမ်းတမိကြသည်။ ဒုက္ခကိုတွေ့မှ သုခ၏အရသာကို နှမြောနေမိကြသည်။ နွားကွဲသဖြင့် ကျားဆွဲခံကြရသည်။ ဇာတ်တူသားစားသဖြင့် ဟသ်ာကိုးသောင်းပျက်ကိန်းရှိခဲ့သည်။ သားစဉ်မြေးမြစ်ဆိုထုံးဖြစ်ခဲ့ကြသော သာဓကများ၊ စကားပုံများ၊ လမ်းညွှန်ချက်များများစွာရှိရာ အလေးထားကြစေချင်သည်။

သို့ဖြစ်ရာ ကမ္ဘာသိကြေညာထားသော **"လွတ်လပ်ရေးကြေညာစာတမ်း"**နှင့်အညီ ထာဝရလွတ်လပ်ရေးအတွက် သွေးစည်းညီညွတ်စွာဖြင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် ညီညာဖြဖြ ကြိုးပမ်းထမ်းရွက်ကြပါမှ မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် ထာဝစဉ်တည်တံ့ဝင့်ထည်စွာ ရပ်တည်သွားနိုင်မည်ဖြစ်ကြောင်း စေတနာကောင်းဖြင့် ဆန္ဒမွန်ပြုရေးသားလိုက်ရပါသည်။

## ရေလျှောက်သောလမ်း

– လေးထောင့်ခွက်၌
ဖြည့်စွက်သည်တွင် အေးဆေးမြင်ရ
ရေသွင်လေးထောင့် နေသည်ကြောင့်။

– ဝိုင်းဝိုင်းစက်စက် ပုံစံခွက်၌
ဖြည့်စွက်သည်တွင် တည်ငြိမ်မြင်ရ
ရေသွင်ဝိုင်းစက် နေသည့်တွက်။

– အေးလွန်ပြင်းထန် လောကဓံနှင့်
ရုံခါကြုံရ သောကာလဝယ်
ဘဝပြောင်းသစ် ရေခဲဖြစ်၍.....။

– ပူလောင်ပြင်းထန် လောကဓံနှင့်
ကြုံပြန်ကာလ တဒင်္ဂ၌
ဘဝသစ်ထူ ရေငွေ့ဟူ၍.....။

– ဆားခတ်ကြွယ်သည့်
ပင်လယ်ပြာပြာ စွန့်၍ခွာသော်
ရသာငန်ပျ လျှပ်ခါချလျက်
စပြု မြစ်ညာ ရေသန့်ရွာ၍.....။

– ပတ်ဝန်းကျင်နှင့်
အဆင်ပြေပြေ နေတတ်လေတော့
ရေစင်သီတာ ဤကမ္ဘာ၌
ထာဝရမြင် အသွင်သွင်နှင့်
ရှင်သန်လမ်းစ ဒဿန
ကြည့်တတ်သည်တွင် ငါမြင်ရ။ ။

**ချစ်စုအောင်**

## မင်းလှမြို့နယ် အရှေ့သင်အိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**မင်းလှ ဒီဇင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အရှေ့သင်အိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အရှေ့သင်အိုင်ကျေးရွာရှိစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၁ ဦးကို ငွေကျပ် ၄၄ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၂ ဒသမ ၇ သန်း၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ်သုည ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

## နိုင်ငံတကာ သတင်းများ

# ထိုင်းနှင့် ကမ္ဘောဒီးယား နယ်စပ်ကော်မတီများ သုံးရက်ကြာဆွေးနွေးပွဲ စတင်ကျင်းပ



**ဗန်ကောက် ဒီဇင်ဘာ ၂၅**

လက်ရှိဖြစ်ပွားနေဆဲ နယ်စပ်ပဋိပက္ခများ အဆုံးသတ်ရေးအတွက် ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံ နယ်စပ်ကော်မတီများ ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၄ ရက်တွင် စတင်ကျင်းပနေကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နှစ်ဖက်ပြည်သူ အနည်းဆုံး ၈၆ ဦး သေဆုံးခဲ့သည့် နှစ်နိုင်ငံနယ်စပ်ပဋိပက္ခများ ၁၆ ရက်အတွင်း ဝင်ရောက်လာချိန်တွင် နှစ်နိုင်ငံ နယ်စပ်ကော်မတီ ဆွေးနွေးပွဲများကို ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့က စတင်ကျင်းပနေခြင်းဖြစ်သည်။

သုံးရက်ကြာကျင်းပမည့် နှစ်နိုင်ငံ နယ်စပ်ကော်မတီ ဆွေးနွေးပွဲများသည် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ပြန်လည်ရယူရေးအတွက် လမ်းဖွင့်ပေးနိုင်ကြောင်း ထိုင်းကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားထားသည်။

ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် လက်ရှိ နယ်စပ်ပဋိပက္ခများ အဆုံးသတ်နိုင်ရေးအတွက် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ပြန်လည်ရယူရေး ဆွေးနွေးပွဲများ ပြန်လည်စတင်ရန် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သော အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် သဘောတူထားကြသည်။

ထို့ပြင် ထိုင်းနှင့်ကမ္ဘောဒီးယားနိုင်ငံတို့သည် ယခုနှစ် ဇူလိုင်လကလည်း ငါးရက်ကြာ နယ်စပ်ပဋိပက္ခများဖြစ်ပွားခဲ့ရာ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ ကြားဝင်မှုဖြင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရယူခဲ့ဖူးသည်။

နယ်စပ်ချင်း မိုင် ၅၀၀ ကျော် ထိစပ်နေသည့် ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ရှေးယခင်ကတည်းက နယ်စပ်အငြင်းပွားမှု ပြဿနာများကြောင့် ပဋိပက္ခများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ရုရှားလေတပ်မှ တီယူ-၉၅ အမျိုးအစား မဟာဗျူဟာဗုံးကြဲလေယာဉ်များ နော်ဝေဂျီယံနှင့် ဘာရန်းပင်လယ်တို့၌ ကင်းလှည့်ပျံသန်း



**မော်စကို ဒီဇင်ဘာ ၂၅**

ရုရှားလေတပ်မှ နျူကလီးယား လက်နက် သယ်ဆောင်နိုင်သော မဟာဗျူဟာ ဗုံးကြဲလေယာဉ်များသည် နော်ဝေဂျီယံပင်လယ်နှင့် ဘာရန်းပင်လယ်တို့၌ ကင်းလှည့်ပျံသန်းခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရုရှား ကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ နော်ဝေဂျီယံပင်လယ်နှင့် ဘာရန်းပင်လယ်တို့၌ ကင်းလှည့်ပျံသန်းခဲ့သော လေယာဉ်များမှာ တီယူ- ၉၅ အမျိုးအစား မဟာဗျူဟာ ဗုံးကြဲလေယာဉ်များဖြစ်ကြောင်း သိရသည်။

အဆိုပါ တီယူ- ၉၅ ဗုံးကြဲလေယာဉ်များကို စောင့်ကြည့်ရေးအတွက် ပြည်ပနိုင်ငံအချို့က တိုက်လေယာဉ်များ စေလွှတ်ခဲ့ကြောင်း ရုရှား ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် တီယူ- ၉၅ မဟာဗျူဟာ ဗုံးကြဲလေယာဉ်များ နော်ဝေဂျီယံပင်လယ်နှင့် ဘာရန်းပင်လယ်ဒေသတို့၌ ကင်းလှည့်ပျံသန်းခဲ့သည့်နေ့ကို ရုရှား ကာကွယ်ရေး ဝန်ကြီးဌာနက ထုတ်ဖော် ပြောကြားခဲ့ခြင်းမရှိကြောင်း သိရသည်။

ရုရှားတပ်မတော်သည် ကမ္ဘာ့ဒေသအများအပြား၌ မဟာဗျူဟာ ဗုံးကြဲလေယာဉ်များဖြင့် ကင်းလှည့်ပျံသန်းမှုများကို ပုံမှန်ပြုလုပ်လေ့ရှိသည်။

ထို့ပြင် ယခုလအစောပိုင်းကလည်း ရုရှား မဟာဗျူဟာဗုံးကြဲလေယာဉ်များသည် တရုတ်လေတပ် မဟာဗျူဟာဗုံးကြဲလေယာဉ်များနှင့်ပူးတွဲ၍ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့အနီး ကင်းလှည့်ပျံသန်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတည်ဆောက်ရေးလုပ်ငန်းခွင်သို့ မြောက်ကိုရီးယားခေါင်းဆောင် ကြည့်ရှုစစ်ဆေး

**ပြုံယမ်း ဒီဇင်ဘာ ၂၅**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် သမီးဖြစ်သူ ဂျူအေးနှင့်အတူ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးခဲ့သည်ဟု ကေစီအင်န်အေ သတင်းဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ထို့ပြင် မြောက်ကိုရီးယားခေါင်းဆောင်နှင့် သမီးဖြစ်သူတို့သည်မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်မှုကိုလည်း ကြီးကြပ်ကွပ်ကဲခဲ့ကြောင်း ကေစီအင်န်အေသတင်းဌာန၏ အဆိုအရ သိရသည်။

မြောက်ကိုရီးယားခေါင်းဆောင်နှင့် သမီးဖြစ်သူတို့သည် ဒီဇင်ဘာ ၂၄ ရက်တွင် ရေငုပ်သင်္ဘောတည်ဆောက်ရေး လုပ်ငန်းကို သွားရောက် ကြည့်ရှုစစ်ဆေး၍ ဒုံးကျည်စမ်းသပ်မှုများကို ကြီးကြပ်ကွပ်ကဲခဲ့ခြင်းဖြစ်သည်။



မြောက်ကိုရီးယား တပ်မတော်သည် ဒီဇင်ဘာ ၂၄ ရက် ဒုံးကျည်စမ်းသပ်မှုများကို မြောက်ကိုရီးယားနိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စမ်းသပ်မှုတွင် ပစ်လွှတ်သည့် ဒုံးကျည်များသည် ကီလိုမီတာ ၂၀၀ အကွာရှိ လေထုလွှာအတွင်းမှ ပစ်မှတ်များကို ထိမှန်ခဲ့ကြောင်း ကေစီအင်န်အေ သတင်းဌာနက ဖော်ပြထားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ဒီဇင်ဘာ ၂၄ ရက်တွင် သွားရောက်စစ်ဆေးခဲ့သည့် ရေငုပ်သင်္ဘော တည်ဆောက်ရေးလုပ်ငန်းမှာ တန်ချိန် ၈၇၀၀ ရှိ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတည်ဆောက်ရေး လုပ်ငန်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ပီရူးသမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် သမ္မတလောင်း ၃၄ ဦး အမည်စာရင်း တင်သွင်း

**လီမာ ဒီဇင်ဘာ ၂၅**

လာမည့်နှစ်အတွင်း ကျင်းပမည့် ပီရူးသမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် မှတ်ပုံတင်ထားသည့် သမ္မတလောင်းမှာအနည်းဆုံး ၃၄ ဦးထိရှိကြောင်း ပီရူးရွေးကောက်ပွဲကော်မရှင်က ဒီဇင်ဘာ ၂၄ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းထားသည့် သမ္မတလောင်းဦးရေမှာ ပြီးခဲ့သည့် နှစ်များအတွင်း နိုင်ငံရေး တည်ငြိမ်မှုပျက်ပြားခဲ့ရသော ပီရူးနိုင်ငံအတွက် စံချိန်တင်များပြားသည့် အမတ်လောင်းဦးရေဖြစ်သည်။

ပီရူးနိုင်ငံသည် ၂၀၂၆ ခုနှစ် ဧပြီ ၁၂ ရက်တွင် သမ္မတရွေးကောက်ပွဲကျင်းပရန် စီစဉ်ထားသည်။

၂၀၂၁ ခုနှစ်တွင် နောက်ဆုံးကျင်းပခဲ့သည့် ပီရူးသမ္မတရွေးကောက်ပွဲတွင် သမ္မတလောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့သူဦးရေမှာ ၁၈ ဦးထိသာ ရှိခဲ့ခြင်းဖြစ်သည်။

ပီရူး ရွေးကောက်ပွဲကော်မရှင်သည် သမ္မတရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်မည့် သမ္မတလောင်းများ၏ အပြီးသတ်စာရင်းကို ၂၀၂၆ ခုနှစ် မတ် ၁၄ ရက်တွင် ထုတ်ပြန်ရန်စီစဉ်ထားသည်။

၂၀၂၆ ခုနှစ် ဧပြီ ၁၂ ရက် ရွေးကောက်ပွဲတွင် အနိုင်ရလဒ်ပြတ်သားမှုမရှိခဲ့ပါက ထိုနှစ် ဇွန် ၇ ရက်တွင် ဒုတိယအကျော့ သမ္မတရွေးကောက်ပွဲကို ပြန်လည်ကျင်းပပေးမည် ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# အနောက်ဘက်ကမ်းခြေဒေသ ဂျူးအခြေစိုက် အိမ်ရာသစ်များ တည်ဆောက်မည့်အစီအစဉ်ကို ကမ္ဘာ့နိုင်ငံ ၁၄ နိုင်ငံက ရှုတ်ချ

**ပဲရစ် ဒီဇင်ဘာ ၂၅**

အနောက်ဘက်ကမ်းခြေဒေသ၌ ဂျူးအခြေစိုက် အိမ်ရာစခန်းသစ်များ ထပ်မံတည်ဆောက်မည့် အစ္စရေးအစိုးရ၏ အစီအစဉ်ကို ပြင်သစ်၊ ဗြိတိန်၊ ဂျာမနီနိုင်ငံတို့ အပါအဝင် နိုင်ငံ ၁၄ နိုင်ငံတို့က ဒီဇင်ဘာ ၂၄ ရက်တွင် ဝေဖန်ရှုတ်ချခဲ့ကြကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အနောက်ဘက်ကမ်းခြေဒေသ၌ ဂျူးအခြေစိုက်အိမ်ရာစခန်းသစ် ၁၉ ခု တည်ဆောက်ရေးအစီအစဉ်ကို အစ္စရေးအစိုးရက ပြီးခဲ့သည့်ရက်ပိုင်းအတွင်း အတည်ပြုထားသည်။

သို့ရာတွင် အဆိုပါအစီအစဉ်ကို ကမ္ဘာ့နိုင်ငံပေါင်း ၁၄ နိုင်ငံတို့က ဝေဖန်ရှုတ်ချခဲ့ပြီး အနောက်ဘက်ကမ်းခြေဒေသကို အစ္စရေးအချုပ်အခြာအောက် ထည့်သွင်းမှုပုံစံမှန်သမျှကို မိမိတို့ လက်ခံမည်မဟုတ်ကြောင်း ပူးတွဲကြေညာချက် ထုတ်ပြန်ထားသည်။

ထို့ပြင် အနောက်ဘက်ကမ်းခြေဒေသ၌ ဂျူးအခြေစိုက်အိမ်ရာသစ်များ ထပ်မံတည်ဆောက်မည့် အစီအစဉ်ကြောင့် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးကြိုးပမ်းမှုများ ထိခိုက်သွားနိုင်ကြောင်း အဆိုပါ ပူးတွဲကြေညာချက်၌ ဖော်ပြထားသည်။

ယင်း ပူးတွဲကြေညာချက်ကို ဘယ်လ်ဂျီယံ၊ ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ အိုက်စလန်၊ အိုင်ယာလန်၊ ဂျပန်၊ မော်လ်တာ၊ နယ်သာလန်၊ နော်ဝေ၊ ဗြိတိန်၊ စပိန်နိုင်ငံတို့က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အစ္စရေးနိုင်ငံသည် ၁၉၆၇ ခုနှစ် အရှေ့အလယ်ပိုင်း ပဋိပက္ခကာလအတွင်း ပါလက်စတိုင်းဒေသတစ်ခုဖြစ်သော အနောက်ဘက်ကမ်းခြေဒေသကို သိမ်းပိုက်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက လောင်းမတ်ချ်-၁၂ အေဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်ကို သတ်မှတ်ပတ်လမ်းဆီသို့ အောင်မြင်စွာလွှတ်တင်နိုင်ခဲ့



ပေကျင်း ဒီဇင်ဘာ ၂၅

တရုတ်အမျိုးသား အာကာသ အေဂျင်စီက လောင်းမတ်ချ်-၁၂ အေဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်ကို သတ်မှတ်ပတ်လမ်းဆီသို့ အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း ဒီဇင်ဘာ ၂၄ ရက် သတင်းများအရ သိရသည်။

တရုတ်အမျိုးသားအာကာသ အေဂျင်စီသည် အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်ရေးအတွက် ပုံစံထုတ် တည်ဆောက်ထားသော လောင်းမတ်ချ်-၁၂ အေ ဒုံးပျံကို ပထမဆုံးအကြိမ်အဖြစ် စမ်းသပ်လွှတ်တင်ခဲ့ကြောင်း သိရသည်။

စမ်းသပ်လွှတ်တင်ရာတွင် လောင်းမတ်ချ်-၁၂ အေ၏ ပထမအဆင့် ပင်မဒုံးယာဉ်ကို ပြန်လည်ရယူနိုင်မှုမရှိခဲ့ကြောင်း တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံသည် ပြီးခဲ့သည့်နှစ်များအတွင်း ဒုံးပျံအမြောက်အမြား လွှတ်တင်နိုင်ခဲ့သော်လည်း ဒုံးပျံလွှတ်တင်ပြီးနောက် ဒုံးပျံပထမအဆင့် ပင်မဒုံးယာဉ်ပြန်လည်ရယူမှု နည်းပညာကို စမ်းသပ်နေဆဲဖြစ်ကြောင်း သိရသည်။

လောင်းမတ်ချ်-၁၂အေ ဒုံးပျံသည် တရုတ်အာကာသသိပ္ပံနှင့်နည်းပညာ ကော်ပိုရေးရှင်းက တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## အင်နိုစပေ့စ်အာကာသနည်းပညာကုမ္ပဏီက ဟန်းဘစ်-နာနိုဒုံးပျံကို ပထမဆုံးအကြိမ် စမ်းသပ်လွှတ်တင်ရာတွင် အောင်မြင်မှုမရခဲ့

ဆိုးလ် ဒီဇင်ဘာ ၂၅

တောင်ကိုရီးယား အခြေစိုက် အင်နိုစပေ့စ်အာကာသနည်းပညာကုမ္ပဏီသည် ၎င်း၏ဟန်းဘစ်-နာနို အမည်ရှိဒုံးပျံကို ပထမဆုံးအကြိမ် စမ်းသပ်လွှတ်တင်ခဲ့ရာ အောင်မြင်မှုမရခဲ့ကြောင်း ဒီဇင်ဘာ ၂၄ ရက် သတင်းများအရ သိရသည်။

အင်နိုစပေ့စ်ကုမ္ပဏီသည် ဟန်းဘစ်-နာနို ဒုံးပျံကို ဘရာဇီးနိုင်ငံ အယ်လီကန်တာရာ အာကာသ စခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဟန်းဘစ်-နာနို ဒုံးပျံသည် လွှတ်တင်ပြီး တစ်မိနစ်ခန့်အကြာတွင် မြေပြင်ပေါ် ပြန်လည်ပျက်ကျခဲ့ကြောင်း အင်နိုစပေ့စ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ဟန်းဘစ်-နာနို ဒုံးပျံပျက်ကျခဲ့ရခြင်း နောက်ခံအကြောင်းတရားကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်ကြောင်း အင်နိုစပေ့စ်ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

ဟန်းဘစ်-နာနို ဒုံးပျံသည် ကိုယ်ထည်အလျား ၅၇ ပေရှိသည့် အဆင့်နှစ်ဆင့်ပါ ဒုံးပျံဖြစ်ပြီး မစ်ရှင်အတွက် ဂြိုဟ်တုငယ်ငါးစင်း သယ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါဒုံးပျံသည် အလေးချိန် ကီလိုဂရမ် ၉၀ ရှိသည့် အသေးစားဂြိုဟ်တုများကို ကမ္ဘာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ရန် ရည်ရွယ်တည်ဆောက်ထားသည့် ဒုံးပျံဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



## ကမ္ဘာဂြိုဟ်လေ့လာရေးဂြိုဟ်တုကို Rocket Lab ကုမ္ပဏီလွှတ်တင်



ဝါရှင်တန် ဒီဇင်ဘာ ၂၅

အမေရိကန်နိုင်ငံ အခြေစိုက် Rocket Lab ကုမ္ပဏီသည် ဆူကူနာမီ-၁ အမည်ရှိ ကမ္ဘာဂြိုဟ်လေ့လာရေးဂြိုဟ်တု တစ်စင်းကို ဒီဇင်ဘာ ၂၄ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

ဆူကူနာမီ-၁ ကမ္ဘာဂြိုဟ်လေ့လာရေးဂြိုဟ်တုကို သယ်ဆောင်ထားသည့် အီလက်ထရွန်နစ်ဒုံးပျံကို နယူးဇီလန်နိုင်ငံမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် အီလက်ထရွန်နစ် ဒုံးပျံသည် ဆူကူနာမီ-၁ ဂြိုဟ်တုကို ကမ္ဘာမြေပြင်အထက် အမြင့် ၃၅၇ မိုင်အကွာရှိ ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်ဟု Rocket Lab ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဆူကူနာမီ-၁ (QPS-SAR-18) ဂြိုဟ်တုသည် ဂျပန်အခြေစိုက် iQPS ကုမ္ပဏီက ပိုင်ဆိုင်သည့် ကမ္ဘာဂြိုဟ်လေ့လာရေးဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

ဆူကူနာမီ-၁ ဂြိုဟ်တုမစ်ရှင်သည် Rocket Lab ကုမ္ပဏီအတွက် ၂၀၂၅ ခုနှစ်၏ နောက်ဆုံးမစ်ရှင်ဖြစ်ကြောင်း သိရသည်။

Rocket Lab ကုမ္ပဏီသည် ၂၀၂၅ ခုနှစ်အတွင်း iQPS ကုမ္ပဏီအတွက် မစ်ရှင်ခြောက်ခုအပါအဝင် မစ်ရှင်ပေါင်း ၂၁ ခုကို အီလက်ထရွန်ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# HEALTH

## ဘရာဇီးနိုင်ငံတွင် ပေါက်သည့်ဆေးပင်တစ်မျိုးက အဆစ်အမျက်ရောင်ရမ်းကိုက်ခဲမှုကိုလျှော့ချနိုင်

ဘရာဇီးလီးယား ဒီဇင်ဘာ ၂၅

ဘရာဇီးနိုင်ငံ၌ ပေါက်ရောက်သည့်ဆေးပင်တစ်မျိုးသည် အဆစ်အမျက် ရောင်ရမ်းမှုရောဂါသည်များ၏ဒုက္ခဝေဒနာကို လျှော့ချပေးနိုင်ကြောင်း ဒီဇင်ဘာ ၂၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆစ်အမျက်ရောင်ရောဂါ (Osteoarthritis)ကို လေ့ကျင့်ခန်းပြုလုပ်မှု၊ ကိုယ်အလေးချိန်လျှော့ချမှု၊ ဆေးဝါးကုထုံးများရယူမှုတို့ဖြင့် ကုသရန် ဆေးပညာရှင်များက ညွှန်ကြားထားသည်။

သို့ရာတွင် အထက်ပါကုထုံးများမှာ အဆစ်အမျက်ရောင်ရောဂါလူနာများ၏ နာကျင်ကိုက်ခဲမှုပြဿနာကိုဖြေရှင်းရာတွင် အကန့်အသတ်များရှိနေဆဲဖြစ်သည်။

သို့သော် ဘရာဇီးသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Alternanthera Littoralis ခေါ် ဆေးပင်တစ်မျိုးသည် အဆစ်အမျက်ရောင်ရောဂါနာကျင်ကိုက်ခဲမှုများကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

ကြွက်များတွင် ပြုလုပ်သည့် လက်တွေ့စမ်းသပ်မှုမှ ပေါ်ထွက်လာသောရလဒ်များအရ Alternanthera Littoralis ဆေးပင်သည် အဆစ်အမျက်များ ရောင်ရမ်းမှု၊ နာကျင်ကိုက်ခဲမှုတို့ကို လျှော့ချနိုင်ကြောင်းတွေ့ရသည်ဟု ဘရာဇီး သုတေသန ပညာရှင်များက ပြောကြားသည်။

Alternanthera Littoralis ဆေးပင်သည် ဘရာဇီးနိုင်ငံကမ်းရိုးတန်းဒေသများတွင် ပေါက်ရောက်တတ်ပြီး ဗက်တီးရီးယားကူးစက်ရောဂါ၊ မှိုစွဲရောဂါနှင့် ကပ်ပါးပိုးကူးစက်ရောဂါများကို ကုသရာတွင် အသုံးပြုကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## စိတ်ကျဝေဒနာ လက္ခဏာခြောက်မျိုးက Dementia ဖြစ်နိုင်ခြေနှင့်ဆက်စပ်နေ

လန်ဒန် ဒီဇင်ဘာ ၂၅

သက်လတ်ပိုင်းအရွယ်တွင် ပေါ်ထွက်လာနိုင်သည့် စိတ်ကျဝေဒနာ လက္ခဏာ ခြောက်မျိုးသည် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ(Dementia)ဖြစ်နိုင်ခြေမြင့်တက်လာမှုနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ ဒီဇင်ဘာ ၂၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ လန်ဒန်ကောလိပ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Dementia ရောဂါဖြစ်နိုင်ခြေမြင့်တက်လာနိုင်မှုသည် စိတ်ကျဝေဒနာရောဂါလက္ခဏာ ခြောက်မျိုးနှင့်ဆက်စပ်နေသည်။

အထက်ပါ စိတ်ကျရောဂါလက္ခဏာ ခြောက်မျိုးမှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုဆုံးရှုံးခြင်း၊ ပြဿနာများဖြေရှင်းရခက်ခဲလာခြင်း၊ အခြားသူများအပေါ်နွေးထွေးချစ်ခင်မှုကင်းမဲ့လာခြင်း၊ စိုးရိမ်သောကဝင်ရောက်ခြင်း၊ အလုပ်လုပ်ကိုင်ရပုံ မကျေမနပ်ဖြစ်နေခြင်းနှင့် အာရုံစူးစိုက်နိုင်ရန် ခက်ခဲခြင်းတို့ဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အထူးသဖြင့် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု ပျောက်ဆုံးခြင်းနှင့် ပြဿနာကိုဖြေရှင်းရခက်ခဲမှုတို့မှာ Dementia ရောဂါဖြစ်နိုင်ခြေ ၅၀ ရာခိုင်နှုန်း မြင့်တက်လာနိုင်မှုနှင့် ဆက်စပ်နေကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် သက်လတ်ပိုင်းအရွယ်လူပေါင်း ၆၀၀၀ ခန့်တို့၏ အချက်အလက်များကို လေ့လာပြီးနောက် တင်ပြခဲ့ကြခြင်းဖြစ်သည်။

Ref : Russia Today
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဒဏ်ရာမှပြန်လည်သက်သာလာခဲ့သည့် ချဲလ်ဆီးတိုက်စစ်မှူးဒီလက် အေဗီလာအသင်းနှင့် ပွဲစဉ်တွင် ပြန်လည်ပါဝင်ဖွယ်ရှိ

လန်ဒန် ဒီဇင်ဘာ ၂၅

ချဲလ်ဆီးအသင်း တိုက်စစ်မှူး ဒီလက်သည် ပခုံးဒဏ်ရာကြောင့် အနားယူနေခဲ့ရာမှ ပြန်လည် သက်သာလာခဲ့သဖြင့် အေဗီလာ အသင်းနှင့်ပွဲစဉ်တွင် ပါဝင်ကစား နိုင်ဖွယ်ရှိနေကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြ ထားသည်။

ဒီလက်သည် ဒီဇင်ဘာ ၆ ရက် က ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ကစားခဲ့သည့် ချဲလ်ဆီးအသင်းနှင့် ဘုန်းမောက်အသင်းတို့ ပွဲစဉ်တွင် ပခုံးဒဏ်ရာရရှိခဲ့ပြီးနောက် အနား ယူနေခဲ့ရာ ယခုအခါ ဒဏ်ရာမှ ပြန်လည် သက်သာလာခဲ့ပြီး အသင်းနှင့်အတူ လေ့ကျင့်ခန်းများ လုပ်ဆောင်နေပြီ ဖြစ်သဖြင့် အေဗီလာအသင်းနှင့် ကစားမည့် ပွဲစဉ်ကို ပြန်လည်ပါဝင်နိုင်မည် ဖြစ်သည်။

ဒီလက်သည် ပခုံးဒဏ်ရာကြောင့် အနားယူနေခဲ့ရသည့် အတွက် အတ္တလန်တာအသင်းနှင့် ချန်ပီယံ လိဂ်ပွဲစဉ်၊ အဲဗာတန်အသင်း၊ နယူး ကာဆယ်အသင်းတို့နှင့် ပရီးမီး ယားလိဂ်ပွဲစဉ်၊ ကာဒစ်အသင်းနှင့် ကစားခဲ့သည့် ကာရာဘောင်း ဖလားပွဲစဉ်တို့ကို လွဲချော်ခဲ့သည်။

ဒီလက်သည် ပြီးခဲ့သည့် ဘောလုံးရာသီက အစ်စ်ဗီချ်အသင်း နှင့်အတူ သွင်းဂိုး ၁၂ ဂိုး သွင်းယူခဲ့ သော်လည်း ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ပရီးမီးယား လိဂ်ပြိုင်ပွဲ ရှစ်ပွဲတွင် တစ်ဂိုးမျှ သွင်းယူထားခြင်းမရှိဘဲ ရုန်းကန် နေရခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် ပရီးမီး ယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၈)အဖြစ် ဒီဇင်ဘာ ၂၈ ရက်တွင် အေဗီလာ အသင်းကို အိမ်ကွင်း၌ လက်ခံ ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Sky Sports
Trs : STA



## အားကစားသတင်းအတိုအထွာများ

- မန်စီးတီးအသင်းက လေဗာကူဆင်အသင်းသို့ အငှားချထား သည့် အယ်ချီဗာရီကို စာချုပ်ဖျက်သိမ်း၍ အကျိုးတူ ပူးပေါင်း ထားသည့် ဂျီရိုနာအသင်းသို့ အငှားပြန်လည်စေလွှတ်ရန် စီစဉ် ထားကြောင်း သိရသည်။
- ချဲဆီးလ်တောင်ပံကစားသမား စတားလင်းကို နယူးကာဆယ် အသင်းက အပြီးသတ်ဝယ်ယူခွင့်ပါဝင်သည့် အငှားစာချုပ် ပြောင်းရွှေ့ကြေး ယူရို ၂၅ သန်းဖြင့် ခေါ်ယူနိုင်ရန် ကြိုးပမ်း လျက်ရှိသည်။
- ဘုန်းမောက်အသင်းတွင် ခြေစွမ်းပြကစားနေသည့် ခံစစ်ကစား သမားဆီနီဆီကို အေတီကိုအသင်းနှင့်ဘာစီလိုနာအသင်းတို့က အပြိုင်ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။ ML

# Espn ၏ Breakout Fighter of the Year ဆုကို ဂျိုရှုအာဗန် ဆွတ်ခူး

ရန်ကုန် ဒီဇင်ဘာ ၂၅

နာမည်ကြီး သတင်းဌာနတစ်ခု ဖြစ်သည့် Espn က ပေးအပ်သည့် Breakout Fighter of the Year ဆုကို မြန်မာနွယ်ဖွား UFC ဖလိုင်း ဝိတ်တန်းချန်ပီယံ ဂျိုရှုအာဗန်က ဆွတ်ခူးခဲ့ကြောင်း သိရသည်။

Espn သတင်းဌာနသည် UFC ပြိုင်ပွဲများကို တိုက်ရိုက်ထုတ်လွှင့် ပြသနေသည့် ရုပ်သံလိုင်းများမှ တစ်ခု အပါအဝင်အဖြစ်ပြီး UFC ပြိုင်ပွဲ၏ တစ်နှစ်တာအကောင်း ဆုံးဆုများကို ရွေးချယ်ပေးအပ်ခြင်း ဖြစ်သည်။



Espn က UFC ပြိုင်ပွဲအတွက် တစ်နှစ်တာ အကောင်းဆုံးဆုများ ကို ငါးဆု ပေးအပ်ချီးမြှင့်ခဲ့ခြင်း ဖြစ်ပြီး ဆုများကို ဆန်ခါတင်စာရင်း ရွေးချယ်ကာ ပရိသတ်များထံမှ ဆန္ဒမဲကောက်ယူပြီး ရွေးချယ် ပေးအပ်ခြင်းဖြစ်သည်။

Espn က UFC ပြိုင်ပွဲ၏ တစ်နှစ်တာ အကောင်းဆုံးဆု ငါးဆုမှ အကောင်းဆုံး ပြိုင်ပွဲဆု ဖြစ်သည့် Best event of the Year ဆုကို ဂျိုရှုအာဗန်ပါဝင် ထိုးသတ်ခဲ့သည့် UFC 317 ပြိုင်ပွဲ က ရရှိခဲ့ပြီး အဆိုပါပြိုင်ပွဲတွင် ဂျိုရှုအာဗန်အနေဖြင့် အဓိက တွဲဆိုင်းအဖြစ် အမေရိကန်ဖိုက်တာ ဘရန်ဒန်ရွိုဗာနှင့် ထိုးသတ်ခဲ့ရာ အနိုင်ရရှိခဲ့သည်။

ထို့ပြင် ဂျိုရှုအာဗန်သည် UFC ပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံး ဖိုက်တာဆုအတွက် နောက်ဆုံး ဆန်ခါတင်စာရင်းတွင် ပါဝင်ခဲ့ပြီး ဆုနှင့် လွဲချော်ခဲ့ရသော်လည်း Breakout Fighter of the Year ဆုကို ဆန္ဒမဲ ၆၉ ရာခိုင်နှုန်းဖြင့် ရရှိ ခဲ့ကြောင်း သိရသည်။

STA

# လာလီဂါတစ်လတာ အကောင်းဆုံးကစားသမားစာရင်းတွင် ဘာစီလိုနာနှင့် ရီးရဲလ်မက်ဒရစ်မှ ကစားသမားများ ထိပ်ဆုံး၌ ရေပန်းစားနေ

မက်ဒရစ် ဒီဇင်ဘာ ၂၅

၂၀၂၅ ဒီဇင်ဘာလအတွက် တစ်လတာ အကောင်းဆုံးဆု ကစားသမားစာရင်း ထုတ်ပြန်ခဲ့ရာ ဘာစီလိုနာအသင်းနှင့် ရီးရဲလ် မက်ဒရစ်အသင်းတို့မှ ကစားသမား များ ထိပ်ဆုံး၌ ရေပန်းစားနေ ကြောင်း GFFN သတင်းဝက်ဘ် ဆိုက်က ယနေ့တွင် ဖော်ပြ ထားသည်။

လက်ရှိ ထုတ်ပြန်ခဲ့သည့် ဒီဇင်ဘာလအတွက် တစ်လတာ အကောင်းဆုံး ကစားသမားစာရင်း တွင် ရီးရဲလ်မက်ဒရစ်တိုက်စစ်မှူး အမ်ဘက်ပီက ဘီလ်ဘာအိုအသင်း ကို အနိုင်ရခဲ့သည့် ပွဲစဉ်တွင် သွင်းဂိုး နှစ်ဂိုး၊ အလာဗက်အသင်း နှင့်ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုး၊ ဆီဗီလာအသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုး စုစုပေါင်း လေးဂိုး ထိ သွင်းယူခဲ့ပြီး အကောင်းဆုံးဆု ဆွတ်ခူးရန် ထိပ်ဆုံး၌ ရေပန်းစား နေကြောင်း သိရသည်။

၎င်းနောက်တွင် ဘာစီလိုနာ လူငယ်ကစားသမား လမိုင်းယာ မယ်က ယခုလအတွင်း ကစားခဲ့ သည့် လာလီဂါပွဲစဉ် လေးပွဲတွင် သွင်းဂိုး နှစ်ဂိုးသွင်းယူကာ အသင်း ကို လေးပွဲလုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်ခဲ့သဖြင့် တစ်လတာ အကောင်းဆုံးပဏာမကစားသမား စာရင်းတွင် ဒုတိယနေရာ၌ ရပ်တည်လျက်ရှိသည်။

ထို့နောက် အေတီကိုအသင်း မှ အသက် ၃၃ နှစ်ရှိ အသင်း ခေါင်းဆောင်ကိုကီ၊ ဆဲလ်တာဗီဂို အသင်းမှ အသက် ၂၈ နှစ်ရှိ ဂိုးသမားရာဒူ၊ အယ်ချီတိုက်စစ်မှူး ဗယ်လီရာတို့က အကောင်းဆုံး ကစားသမား ငါးဦး စာရင်း၌ အသီးသီး ရပ်တည်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကစားသမားစာရင်း တွင် တိုက်စစ်မှူး အမ်ဘက်ပီက ဇန်နဝါရီလ၊ စက်တင်ဘာလ၊ အောက်တိုဘာလတို့တွင်အကောင်း ဆုံးဆု သုံးကြိမ်ထိ ဆွတ်ခူးခဲ့ပြီး ယာမယ်က နိုဝင်ဘာလအတွက် အကောင်းဆုံးဆု တစ်ကြိမ်ဆွတ်ခူး ခဲ့ကြောင်း သိရသည်။

Ref : GFFN
Trs : ML

# ဂျပန်နိုင်ငံ၏ အအောင်မြင်ဆုံး ဂန္ထဝင်ဂေါက်သီးရိုက်ကစားသမား မာဆာရှီ ကွယ်လွန်ကြောင်း မိသားစုဝင်များက ပြောကြား

တိုကျို ဒီဇင်ဘာ ၂၅

ဂျပန်နိုင်ငံ ဂေါက်သီးရိုက် လောက၏အအောင်မြင်ဆုံး ဂန္ထဝင် ကစားသမားအဖြစ် သတ်မှတ်ခံ ထားရသည့် မာဆာရှီသည် ကင်ဆာရောဂါကြောင့် ကွယ်လွန် ခဲ့ကြောင်း မိသားစုဝင်များက ပြောကြားခဲ့သည်ဟု Golf Today သတင်းဌာနက ယနေ့တွင် ဖော်ပြ ခဲ့သည်။



မာဆာရှီသည် ကွယ်လွန်ချိန် တွင် အသက် ၇၈ နှစ် ရှိပြီဖြစ်ပြီး အူမကြီးကင်ဆာကြောင့် ကွယ်လွန် ခဲ့ကြောင်း မိသားစုဝင်များက ပြောကြားခဲ့သည်။

မာဆာရှီသည် ဂေါက်သီးရိုက် လောကတွင် ၂၉ နှစ်တိုင်တိုင် ကျင်လည်ခဲ့သူဖြစ်ပြီး ပြိုင်ပွဲကြီး၊ ပြိုင်ပွဲငယ်တွင် ဆုဖလား ၁၁၃ လုံး ထိ ဆွတ်ခူးခဲ့သည်။

မာဆာရှီသည် Japan Golf Tour တွင် အောင်မြင်မှု အများဆုံး ဆွတ်ခူးခဲ့ပြီး Japan Golf ပြိုင်ပွဲ အမျိုးအစား၌ပင် ဆုဖလား ၉၄ လုံးထိ ဆွတ်ခူးခဲ့သူဖြစ်သည်။

ဂျပန်ဂေါက်သီးရိုက်လောက၏ ဖခင်အဖြစ် တင်စားခံထားရသူ မာဆာရှီကွယ်လွန်မှုသည် ဂျပန် ဂေါက်သီးရိုက် လောကအတွက် သာမက ဂေါက်သီးရိုက်လောက တစ်ခုလုံးအတွက် ကြီးမားသော ဆုံးရှုံးမှုတစ်ရပ်ဖြစ်ကြောင်းလည်း ကမ္ဘာ့နိုင်ငံအသီးသီးမှ ဂေါက်သီး ရိုက်အဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည်။

အသက် ၄၉ နှစ်တွင် ကမ္ဘာ့ အဆင့်(၅)ထိ တက်ရောက်ခဲ့ဖူး သော မာဆာရှီသည် ၂၀၁၁ ခုနှစ် တွင် World Golf Hall of Fame စာရင်းတွင် ထည့်သွင်းဂုဏ်ပြုခြင်း ခံခဲ့ရသည်။

Japan Golf Tour အဖွဲ့ချုပ်မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက "မာဆာရှီဟာ အမျိုးသားဂေါက်သီး ရိုက်လောကရဲ့ အမှတ်တံဆိပ်တွေ ထဲက တစ်ဦးအပါအဝင်ဖြစ်ပါ တယ်။ ဂေါက်သီးရိုက်ကစားသမား အဖြစ် ကျင်လည်စဉ်တုန်းကလဲ ဂေါက်သီးရိုက်လောကရဲ့ အကောင်း ဆုံးကစားသမားစာရင်းမှာ ပါဝင်ခဲ့ သလို အနာဂတ်မှာလဲ ဆက်လက် ပါဝင်နေအုံးမှာ ဖြစ်ပါတယ်။ မာဆာရှီ ကွယ်လွန်သွားခဲ့ခြင်းဟာ ဂေါက်သီးရိုက် လောကအတွက် ကြီးမားတဲ့ ဆုံးရှုံးမှုတစ်ရပ်ဖြစ်ပါ တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Today
Trs : AZL

# အားကစားလောကတွင် အွန်လိုင်းမီဒီယာများမှ ပရိသတ်ကြည့်ရှုမှုအများဆုံးစာရင်း၌ အာဂျင်တီးနားအသင်း၏ ၂၀၂၂ ကမ္ဘာ့ဖလားချန်ပီယံအောင်ပွဲခံမှု ထိပ်ဆုံးမှ ရပ်တည်



**ဗျူနိုစ်အေရီစ် ဒီဇင်ဘာ ၂၅**

လက်ရှိအားကစားလောကတွင် အွန်လိုင်းမီဒီယာများမှ ပရိသတ်ကြည့်ရှုမှု အများဆုံးစာရင်း၌ အာဂျင်တီးနားအသင်း၏ ၂၀၂၂ ကမ္ဘာ့ဖလားချန်ပီယံဆုဖြင့် အောင်ပွဲခံမှုမှာထိပ်ဆုံးတွင် ရပ်တည်ထားကြောင်း Givemesport သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

LA Time သတင်းဌာန၏ စစ်တမ်းကောက် ဖော်ပြချက်အရ အွန်လိုင်းမီဒီယာများမှ တစ်ဆင့် ပြီးခဲ့သည့် ၂၀၂၂ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်း၏ အောင်ပွဲခံမှုကို ပရိသတ်ဦးရေ ၅ ဒသမ ၄ ဘီလီယံဖြင့် ထိပ်ဆုံး၌ ရပ်တည်နိုင်ခဲ့ပြီး အားကစားလောကတွင် အွန်လိုင်းမီဒီယာများမှ တစ်ဆင့် ပရိသတ်ကြည့်ရှုမှုအများဆုံးအဖြစ်ရပ်တည်နိုင်ခဲ့သည်။

လက်ရှိအားကစားလောကတွင် ပရိသတ်ကြည့်ရှုမှု အများဆုံး စာရင်းတွင် အာဂျင်တီးနားအသင်း နောက်တွင် ၂၀၀၈ ခုနှစ်က တရုတ်နိုင်ငံတွင် ကျင်းပခဲ့သည့် ပေကျင်း အိုလံပစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားက ပရိသတ်ကြည့်ရှုမှု ၄ ဒသမ ၇ ဘီလီယံဖြင့် ဒုတိယ နေရာတွင် ရပ်တည်ခဲ့သည်။

ထို့နောက်၂၀၂၄ ခုနှစ်က ကျင်းပခဲ့သည့် တိုးဒီဖရန့် စက်ဘီးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားက ၃ ဒသမ ၅ ဘီလီယံဖြင့် အဆင့်(၃)၊ ၂၀၀၆ ခုနှစ်က အီတလီနိုင်ငံတွင် ကျင်းပခဲ့သည့် ဆောင်းရာသီ အိုလံပစ် အားကစားပြိုင်ပွဲက ၂ ဒသမ ၁ ဘီလီယံဖြင့် အဆင့်(၄)၊ ၁၉၇၈ ခုနှစ်က မိုဟာမက်အလီနှင့် လီအွန်စပန့်တို့ ထိုးသတ်ခဲ့သည့် လက်ဝှေ့ပွဲစဉ်က နှစ်ဘီလီယံဖြင့် အဆင့်(၅)၊၂၀၁၉ ခုနှစ်က အင်္ဂလန်နိုင်ငံတွင်ကျင်းပခဲ့သည့် ခရစ်ကက်ကမ္ဘာ့ဖလားပြိုင်ပွဲက ၁ ဒသမ ၆ ဘီလီယံဖြင့် အဆင့်(၆)၊၂၀၂၂ ခုနှစ်က တရုတ်နိုင်ငံတွင်ကျင်းပခဲ့သည့် အာရှအားကစားပွဲတော်က ၉၈၆ သန်းဖြင့် အဆင့်(၇)၊၂၀၁၉ ခုနှစ်က ရက်ဘီကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ်ကစားခဲ့သည့် အင်္ဂလန်အသင်းနှင့်တောင်အာဖရိကအသင်းတို့ပွဲစဉ်က ၈၅၇ သန်းဖြင့် အဆင့်(၈)၊ ယခုနှစ်အတွင်းကျင်းပခဲ့သည့် စူပါဘိုးလ် ဗိုလ်လုပွဲစဉ်က ၁၂၆ သန်းဖြင့် အဆင့်(၉)၊ ၂၀၂၄ ခုနှစ်က မိုက်တိုင်ဆန်နှင့် ဂျိတ်ပေါလ်တို့ ထိုးသတ်ခဲ့သည့် လက်ဝှေ့ပွဲစဉ်က ၁၀၈ သန်းဖြင့် အဆင့်(၁၀)နေရာတွင် အသီးသီးရပ်တည်ခဲ့ကြောင်း သိရသည်။

**Ref : Givemesport**

**Trs : STA**

# မန်ယူအသင်းက ရောင်းချသွားမည့် ဇက်ဇီးကို အာဖရိကဖလားပြိုင်ပွဲပြီးမှသာ ထွက်ခွာခွင့်ပြုမည်

**မန်ချက်စတာ ဒီဇင်ဘာ ၂၅**

မန်ယူအသင်းက တိုက်စစ်မှူး ဇက်ဇီးကို ရောင်းချရန်ဆုံးဖြတ်ထားသော်လည်း အာဖရိကဖလားပြိုင်ပွဲပြီးမှသာ အသင်းမှ ထွက်ခွာခွင့်ပြုရန် ဆုံးဖြတ်ထားကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းသည် ဇက်ဇီးကို ၂၀၂၃ ခုနှစ်က ဘိုလော့ဂ်နာအသင်းမှခေါ်ယူခဲ့ပြီး အသင်းတွင် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသောကြောင့် လာမည့် ဇန်နဝါရီ ကစားသမား အပြောင်းအရွှေ့ကာလတွင် ရောင်းချရန်ဆုံးဖြတ်ထားခြင်းဖြစ်သည်။

ဇက်ဇီး ကိုယ်တိုင်ကလည်း အသင်းတွင် ပွဲထွက်ခွင့်မရရှိသဖြင့် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားကာ စီးရီးအေပြိုင်ပွဲသို့ ပြန်လည်ပြောင်းရွှေ့ရန် ပြင်ဆင်နေပြီး ရိုးမားအသင်းသို့ ပြောင်းရွှေ့ရန် နီးစပ်နေခြင်းဖြစ်သည်။

မန်ယူအသင်းက အသင်းတိုက်စစ်ပိုင်းတွင် အဓိက ကစားသမားများဖြစ်သည့် အမ်ဘူမိုနှင့် အာမက်ဒီယာလိုတို့ကို အာဖရိကဖလားပြိုင်ပွဲသို့ စေလွှတ်ထားရသောကြောင့် အသင်းတိုက်စစ်ပိုင်းအတွက် ဇက်ဇီးကို အသင်းတွင် ဆက်လက် ထိန်းသိမ်းထားပြီး အာဖရိက ဖလားပြိုင်ပွဲအပြီးမှသာ ထွက်ခွာခွင့်ပြုရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**




# ရီးရဲလ်မက်ဒရစ်အသင်းက ဗီနီစီးယက်စ်၏နေရာတွင် ဟာလန်းနှင့် အစားထိုးမည့်သတင်းများကို ငြင်းပယ်

**မက်ဒရစ် ဒီဇင်ဘာ ၂၅**

ရီးရဲလ်မက်ဒရစ် အသင်းက အနာဂတ် မရေမရာဖြစ်နေသည့် ဗီနီစီးယက်စ်၏နေရာတွင် ဟာလန်းနှင့် ပြန်လည်အစားထိုးမည့်သတင်းများကိုငြင်းပယ်ခဲ့ကြောင်း Mundo သတင်းဝက်ဘ်ဆိုက်က ယနေ့တွင်ဖော်ပြထားသည်။

ဗီနီစီးယက်စ်နှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ စာချုပ်သက်တမ်းမှာ ၂၀၂၇ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်ပြီး သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုရန် ကာလရှည်ဆွေးနွေးမှုများ လုပ်ဆောင်နေသော်လည်း လုပ်ခလစာညှိနှိုင်းမှု အဆင်မပြေဖြစ်နေခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းက ဗီနီစီးယက်ကို ယခုနှစ် ဘောလုံးရာသီကုန်ဆုံးချိန်ထိ သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုနိုင်ခြင်းမရှိပါက ရောင်းချရန် ဆုံးဖြတ်ထားပြီး လာမည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် ဆော်ဒီကလပ်အသင်းများနှင့် သတင်းများ ထွက်ပေါ်နေခြင်းဖြစ်သည်။

သို့သော် ရီးရဲလ်မက်ဒရစ်အသင်းသည် ဗီနီစီးယက်ထွက်ခွာခဲ့ပါက အသင်းတိုက်စစ်ပိုင်းတွင် အမ်ဘက်ပီက အကောင်းဆုံး ခြေစွမ်းပြသနေသဖြင့် ဟာလန်းကို ခေါ်ယူမည်မဟုတ်ကြောင်း အတည်ပြုခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းသည် အစောပိုင်းက အသင်းတိုက်စစ်ပိုင်းအတွက် ဟာလန်းကို ခေါ်ယူရန်ပြင်ဆင်ခဲ့သော်လည်း မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ပေးချေရနိုင်သည့် အခြေအနေများကြောင့် ခေါ်ယူမည့်အစီအစဉ်ကို ရုပ်သိမ်းခဲ့ခြင်းဖြစ်သည်။

ဗီနီစီးယက် အနေဖြင့်လည်း နောက်ပိုင်းပွဲစဉ်များတွင် သွင်းဂိုးများရရှိရန် ရုန်းကန်နေရပြီး ခြေစွမ်းပိုင်းလည်း ကျဆင်းနေသောကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ဗီနီစီးယက်ကို လာမည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချသွားဖွယ်ရှိနေပြီး ရိုဒရီဂိုကိုအသင်းတွင် ပြန်လည်ထိန်းသိမ်းရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Mundo**

**Trs : STA**

# မန်ယူအသင်းက ဖေဖော်ဝါရီလတွင် ဆော်ဒီအာရေဗျနိုင်ငံ၌ ခြေစွမ်းပွဲသွားရောက်ကစားမည်

**မန်ချက်စတာ ဒီဇင်ဘာ ၂၅**

မန်ယူအသင်းက လာမည့် ဖေဖော်ဝါရီလတွင် ပရီးမီးယားလိဂ်ပွဲစဉ်များကစားရန် မရှိသည့် အချိန်၌ ဆော်ဒီအာရေဗျနိုင်ငံသို့ သွားရောက် ခြေစမ်းပွဲစဉ်ကစားပြီး အသင်းဝင်ငွေရရှိရန် စီစဉ်နေကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

မန်ယူအသင်းသည် လာမည့် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ဝက်စ်ဟမ်းအသင်းနှင့်ပွဲစဉ်အပြီးတွင် အဲဗာတန်အသင်းနှင့် ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၃ ရက်မှသာ ကစားရမည်ဖြစ်သဖြင့် ရက်သတ္တပတ်ကျော်ကြာ နားရက်ရှိနေသည့်အတွက် ဆော်ဒီအာရေဗျနိုင်ငံသို့ သွားရောက်ကာ ခြေစမ်းပွဲ တစ်ပွဲကစားပြီး အသင်းဝင်ငွေရရှိရန် စီစဉ်နေခြင်းဖြစ်သည်။

မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ဥရောပဝင်ခွင့်များနှင့်လွဲချော်ထားသဖြင့် အသင်းဝင်ငွေ နည်းပါးနေသည့်အတွက် ကာလရှည်နားရက်များတွင် အရှေ့အလယ်ပိုင်းဒေသသို့ သွားရောက်ကာ ခြေစမ်းပွဲစဉ်ကစားပြီး အသင်းဝင်ငွေရရှိရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

မန်ယူအသင်းသည် အဆိုပါခြေစမ်းပွဲကစားမည့် အစီအစဉ်ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ဘရိုက်တန်အသင်းနှင့် ကစားမည့် အက်ဖ်အေဖလားပွဲစဉ် အပြီးတွင် ကြေညာသွားမည် ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မန်ယူအသင်းက ခြေစမ်းပွဲစဉ်ကစားမည့် ပြိုင်ဘက်အသင်းကို မသိရှိသေးသော်လည်း စီးရီးအေ ထိပ်တန်းကလပ်အသင်းတစ်သင်းဖြစ်သည့် အေစီမီလန်အသင်းနှင့်ကစားရန် စီစဉ်နေခြင်းဖြစ်သည်။

အေစီမီလန်အသင်းသည်လည်း ယခုနှစ်ဘောလုံးရာသီတွင် ဥရောပအဆင့်ပြိုင်ပွဲများကစားရန် မရှိသည့်အတွက် မန်ယူအသင်းနည်းတူ ဆော်ဒီအာရေဗျနိုင်ငံတွင် ခြေစမ်းပွဲကစားပြီး အသင်းဝင်ငွေရှာဖွေရန် စီစဉ်နေသဖြင့် မန်ယူအသင်းနှင့် အေစီမီလန်အသင်းတို့ ခြေစမ်းပွဲ ကစားသွားဖွယ်ရှိနေကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**

# MGM Macau Tennis Masters တင်းနစ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင် အဲလက်စ်အီလာနှင့် အန်ဒရီဗာတို့ ယှဉ်ပြိုင်ကစားရမည်

**မကာအို ဒီဇင်ဘာ ၂၅**

မကာအိုတွင် ကျင်းပပြုလုပ်သွားမည့် MGM Macau Tennis Masters တင်းနစ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင် ဖိလစ်ပိုင်တင်းနစ်မယ် အဲလက်စ်အီလာနှင့် ရုရှားတင်းနစ်မယ်အန်ဒရီဗာတို့ ယှဉ်ပြိုင်ကစားရမည်ဟု ပြိုင်ပွဲကျင်းပရေးကော်မတီက ထုတ်ပြန်ခဲ့ကြောင်း Tennis World သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ခရစ္စမတ်ကာလတွင် မိသားစုနှင့်အတူ အနားယူနေသည့် အဲလက်စ်အီလာသည် ပြိုင်ပွဲအတွက် စတင်ပြင်ဆင်နေပြီဖြစ်ပြီး နှစ်သစ်ကူးကာလကို အောင်မြင်မှုဖြင့် ဖြတ်သန်းလိုကြောင်း ပြောကြားခဲ့သည်။

Thailand SEA Games တင်းနစ်ပြိုင်ပွဲတွင် ဖိလစ်ပိုင်နိုင်ငံအတွက် ရွှေတံဆိပ်ဆွတ်ခူးခဲ့ပြီး မိသားစုဝင်များနှင့်အတူ အောင်ပွဲခံကာ ဖိလစ်ပိုင်ပရိသတ်များကိုလည်း ပျော်ရွှင်စေခဲ့သူဖြစ်သည်။

MGM Macau Tennis Masters တင်းနစ်ပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်ဆုကို ဖိလစ်ပိုင်ပရိသတ်များနှင့်အတူ အောင်ပွဲခံသွားမည်ဖြစ်ကြောင်း သိရသည်။

အဲလက်စ်အီလာက “Thailand SEA Games တင်းနစ်ပြိုင်ပွဲမှာ ဖိလစ်ပိုင်နိုင်ငံအတွက် ရွှေတံဆိပ်ဆုကို ဆွတ်ခူးပေးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ အခု မကာအိုကိုသွားရမယ်။ မကာအိုမှာ ဆီးဂိမ်းရွှေတံဆိပ်ဆုအတွက် အောင်ပွဲခံသွားမယ်။ ဖိလစ်ပိုင်ပရိသတ်တွေနဲ့အတူ အောင်ပွဲခံသွားမှာလဲဖြစ်ပါတယ်။ နှစ်သစ်ကူးမှာလဲ အောင်ပွဲနဲ့အတူ နှစ်သစ်တစ်နှစ်ကို ကူးပြောင်းဖို့အတွက် အကောင်းဆုံး ကြိုးစားသွားပါမယ်။ ဒါပေမဲ့လဲ အဖွင့်ပွဲစဉ်က အန်ဒရီဗာနဲ့ ယှဉ်ပြိုင်ကစားသွားရမှာဖြစ်တဲ့အတွက် ခက်ခဲတဲ့ ပွဲစဉ်တစ်ပွဲ ဖြစ်လာမှာပါ။ အောင်မြင်မှုတွေရယူနိုင်ဖို့အတွက် အကောင်းဆုံး ကြိုးစားသွားမှာပါ”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Tennis World**

**Trs : AZL**

# မိခင်ကျေးဇူးဆပ်ကြပါစို့

**ညွန့်ဝင်း(နတ်တလင်း)**

ပြာသိုလသည် ဆောင်းလရာသီ၏ အလယ်ကာလ ဖြစ်ပေသည်။ ဆီးနှင်းများ အလွန်ကျဆင်းသောလဖြစ်၍ ငွေနှင်းစိုစို လပြာသိုဟု ဆိုစမှတ်ပြုကြသည်။ ပြာသိုလ၏ သာယာလှပပုံကို မဟာအတုလမင်းကြီးက "တိမ်ခြေငယ် ရှင်းပါလို့၊ မြူနှင်းငယ်စိုစို၊ လပြာသိုလ်၊ နွယ်ခွာညို ကြိုင်ကြိုင်နှင့် လှိုင်လှိုင်သင်းတဲ့ လကိုလေး" ဟု စာပန်းချီခြယ်ခဲ့သည်။ မှန်ပေသည်။ ပြာသိုလသည် မိုးတိမ်များကင်း၍ သာယာလှပသောအချိန်ဖြစ်ပြီး ရာသီပန်းဖြစ်သော ခွာညိုပန်းများဖူးပွင့်ကြသည်။ ဤသို့ရာသီဥတု သာယာလှပသော ပြာသိုလအခါသည် ချမ်းအေးသောကာလဖြစ်၍ နွေးထွေးမှုရအောင် ဝတ်ဆင်နေထိုင်ကြရသော လအခါဖြစ်သည်။ ထို့ပြင် လူတို့ကို မွေးဖွားသန့်စင်ပေးရုံသာမက နွေးထွေးသောမေတ္တာနှင့် ပြုစုစောင့်ရှောက်ခဲ့သော မိခင်၏ကျေးဇူးကို ဂုဏ်ပြုပူဇော်သည့်အနေဖြင့် အမေနေ့ကို သတ်မှတ်ကျင်းပသော လအခါလည်းဖြစ်သည်။ မြန်မာလူမျိုးတို့သည် "မြင်းမိုရ်တောင်ဦး၊ မကကျူးသည့်၊ ကျေးဇူးအရှင်၊ မွေးမိခင်"၏ ဂုဏ်ကျေးဇူးကို အောက်မေ့သတိရသောအားဖြင့် ပြာသိုလပြည့်နေ့ကို အမေနေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။

လူသားတိုင်းတွင် မိခင်ရှိကြသည်။ လူသားတိုင်းသာမက တိရစ္ဆာန်တို့တွင်လည်း မိခင်ရှိကြသည်။ လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ မိခင်သည် သားသမီးကို မိခင်စိတ်ဖြင့် မွေးဖွားပြုစုစောင့်ရှောက်ကြသည်။ မိမိသားသမီးအတွက် မိမိအသက်ကိုပင် ပဓာနမထားဘဲ အနစ်နာခံကာ ချစ်မြတ်နိုးကြသည်။ သားသမီးကို ချစ်မြတ်နိုးစွာ ပြုစုစောင့်ရှောက်ရာတွင် မိခင်ရော ဖခင်ပါ မေတ္တာဖြင့်ယုယကြင်နာမှုများပေးကြသည်။ သို့သော် မိခင်သည် သားသမီးကို ကိုယ်တိုင် ဝမ်းနှင့်လွယ်မွေးခဲ့ရသဖြင့် သားသမီးအပေါ်တွင် ဖခင်ထက် မေတ္တာပိုတတ်ကြသည်။ ဓမ္မပဒသောရေယျဝတ္ထုတွင် သောရေယျ သူဌေးသားသည် ရှင်မဟာကစ္စည်းမထေရ်အား ပြစ်မှားမိသောမနောကံကြောင့် ယောကျ်ားဘဝမှ မိန်းမဘဝသို့ ချက်ချင်းပြောင်းသွားခဲ့ရသည်။ သောရေယျသူဌေးသားသည် ဘဝတစ်ခုတည်းမှာပင် ယောကျ်ားဘဝနှင့် မိန်းမဘဝကိုရရှိခဲ့သူဖြစ်ရာ ယောကျ်ားဘဝတွင် မိမိဇနီးနှင့်ရခဲ့သော သားနှစ်ဦးထက် မိန်းမဘဝတွင် မိမိခင်ပွန်းနှင့်ရသော သားနှစ်ဦးကို ပိုချစ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် မိန်းမဘဝနှင့်ရသော သားနှစ်ဦးသည် မိမိဝမ်းနှင့် လွယ်မွေးခဲ့ရသောကြောင့် ဖြစ်သည်။

မိခင်သည် သားသမီးကို ကိုးလလွယ် ဆယ်လဖွားပေးသူဖြစ်သည်။ မိမိ၏ ဝမ်းကြာတိုက်တွင် မိမိ၏သားသမီးကို ကလလရည်ကြည် သန္ဓေတည်သောကာလ၊ သားလား၊ သမီးလား မသိသေးသော ကာလမှစ၍ ကိုယ်ဝန်ဆောင်စဉ်ကာလတစ်လျှောက်လုံး မိမိ၏သားသမီးကို မထိခိုက်စေရန် အစားအသောက်များစားသောက်ရာ၌ ပူ၊ ငန်၊ စပ်၊ ခါး အစားအစာများကို ဆင်ခြင်စားသောက်ရသည့်အပြင် အထိုင်အထ အသွားအလာများကိုလည်း သတိနှင့်ဆင်ခြင်နေထိုင်ရသည်။ မိခင်လောင်းများသည် သန္ဓေတည်သည့်အချိန်မှ မွေးဖွားမည့်အချိန်ထိ ယောကျ်ားဖောင်စီး မိန်းမမီးနေဆိုသကဲ့သို့ အသက်အန္တရာယ်နှင့်နီးလှသည်။ ထို့ကြောင့် မိခင်လောင်းတစ်ဦးသည် မွေးဖွားခါနီးတွင် သုသာန်သို့ တစ်နေ့သုံးကြိမ် မျက်စောင်းထိုးသည်ဟု အသက်အန္တရာယ်နှင့်နီးစပ်ပုံကို ရှေးလူကြီးသူမများက ခိုင်းနှိုင်းပြောဆိုကြသည်။

> ❖ သားသမီးတို့သည် မိခင်၏ကျေးဇူးကို တတ်နိုင်သမျှ ပေးဆပ်သင့်သည်။ ငွေကြေးဖြင့် တင့်တောင့်တင့်တယ်ထားကာ ကျေးဇူးဆပ်ကြသူများလည်းရှိသည်။ အချို့က မိဘကိုစိတ်ချမ်းသာအောင်ထား၍ တတ်အားသမျှ ကျွေးမွေးပြုစုကြသည်။ အချို့က ဓမ္မဖြင့် ကျေးဇူးဆပ်ကြသည်။ မည်သို့ပင်ဖြစ်စေ သားသမီးများသည် မိခင်၏ ကျေးဇူးများကို ပေးဆပ်၍ကုန်နိုင်မည်မဟုတ်ပေ။ မိခင်သည် သားသမီးများကို မွေးဖွားရုံနှင့်မပြီး။ ငယ်စဉ်တောင်ကျေး ကလေးဘဝမှစ၍ ကျင်ကြီး၊ ကျင်ငယ် အညစ်အကြေးတို့ကို မရွံရှာနိုင်ဘဲ သန့်စင်ပေးရသည်။ ❖

မိခင်သည် သားသမီးကို ဝမ်းနှင့်လွယ်၍ မွေးဖွားပေးရုံသာမက သားသမီးကို ဆင်းရဲဒုက္ခခံ၍ ပြုစုစောင့်ရှောက်ကြသည်။ လိုအပ်လျှင် အသက်ကိုပင်ပေး၍ သားသမီးကို ပြုစုပျိုးထောင်ကြသည်။ ထို့ကြောင့် မိခင်မေတ္တာကို တုနှိုင်းမဲ့မေတ္တာဟု အသိအမှတ်ပြုကြသည်။

သားသမီးအတွက် ခံစားရသော မိခင်၏ဒုက္ခနှင့် ကြီးမားသောမေတ္တာကို ခုဒ္ဒကနိကာယ်၊ ဥဒါန်းပါဠိတော်၊ သုပ္ပဝါသာသုတ်တွင် တွေ့ရသည်။ ကောလိယမင်းသမီး သုပ္ပဝါသာသည် သားတော်ရှင်သီဝလိမထေရ်ကို ခုနစ်နှစ်ပတ်လုံး ဝမ်းတွင်း၌ သန္ဓေလွယ်ထားခဲ့ရသည်။ သုပ္ပဝါသာ မင်းသမီးသည် ကိုယ်ဝန်ကို နှစ်ကာလကြာရှည်စွာ လွယ်ထားရသဖြင့် အလွန်ဆင်းရဲသောဝေဒနာတို့ကို ခါးစည်းခံရပြီး မိန်းမောတွေဝေပြီးမှ သားတော်ကို ဖွားမြင်ခဲ့သည်။ သားတော်ကို ဖွားမြင်ပြီးချိန်တွင် မြတ်စွာဘုရားရှင်က "သုပ္ပဝါသာ သင်သည် ဤကဲ့သို့သော သားမျိုးကို နောက်ထပ် အလိုရှိသေးသလော"ဟု မိန့်တော်မူရာ သုပ္ပဝါသာမင်းသမီးက ဤကဲ့သို့သော သားမျိုးကို ခုနစ်ယောက်ပင် အလိုရှိပါသေးသည်ဟု ပြန်လည်လျှောက်တင်ခဲ့သည်။ ထို့ကြောင့် မိခင်သည် သားသမီးနှင့် ပတ်သက်လာလျှင် မည်ကဲ့သို့သော ဆင်းရဲဒုက္ခပင်ဖြစ်စေကာမူ ဒုက္ခဟုမမြင်ဘဲ မိခင်မေတ္တာဖြင့် အရာရာကို ကျော်ဖြတ်နိုင်သည့် သတ္တိရှိတတ်သည်။

မိခင်က မွေးဖွားသန့်စင်ပေး၍ လူ့ဘဝသို့ ရောက်ရှိလာကြသော လူသားတို့သည် မိခင်သာ မရှိခဲ့လျှင် လူ့ဘဝကို မည်သို့မျှ ရမလာနိုင်ပေ။ မိခင်၏ သန္ဓေဆောင်ပေးမှု၊ မွေးဖွားပေးမှု၊ ပြုစုစောင့်ရှောက်ပေးမှု၊ အန္တရာယ်ကာကွယ်ပေးမှုတို့ဖြင့် မိခင်၏ မေတ္တာရိပ်အောက်တွင် ခိုလှုံကြီးပြင်းလာခဲ့ရခြင်းဖြစ်သည်။ မိခင်၏အရိပ်သည် အခြားအရိပ်တို့ထက် အေးမြလှပါ၏။ နွေးထွေး၍ လုံခြုံလှပါ၏။ မိခင်ရှိမှ ပြီးပြည့်စုံသော မိသားစုဖြစ်နိုင်သည်။ မိခင်၏အရေးပါမှုနှင့် မိခင်၏တန်ဖိုးသည် ကြီးမားမြင့်မြတ်လှပေသည်။ မိခင်သည် သားသမီးတစ်ဦးချင်းစီအတွက်သာမက လူ့အသိုက်အဝန်းတစ်ခုလုံးအတွက်ပါ အရေးပါသည်။ ထိုသို့သော မိခင်၏ဂုဏ်ကျေးဇူးများကို ဖော်ထုတ်ဂုဏ်ပြုပူဇော်ရန် အထူးလိုအပ်လှပေသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် အမေနေ့အဖြစ် နှစ်စဉ်မေလ ဒုတိယပတ် တနင်္ဂနွေနေ့တွင် ကျင်းပကြသည်။ အမေနေ့ကို သတ်မှတ်ကျင်းပရာတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူကွဲပြားမှုများလည်းရှိသည်။ မြန်မာနိုင်ငံတွင် အမေနေ့သတ်မှတ်ကျင်းပနိုင်ရန် တိုက်တွန်းကြိုးပမ်းခဲ့သူမှာ စာရေးဆရာ ဒါရိုက်တာ ဦးသုခပင်ဖြစ်သည်။ ဆရာကြီးဦးသုခ၏ တိုက်တွန်းကြိုးပမ်းမှုဖြင့် မြန်မာနိုင်ငံတွင် ၁၉၉၅ ခုနှစ်မှစ၍ အမေနေ့ကို ကျင်းပနိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင် အမေနေ့ကို ကျင်းပလာသည်မှာ ယခုနှစ်တွင် နှစ် ၃၀ ပြည့်ခဲ့ပြီဖြစ်သည်။ မဃဒေဝလင်္ကာတွင် "လူ့ဘုံဌာန၊ ဤလောက၌၊ ဘကိုလက်ယာ၊ မိမှာလက်ဝဲ၊ အမြဲဆောင်ရွက်၊ ပခုံးထက်တွင်၊ တင်လျက်လုပ်ကျွေး၊ မပြတ်မွေးလည်း၊ ကျေးဇူးဂုဏ်စိုင်၊ မကုန်နိုင်ဘူး"ဟု မိဘတို့၏ကျေးဇူးကြီးမားပုံကို ဖွဲ့ဆိုထားသည်။ ထို့ကြောင့် ထိုဂုဏ်ကျေးဇူးများကို လေးစားတန်ဖိုးထား၍ အမေနေ့ကို ကျင်းပပူဇော်ကြခြင်းမှာ မင်္ဂလာတရားတော်နှင့်ညီညွတ်၍ အလွန်မင်္ဂလာရှိလှပေသည်။

လူသားတို့သည်သာ မိခင်၏ကျေးဇူးကို ဆပ်နိုင်ကြ၏။ ဆပ်သင့်လှ၏။ သာမန်လူသား မဆိုထားနှင့် သုံးလောကအရှင် မြတ်စွာဘုရားသည်ပင်လျှင် မိခင်၏ကျေးဇူးကိုဆပ်သည့်အနေဖြင့် ဘုရားဖြစ်၍ ခုနစ်ဝါမြောက်တွင် တာဝတိံသာနတ်ပြည်၌ ဝါဆိုတော်မူလျက် မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို အဘိဓမ္မာတရားဟောကြားတော်မူခဲ့သည်။ မြတ်စွာဘုရားက မိဘကျေးဇူးကို ပစ္စည်းဥစ္စာဖြင့်ပေးဆပ်၍ မကုန်နိုင်ကြောင်း ဟောကြားညွှန်ပြခဲ့သည်။

သားသမီးတို့သည် မိခင်၏ကျေးဇူးကို တတ်နိုင်သမျှ ပေးဆပ်သင့်သည်။ ငွေကြေးဖြင့် တင့်တောင့်တင့်တယ်ထားကာ ကျေးဇူးဆပ်ကြသူများလည်းရှိသည်။ အချို့က မိဘကိုစိတ်ချမ်းသာအောင်ထား၍ တတ်အားသမျှ ကျွေးမွေးပြုစုကြသည်။ အချို့က ဓမ္မဖြင့် ကျေးဇူးဆပ်ကြသည်။ မည်သို့ပင်ဖြစ်စေ သားသမီးများသည် မိခင်၏ကျေးဇူးများကို ပေးဆပ်၍ ကုန်နိုင်မည်မဟုတ်ပေ။ မိခင်သည် သားသမီးများကို မွေးဖွားရုံနှင့်မပြီး။ ငယ်စဉ်တောင်ကျေး ကလေးဘဝမှစ၍ ကျင်ကြီး၊ ကျင်ငယ် အညစ်အကြေးတို့ကို မရွံရှာနိုင်ဘဲ သန့်စင်ပေးရသည်။ သားသမီးကို ကျွေးမွေးပြုစုစောင့်ရှောက်ရသဖြင့် အိပ်ကောင်းခြင်းမအိပ်ရ၊ စားကောင်းခြင်းမစားရဘဲ ဒုက္ခအမျိုးမျိုးခံကာ ပြုစုပျိုးထောင်ပေးရသည်။ မိခင်၏ကျေးဇူးများသည် အနှိုင်းမဲ့ ကြီးမားမြင့်မြတ်လှသည်။ အနန္တကျေးဇူးရှင် မည်ပေသည်။ အနန္တကျေးဇူးရှင်၏ ကျေးဇူးများကိုနားလည်၍ တတ်နိုင်သမျှ ပေးဆပ်ကြရမည်ဖြစ်သည်။

ထို့ကြောင့် မိခင်ကို အသက်ရှင်နေစဉ်ကာလတွင် ကျေးဇူးဆပ်ခွင့်ရချိန်၌ ပေးဆပ်နိုင်အောင် ကြိုးစားကြရပေမည်။ မိခင် အသက်ရှိနေစဉ် ကျေးဇူးမဆပ်ဘဲ မိခင်မရှိသည့်အချိန်မှ ကျေးဇူးဆပ်ချင်၍ မရတော့ပေ။ ကျေးဇူးမဆပ်ရသောကြောင့် နောင်တရနေလျှင်လည်း အပိုသာဖြစ်ပေတော့မည်။ ၃၈ ဖြာမင်္ဂလာတရားတွင် "မာတာ ပိတု ဥပဋ္ဌာနံ" အမိအဖတို့ကို လုပ်ကျွေးခြင်းသည် မင်္ဂလာမည်၏ဟု ဟောကြားထားသည်။ သို့ဖြစ်၍ သားသမီးတို့သည် မိခင်အသက်ရှင်နေသမျှကာလပတ်လုံး မိခင်အပေါ်ငြိုငြင်မှုမရှိဘဲ လုပ်ကျွေးပြုစုစောင့်ရှောက်ခြင်းဖြင့် မိခင်၏ ကျေးဇူးများကို ဆပ်ကြပါစို့ဟု တိုက်တွန်းလိုက်ရပေသည်။

**ကိုးကား**

- **နေ့စဉ်ထုတ်သတင်းစာများ**
- **အနန္တကျေးဇူးရှင် မိခင်များနေ့ (မျိုးငြိမ်းငယ်)**

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ဒီဇင်ဘာ ၂၆ ရက်တွင် နိုင်ငံတစ်ဝန်းအဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည့် မြစ်လက်တက်ပေမဲ့ ရေစီးကကြမ်းတယ် ရုပ်ရှင်ဇာတ်ကား Premiere Show ပြုလုပ်



**ရန်ကုန် ဒီဇင်ဘာ ၂၅**

ဒီဇင်ဘာ ၂၆ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည့် မြစ်လက်တက်ပေမဲ့ ရေစီးကကြမ်းတယ် ရုပ်ရှင်ဇာတ်ကား Premiere Show ကို ဒီဇင်ဘာ ၂၄ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံ၌ ပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် ညီနန္ဒထံမှ သိရသည်။

အဆိုပါ မြစ်လက်တက်ပေမဲ့ ရေစီးကကြမ်းတယ် ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာ ဆောင်းလုလင်၏ မြစ်လက်တက်ပေမဲ့ ရေစီးကကြမ်းတယ် အမည်ရှိ စာပေဆုရဝတ္ထုကို ဖြိုးသဥ္ဇာကျော်က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ ပီကေက မင်းမဟာရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူးပေးထားကြောင်း သိရသည်။

"စာရေးဆရာ ဆောင်းလုလင်ရဲ့ ယခင်ဝတ္ထုတိုမူရင်းဟာ အင်မတန်ပြည့်စုံပါတယ်။ ရုပ်ရှင်အဖြစ် ပြန်လည်ပုံဖော်ရာမှာ တအားကောင်းပါတယ်။ အဓိကဇာတ်ဝင်ခန်းတွေပီပြင်တဲ့ အပေါ်မှာ အားပေးကြတဲ့ ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်။ အစ်ကို့ဘဝမှာ အနုပညာသက်တမ်း ၃၁ နှစ်မှာမှ ဒီလိုခံစားမှုမျိုးအခုမှရခဲ့တာပါ။ သဘာဝနဲ့အနီးစပ်ဆုံး ပါဝင်သရုပ်ဆောင် ရိုက်ကူးထားကြပါတယ်။ ရုံတင်ပြသရင်လဲ အားပေးကြပါအုံး"ဟု သရုပ်ဆောင် ညီနန္ဒက ပြောပြသည်။

အဆိုပါ မြစ်လက်တက်ပေမဲ့ ရေစီးကကြမ်းတယ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေတိုး၊ နေမျိုးအောင်၊ ညီနန္ဒ၊ ဗီတာမင်၊ သံသာညီ၊ မေမီလင်း၊ ဗွာဗွား၊ အေးဝတ်ရည်သောင်းနှင့် သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# The Surrogate Mother ဝတ္ထုကို ရုပ်ရှင်အဖြစ်ရိုက်ကူးရန် ဆိုနီကုမ္ပဏီစီစဉ်ထား

**နယူးယောက် ဒီဇင်ဘာ ၂၅**

စာရေးဆရာမ ဖရိုင်ဒါ မက်ဖက်ဒန်၏ The Surrogate Mother အမည်ရှိ စိတ္တဇထိတ်လန့်သည်းဖို ဝတ္ထုကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း ဒီဇင်ဘာ ၂၄ ရက် သတင်းများအရ သိရသည်။

The Surrogate Mother ရုပ်ရှင်ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာမ အန်နာကလက်ဆန်က တာဝန်ယူရေးသားမည်ဖြစ်သည်။


The Surrogate Mother ဝတ္ထုသည် သားသမီးရရန်ရုန်းကန်နေရသည့် အမျိုးသမီးတစ်ဦးရင်ဆိုင်ရမည့် အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ထားသော ဝတ္ထုဖြစ်ကြောင်း သိရသည်။

စာရေးဆရာမ ဖရိုင်ဒါ မက်ဖက်ဒန်သည် လျှို့ဝှက်သည်းဖို ဝတ္ထုများကြောင့် ထင်ရှားသူဖြစ်ပြီး ၎င်းရေးသားထားသည့် The Housemaid ဝတ္ထုကိုလည်း ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးထားသည်။

လက်ရှိတွင် အဆိုပါဇာတ်ကားကို ရိုက်ကူးမည့် ဒါရိုက်တာနှင့် ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို ဆိုနီကုမ္ပဏီက ရှာဖွေနေဆဲဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**






# မရမ်းကုန်းမြို့နယ်ရှိ Yangon Social F& B, Music, Kids Playground တွင် 2026 New Year Countdown ပွဲတော် ပြုလုပ်သွားမည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Yangon Social F& B, Music, Kids Playground တွင် တေးသံရှင်များစွာ ပါဝင်မည့် 2026 New Year Countdown ပွဲတော် ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ 2026 New Year Countdown ပွဲတော်တွင် ပါဝင်သီဆိုဖျော်ဖြေမည့် တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်က ပြောပြ၍ သိရသည်။

Yangon Social F& B, Music, Kids Playground တွင် ဒီဇင်ဘာ ၃၁ ရက် ညတွင် ပြုလုပ်မည့် 2026 New Year Countdown ပွဲတော်တွင် တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၊ Snare၊ Bambino၊ မေတို့က တေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးသွား မည်ဖြစ်ကြောင်း သိရသည်။




"နှစ်သစ်ကူးမဲ့ ညမှာ Yangon Social စင်မြင့်ထက်မှာ ဖျော်ဖြေပေးသွားမှာဖြစ်ပါတယ်။ အေးမြတဲ့ ဆောင်းအငွေ့အသက်တွေနဲ့အတူ တေးသီချင်းသံတွေကို နားဆင်ခံစားရင်း ပျော်ပျော်ပါးပါး Count-down ရေတွက်ကြရအောင်လို့ဖိတ်ခေါ်လိုက်ပါတယ်"ဟု တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်က ပြောပြသည်။

2026 New Year Count-down ကို Yangon Social F& B, Music, Kids Playground ၌ ဒီဇင်ဘာ ၃၁ ရက် ည ၇ နာရီတွင် စတင်မည်ဖြစ်ပြီး တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၊ Snare၊ Bam-bino၊ မေတို့နှင့်အတူ DJ – Kris ကလည်း ပါဝင်ဖျော်ဖြေပေးမည်ဖြစ်ကြောင်း သိရသည်။

ASH

# 28 Years Later : The Bone Temple ဇာတ်ကား၌ မင်းသား စီလီယံမာဖီပါဝင်ထား

**နယူးယောက် ဒီဇင်ဘာ ၂၅**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ 28 Years Later နောက်ဆက်တွဲ ဇာတ်ကားဖြစ်သည့် 28 Years Later: The Bone Temple ဇာတ်ကား၌ အော်စကာဆုရှင် မင်းသား စီလီယံမာဖီ ပါဝင်ထားကြောင်း ဒီဇင်ဘာ ၂၄ ရက် သတင်းများအရ သိရသည်။

28 Years Later : The Bone Temple ဇာတ်ကား၌ စီလီယံမာဖီ ပါဝင်ထားမှုကို ဒါရိုက်တာ နီရာဒါကိုစတာက အတည်ပြုခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ၎င်းဇာတ်ကား၌ စီလီယံမာဖီ သရုပ်ဆောင်ထားသည့် ဇာတ်ကောင်နေရာကို နီရာဒါကိုစတာက ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ပေ။

စီလီယံမာဖီသည် ဒါရိုက်တာ ဒန်နီဘွိုင်းရိုက်ကူးခဲ့ပြီး ဇွန်လတွင် ရုံတင်ပြသခဲ့သည့် ပထမဆုံး 28 Years Later ဇာတ်ကားတွင် ပါဝင်ခဲ့ခြင်း မရှိသေးကြောင်း သိရသည်။

28 Years Later : The Bone Temple ဇာတ်ကားတွင် စီလီယံမာဖီအပြင် မင်းသား ရက်ဖိန်းနက်၊ အေရွှန်တေလာနှင့် မင်းသမီး အမ်မာလိုင်းယက်တို့လည်း ပါဝင်ထားကြောင်း သိရသည်။

ဆိုနီရုပ်ရှင်ကုမ္ပဏီသည် 28 Years Later : The Bone Temple ဇာတ်ကားကို၂၀၂၆ ခုနှစ်ဇန်နဝါရီ ၁၆ ရက်တွင် ရုံတင်ရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




# ၂၀၂၅ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအတွက် ရွှေကြိုမောင်မယ် ဒုတိယအဆင့်ရွေးချယ်ပွဲကို ဒီဇင်ဘာ ၂၉ ရက်တွင် ပြုလုပ်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၅ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲအတွက် ရွှေကြိုမောင်မယ်များ ဒုတိယအဆင့်ရွေးချယ်ပွဲကို ဒီဇင်ဘာ ၂၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရွှေရတုခန်းမ၌ ပြုလုပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတွဲဖက်အတွင်းရေးမှူး (၁) ဦးချမ်းသာကြည်စိုးထံမှ သိရသည်။

အဆိုပါ ရွှေကြိုမောင်မယ် ဒုတိယအဆင့် ရွေးချယ်ပွဲတွင် အကဲဖြတ်ဒိုင်များအဖြစ် ခန့်စည်သူ၊ ရန်အောင်၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ ဒါရိုက်တာ ညွန့်မြန်မာညီညီအောင်၊ ဒါရိုက်တာ မောင်သီတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဒီဇင်ဘာ၂၁ ရက်က ပြုလုပ်ခဲ့တဲ့ ရွှေကြိုမောင်မယ် ပထမအဆင့်ရွေးချယ်ပွဲမှာ ဝင်ရောက်လျှောက်ထားသူ အယောက် ၂၅၀ နီးပါးထဲကနေ ပထမအဆင့် အနေနဲ့ ရွေးချယ်ခံထားရသူတွေကို ဒုတိယအဆင့် ထပ်မံရွေးချယ်ပေးသွားမှာဖြစ်ပါတယ်။ ဒုတိယအဆင့်မှာ ရွှေကြိုမောင်မယ်လောင်း ၁၀၄ ဦးရှိပါတယ်။ အဲဒီကနေ နောက်တစ်ဆင့် တတိယအဆင့် တက်လှမ်းမဲ့ ရွှေကြိုမောင်မယ်လောင်းတွေကို အဆင့်ဆင့် စနစ်တကျ ရွေးချယ်ပေးသွားမှာပါ"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး တွဲဖက်အတွင်းရေးမှူး (၁) ဦးချမ်းသာကြည်စိုးက ပြောပြသည်။

နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၅ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲအတွက် ရွှေကြိုမောင်မယ် အတွဲရှစ်တွဲ မောင်မယ် ၁၆ ဦး သို့မဟုတ် အတွဲ ၁၀ တွဲ မောင်မယ် ဦးရေ ၂၀ တို့ကို ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Farmers plant over 3,000 acres of vegetables in Phaungpyin Township


A vegetable farm in Phaungpyin Township.

**Phaungpyin December 25**

Statistics of Mawlaik District Agriculture Department stated that local farmers have planted 3,740 acres of vegetables in Phaungpyin Township of Sagaing Region.

For the 2025-2026 winter cropping season, Phaungpyin Township planned to cultivate 3,906 acres of vegetables, and planting began in October this year. As of today, 3,740 acres have been planted.

"This year, Phaungpyin Township planned to grow 3,906 acres of vegetables during the winter season, and 3,740 acres have now been planted. The crops include turmeric, ginger, aromatic herbs, potatoes, coffee beans, eggplants, and taro. We are providing farmers with technical support to enable them to grow all vegetables under the GAP system. We are also sharing techniques to help farmers minimize chemical fertilizer residues and produce crops that meet health standards," said Daw Kywe Kywe Hlaing, Head of the Mawlaik District Agriculture Department.

This year, the Township Agriculture Department has been providing vegetable growers in Phaungpyin with GAP training, techniques to ensure harvested vegetables meet health and safety standards, and support to help farmers expand vegetable cultivation.

Vegetables are grown seasonally each year in Phaungpyin Township, and the crops grown have been successful, providing household income for farming families. The Township Agriculture Department is also educating farmers on proper cultivation methods, pest prevention, the use of natural fertilizers, and the preparation and application of natural pesticides and repellents. 206

# Chickpea planted on more than 17,000 acres of croplands in Pwintbyu Township

**Pwintbyu December 25**

Pwintbyu Township Agriculture Department stated that local farmers planted 17,771 acres of chickpea as cold season crops in Pwintbyu Township of Magway Region this year.

In Pwintbyu Township, a total of 52,051 acres of chickpea have been planned for cultivation in this year's winter crop season. Planting began in October, and as of today, 17,771 acres have already been cultivated.

"The plan for this winter crop season in Pwintbyu Township is to cultivate 52,051 acres of chickpea. As of today, 17,771 acres have been completed. We are working to ensure that the full targeted acreage is achieved. To support successful growth and higher yields, we are cooperating with farmers to promote the use of quality and pure seeds, the adoption of GAP-based cultivation methods, and the systematic use of agricultural inputs," said Daw Moe Moe Wai, Head of the Pwintbyu Township Department of Agriculture.

For this year's winter crop season, local farmers in Pwintbyu Township are cultivating Yezin-8 and Yezin-11 chickpea varieties, which are suited to local conditions and provide good yields. The Township Department of Agriculture is carrying out field supervision and awareness activities on necessary cultivation practices, pest prevention, and the systematic use of fertilizers to support successful production and high-quality crops.

If chickpea cultivation can be carried out in a way that improves yields, it will not only meet local consumption needs but also generate income through the sale of surplus crops, contributing to socio-economic development. Therefore, chickpea cultivation should be expanded across suitable areas, Daw Moe Moe Wai added.

Ye Win Naing (NyaungU)

# More than 87,000 acres of chickpea planted in Yinmabin District

**Yinmabin December 25**

According to the Sagaing Region Agriculture Department, local farmers have grown 87,500 acres of chickpea as cold season crops in Yinmabin District of Sagaing Region.

For the 2025-2026 winter cropping season, Yinmabin District planned to cultivate 135,579 acres of chickpea. Planting began in October this year, and as of today, 18,385 acres have been planted in Yinmabin Township, 2,598 acres in Kani Township, 25,710 acres in Salingyi Township, and 40,807 acres in Pale Township, totalling 87,500 acres.

"This year, Yinmabin District planned to grow more than 130,000 acres of chickpea during the winter season, and over 87,000 acres have now been planted. Efforts are under way to meet the full target acreage. Chickpea cultivation has been expanding year by year. To support higher yields and better quality, we are working with farmers by providing quality and pure seed varieties, necessary inputs, and post-harvest handling techniques," said Dr Tin Mar Mar Oo, Assistant Director of the Sagaing Region Agricultural Department.

For the 2025-2026 season, chickpea cultivation targets by township in Yinmabin District are: 36,045 acres in Yinmabin Township, 3,650 acres in Salingyi Township, 38,783 acres in Kani Township, and 57,101 acres in Pale Township, totalling 135,579 acres.

Farmers in the district are cultivating chickpea varieties Yezin-8 and Yezin-11, which are suited to local conditions and offer good yields. It is learned that cultivation costs exceed K300,000 per acre.

During this year's winter cropping season, agricultural officials are cooperating with farmers across the district to supply quality and pure seed varieties, necessary inputs, and post-harvest techniques to support higher yields and better product quality. Extension activities are also being conducted to encourage the use of beneficial Trichoderma fungi during pulse cultivation.

Sagaing Region is the largest pulse-producing region in the country in terms of cultivated area. With pulses grown as a major crop — and the possibility of practicing double-cropping — farmers in the region rely on them as an important source of income.

206

# More than 90,000 acres of rainfed paddy harvested in Ngaputaw Township

**Ngaputaw December 25**

A total of 94,887 acres of rainfed paddy has been harvested in Ngaputaw Township of Ayeyawady Region, said Daw Aye Aye Mu, the head of Pathein District Agriculture Department.

In Ngaputaw Township, a total of 204,105 acres of rainfed paddy were cultivated during the last monsoon crop season. Harvesting of these paddy fields began in the first week of November this year, and as of today, 94,887 acres have been harvested.

"In the monsoon crop season, more than 200,000 acres of rainfed paddy were planted. So far, more than 94,000 acres have been harvested. Farmers selected paddy varieties suited to local climate conditions and market demand. To prevent losses from the golden apple snail, we carried out awareness campaigns on pest prevention and control before planting. This year's rainfed paddy yields are good. We were able to meet the planting targets because the Agriculture Department and local farmers worked together systematically," said Daw Aye Aye Mu.

Reports indicate that harvested paddy fields in Ngaputaw Township yielded an average of 105.18 baskets per acre. To ensure full cultivation of the planned acreage, improve yields, and produce good-quality paddy, the district and township Agriculture Departments have been conducting field visits and providing farmer training and technical support.

Kyaw Kyaw Lin

# Bogale Township supplies a large volume of straw mushroom to Yangon market

**Bogale December 25**

Local merchants from Bogale Township of Ayeyawady Region dispatched a large volume of straw mushroom to Yangon market in November, said Daw Yi Oo, the owner of mushroom trading depot in Bogale Township.

From Bogale Township, 45,000 viss of straw mushrooms were transported and sold to the Yangon market during October this year. In November, sales increased to 55,000 viss of straw mushrooms.

"Straw mushrooms are currently being produced in Bogale Township. Many local agricultural products from Bogale are transported to the Yangon market. Over the past month, more than 55,000 viss of mushrooms were sold. At present, Yangon buyers are placing many orders. Demand has increased because restaurants and hotels nationwide are using them more. Mushroom caps, in particular, sell very well. If we can export them to foreign markets, sales would improve even further," said Daw Yi Oo, a mushroom producer and trader in Bogale Township.

Agricultural traders in Bogale Township purchase straw mushrooms from local growers, inspect and clean them systematically, and transport most of the supply to the Yangon market for sale. It is reported that the price for one viss of straw mushrooms is around K22,000.

Kyaw Kyaw Lin


Straw mushrooms available at a local market.

# 499 illegal buildings used for online scam and gambling operations in KK Park systematically demolished; seized equipment continues to be destroyed by burning

An illegally constructed three-storey residential building in KK Park Area (Section 3).



Before demolition.



After demolition.

**Nay Pyi Taw December 25**

The Government of Myanmar is carrying out coordinated operations to combat online scam and gambling activities by conducting clearance operations inside illegal buildings located in Shwe Kokko and KK Park areas—where such crimes are most heavily concentrated—and by systematically demolishing illegal structures and destroying seized items used in these criminal operations. These efforts are being undertaken by a joint task force comprising security personnel, administrative bodies, and relevant local authorities.

As part of these anti–online scam and gambling operations, additional demolitions were carried out today in the Myawady–Maehtawthalay (KK Park) area. In Section (3) of the area, three four-storey illegal buildings and two three-storey illegal buildings that had been used for online scam and gambling activities were demolished. As a result, out of a total of 635 illegal buildings in the KK Park area, 499 buildings have now been systematically demolished. Furthermore, to ensure the complete destruction of illegal buildings in the KK Park area that had already been demolished using heavy machinery, additional destruction using incendiary methods has been carried out since December 14. As of today, three more four-storey buildings have been completely destroyed, bringing the total number of buildings fully destroyed to 49.

In addition, equipment used in online scam and gambling activities in both KK Park and Shwe Kokko areas was again systematically destroyed by burning today to prevent any possibility of reuse. The Government, regarding the eradication of online scam and gambling crimes as a national duty, will continue its efforts to ensure that such activities cannot take root anywhere in Myanmar. These efforts will be carried out in coordination not only with domestic forces but also in cooperation and consultation with neighbouring countries' governments.

100





Destruction by burning of equipment used by perpetrators of online fraud and gambling in the KK Park area.

## Thailand-Cambodia border talks enter second day as clashes ease

**Bangkok December 25**

Thailand's military announced on Thursday that border negotiations with Cambodia have entered the second day, with overall clashes along the frontier showing a downward trend.

According to Thai media reports, the secretariat meeting of the Thai-Cambodian General Border Committee (GBC) kicked off at around 9:00 a.m. local time on the Thai side of the border in Chanthaburi province.

Around 30 Cambodian delegates attended the meeting, while Malaysian members of the ASEAN observer team in Thailand also presented.

In a press briefing held on Thursday, a Thai military spokesperson stated that the intensity of border skirmishes between the two countries has generally decreased, with exchanges of fire remaining confined to localized areas.

Separately, Thailand's 2nd Army Area Command reported on Thursday that two Thai soldiers were injured by a landmine while conducting demining operations in the Ta Kwai Temple area.

Meanwhile, another Cambodian civilian was killed during the conflict on Thursday, raising the civilian death toll in Cambodia to 31, said a press release from the Cambodian Ministry of Defense.

The secretariat meeting will be held from Wednesday to Friday, and if these preliminary discussions proceed smoothly, they will be followed by a meeting between the defense ministers of both nations on Saturday, said Thai Ministry of Defence spokesperson Surasant Kongsiri on Wednesday.

Xinhua

## Yearender: Trapped in aftermath -- post-war Mideast states struggling for reset

**Cairo December 25**

As 2025 draws to a close, a trio of Middle Eastern countries find themselves in a familiar interlude: the loudest battles have ebbed, yet the struggle over who holds power, and on whose behalf, has not.

These countries, namely Lebanon, Syria, and Iraq, face the same defining question: can they achieve a meaningful reset -- one that restores sovereignty, consolidates state authority, and charts an independent path forward?

A common feature across the three countries is the uneasy relationship between state institutions and armed actors whose power was forged during conflict and has proven resistant to centralization.

In Lebanon, the government's attempts to disarm Hezbollah, the powerful Iran-backed Shiite political party and militant group, have been slow and fraught.

Under a ceasefire agreement with Israel, Beirut pledged to make areas south of the Litani River free of illegal weapons and deploy the Lebanese Army there. Yet Hezbollah continues to reject disarmament, arguing that its weapons remain necessary as long as Israel poses a threat.

Lebanese political analyst George Alam said the government's push to disarm Hezbollah reflects an attempt to end co-existence with a "mini-state," a situation he described as incompatible with restoring Lebanon's sovereignty.

Xinhua

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အီဂျစ်နိုင်ငံက တရုတ်နိုင်ငံထုတ် WJ-700 တိုက်ခိုက်ရေးဒရုန်း ၁၀ စင်းဝယ်ယူရန် ကန်ဒေါ်လာ သန်း ၄၀၀ တန်ဖိုးရှိ ဝယ်ယူရေးစာချုပ်လက်မှတ်ရေးထိုးခဲ့



အီဂျစ်နိုင်ငံသည် တရုတ်နိုင်ငံထုတ် WJ–700 တိုက်ခိုက်ရေးဒရုန်း ၁၀ စင်း ဝယ်ယူရန် အမေရိကန်ဒေါ်လာသန်း ၄၀၀ ခန့်တန်ဖိုးရှိ ဝယ်ယူရေးစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်ဟု Defence Blog သတင်းဌာနက ဒီဇင်ဘာ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အာရပ်ဘာသာဖြင့် "Al–Saqr" (သိန်းငှက်)ဟု အမည်ပေးထားသော WJ–700 တိုက်ခိုက်ရေးဒရုန်းသည် ယခင် တရုတ်နိုင်ငံထုတ် Wing Loong ဒရုန်းများထက် များစွာအဆင့်မြင့်သည့် အမျိုးအစားဖြစ်သည်။ အလျင်နှုန်း၊ အမြင့်ပေနှင့် တိုက်ခိုက်နိုင်စွမ်းတို့တွင် ယခင်ဒီဇိုင်းများထက်သာလွန်သည့် အဆင့်မြင့်တိုက်ခိုက်ရေးဒရုန်းစနစ်တစ်ခုအဖြစ် သတ်မှတ်ခံထားရသည်။ တာဘိုဂျက်အင်ဂျင်ကိုအသုံးပြုထားသဖြင့် တစ်နာရီလျှင် ကီလိုမီတာ ၇၀၀ ထိ ပျံသန်းနိုင်သည်။ ၎င်းသည် လက်ရှိကမ္ဘာပေါ်တွင် အသုံးပြုနေသည့် အခြား အလတ်စားတိုက်ခိုက်ရေးဒရုန်းများထက် များစွာပိုမိုမြန်ဆန်နေသည်။ အမြင့် မီတာ ၁၅၀၀၀ ထိ ပျံသန်းနိုင်စွမ်းရှိခြင်းကြောင့် တာတိုနှင့် တာလတ် လေကြောင်းရန်ကာကွယ်ရေးစနစ်များ၏ ပစ်ခတ်မှုနယ်ပယ်ပြင်ပမှနေ၍ ဘေးကင်းစွာဖြင့် စစ်ဆင်ရေးတာဝန်များဆောင်ရွက်နိုင်မည်ဖြစ်သည်။ လေထဲတွင် နာရီ ၂၀ ကြာ စဉ်ဆက်မပြတ်ပျံသန်းနိုင်သကဲ့သို့ လက်နက်ခဲယမ်း ကီလိုဂရမ် ၈၀၀ ထိ သယ်ဆောင်နိုင်ခြင်းက တာဝေးတိုက်ခိုက်မှုများနှင့် ကင်းလှည့်စစ်ဆင်ရေးများ အတွက် ထိရောက်စွာဆောင်ရွက်နိုင်စေမည်ဖြစ်သည်။

WJ–700 တိုက်ခိုက်ရေးဒရုန်းတွင် တပ်ဆင်နိုင်သော လက်နက်များအနက် ရန်သူ့လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ဦးနှိမ်တိုက်ခိုက်နိုင်သည့် CM–102 ဒုံးကျည်နှင့် C–705KD သင်္ဘောဖျက်ဒုံးကျည်တို့ပါဝင်နေသည်။ ဤခဲယမ်းများက WJ–700 တိုက်ခိုက်ရေးဒရုန်းကို ကင်းထောက်ရုံသက်သက်မဟုတ်ဘဲ မြေပြင်အခြေစိုက်လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့် ရေပြင်ပစ်မှတ်များကိုပါ တိုက်ခိုက်နိုင်သည့် စွမ်းဆောင်ရည်ကို ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်သည်။ အီဂျစ်နိုင်ငံအတွက်မူ WJ–700 တိုက်ခိုက်ရေးဒရုန်းသည် လက်ရှိအသုံးပြုနေသော အလတ်စားဒရုန်းများကို ဂျက်အင်ဂျင်သုံး၊ အမြင့်ပျံတိုက်စွမ်းအားတစ်ခုဖြင့် အင်အားဖြည့်တင်းလိုက်ခြင်းလည်းဖြစ်သည်။

အီဂျစ်နိုင်ငံသည် အမေရိကန်ဒေါ်လာ သန်း ၄၀၀ တန်ဖိုးရှိ တရုတ်နိုင်ငံထုတ် WJ–700(Al–Saqr) အဆင့်မြင့်တိုက်ခိုက်ရေးဒရုန်း ၁၀ စင်းဝယ်ယူရန် သဘောတူညီချက်လက်မှတ်ရေးထိုးလိုက်ခြင်းသည် ၎င်း၏ လေကြောင်းရန်ကာကွယ်ရေးကဏ္ဍကို သမားရိုးကျကင်းထောက်စနစ်မှသည် ဂျက်အင်ဂျင်သုံး အမြင့်ပျံ၊ အရှိန်မြန်၊ တာဝေးပစ်စွမ်းဆောင်ရည်ရှိသော မဟာဗျူဟာမြောက် တိုက်ခိုက်ရေးအဆင့်သို့ အောင်မြင်စွာ ကူးပြောင်းလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**Egypt reportedly signs deal for Chinese WJ–700 drones** ကို ဘာသာပြန်ဆိုထားပါသည်။

## ပိုလန်နိုင်ငံက တူကီယဲ ASELSAN ကုမ္ပဏီထုတ် အီလက်ထရွန်နစ်စစ်ဆင်ရေးနှင့်တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များကို ရွေးချယ်ဝယ်ယူ




ပိုလန်နိုင်ငံသည် အဆင့်မြင့်အီလက်ထရွန်နစ်စစ်ဆင်ရေး(EW) စနစ်များအတွက် ASELSAN ကုမ္ပဏီနှင့် အမေရိကန်ဒေါ်လာ သန်း ၄၁၀ တန် ဝယ်ယူရေးစာချုပ်ကို ဒီဇင်ဘာ ၁၉ ရက်တွင် အပြီးသတ်ချုပ်ဆိုနိုင်ခဲ့ပြီး ၎င်းသည် ပိုလန်၏ ကာကွယ်ရေးကဏ္ဍ ခေတ်မီအောင် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်တွင် အရေးပါသော ခြေလှမ်းတစ်ခုလည်းဖြစ်ကြောင်း Army Recognition သတင်းဌာနက ဒီဇင်ဘာ ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤသဘောတူညီချက်သည် အီလက်ထရွန်နစ်ထောက်လှမ်းခြင်း၊ နှောင့်ယှက်ခြင်းနှင့် တန်ပြန်ဒရုန်းတိုက်ဖျက်နိုင်စွမ်းတို့အပေါ် ပိုလန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်လာခြင်းကို ပေါ်လွင်စေပြီး လျှပ်စစ်သံလိုက်လှိုင်းစဉ် စိုးမိုးရေးနှင့် ပေါင်းစပ်ခြိမ်းခြောက်မှုများအပေါ် ခုခံနိုင်စွမ်းရှိရေးဆီသို့ဦးတည်ပြောင်းလဲလာခြင်းကို ထင်ဟပ်လျက်ရှိသည်။

အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနက အခြားသော ဖြည့်စွက်စာချုပ်များနှင့်အတူ တင်ပြခဲ့သည့် ဤဝယ်ယူမှုသည် ဝေဟင်၊ မြေပြင်၊ ရေပြင်နှင့် ဆိုက်ဘာကာကွယ်ရေးကွန်ရက်များကို တစ်စုတစ်စည်းတည်းချိတ်ဆက်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ဤသဘောတူညီချက်သည် နိုင်ငံတစ်ခုချင်းစီ၏ဦးစားပေးကဏ္ဍများထက်ကျော်လွန်၍ NATO ၏ ပြောင်းလဲလာသောမဟာဗျူဟာနှင့် ဝယ်ယူရေးစီမံကိန်းများတွင် လျှပ်စစ်သံလိုက်လှိုင်းစဉ်သည် အဓိက စစ်ဆင်ရေးနယ်ပယ်တစ်ခုအဖြစ် မည်သို့ပေါ်ထွက်လာသည်ကို ထင်ရှားစေလျက်ရှိသည်။

ASELSAN ကုမ္ပဏီသည် အမေရိကန်ဒေါ်လာသန်း ၄၁၀ တန်ဖိုးရှိသော အီလက်ထရွန်နစ်စစ်ဆင်ရေး(EW)စနစ်များ တိုက်ရိုက်တင်ပို့ရောင်းချမှု သဘောတူညီချက်တစ်ရပ်ကို ချုပ်ဆိုနိုင်ခဲ့ကြောင်း၊ စာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ပိုလန်မီဒီယာများကလည်း ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် တူကီယဲကာကွယ်ရေးစက်မှုလုပ်ငန်းအကြီးအကဲ Haluk Görgün က ဤသဘောတူညီချက်သည် ဒေါ်လာသန်း ၄၀၀ ကျော်တန်ဖိုးရှိသဖြင့် ဥရောပတွင် အကြီးမားဆုံးသော အီလက်ထရွန်နစ်စစ်ဆင်ရေးစီမံကိန်း တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့ပြီး လာမည့်အပတ်တွင် အခြားသော တူကီယဲကာကွယ်ရေးကုမ္ပဏီတစ်ခုကလည်း ဤထက်ပိုမိုကြီးမားသည့်စာချုပ်တစ်ခုကို ကြေညာနိုင်ဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။

စစ်ဆင်ရေးရှုထောင့်မှ ကြည့်လျှင် အီလက်ထရွန်နစ်စစ်ဆင်ရေးကို ကဏ္ဍစုံရှိ ထောက်လှမ်းခြင်း၊ ဆုံးဖြတ်ချက်ချခြင်းနှင့် တုံ့ပြန်ခြင်းလုပ်ငန်းစဉ်များကို အပြန်အလှန်ချိတ်ဆက်ပေးမည့် အထောက်အကူပြုအလွှာအဖြစ် ဖော်ပြထားသည်။ ၎င်းစာချုပ်အစုအဝေး၏ ပထမဆုံးသော သဘောတူညီချက်ကို ဆွီဒင်၏ Saab ကုမ္ပဏီနှင့် လက်မှတ်ရေးထိုးခဲ့ပြီး ၎င်းသည် အီလက်ထရွန်နစ်ထောက်လှမ်းရေးစနစ်ဝယ်ယူရန်ဖြစ်သည်။ ၎င်းကို လက်ရှိ ပိုလန်၏ ထောက်လှမ်းခြင်း၊ စောင့်ကြည့်ခြင်းနှင့် ကင်းထောက်ခြင်းလုပ်ငန်းစဉ်များဖြစ်သော ကင်းထောက်လေယာဉ်များနှင့် Delfin ရေဒီယို-အီလက်ထရွန်နစ် ကင်းထောက်သင်္ဘောစီမံကိန်းတို့နှင့်ချိတ်ဆက်သွားမည်ဖြစ်ပြီး အနည်းဆုံး Delfin သင်္ဘောတစ်စီးကိုမူ ရေချထားပြီးဖြစ်ကြောင်း သိရသည်။ လက်တွေ့ကျကျပြောရမည်ဆိုလျှင် ထောက်လှမ်းရေးစနစ်နှင့် အလိုအလျောက်နှောင့်ယှက်ရေးစနစ်တို့ကို ပေါင်းစပ်လိုက်ခြင်းသည် လျှပ်စစ်သံလိုက်လှိုင်းစဉ်ပေါ်ရှိ ခြိမ်းခြောက်မှုများကို ရှာဖွေတွေ့ရှိချိန်နှင့် တုံ့ပြန်ပစ်ခတ်ချိန်ကြားရှိ ကြာမြင့်ချိန်ကို လျှော့ချရန် ရည်ရွယ်ခြင်းဖြစ်သည်။ အထူးသဖြင့် တုံ့ပြန်ချိန်သည် အနိုင်အရှုံးအတွက် အဆုံးအဖြတ်ဖြစ်သော တန်ပြန်ဒရုန်းစစ်ဆင်ရေးများတွင် ဤပေါင်းစပ်မှုမှာ များစွာအရေးပါသည်။

အမေရိကန်ဒေါ်လာ သန်း ၄၁၀ တန် အီလက်ထရွန်နစ်စစ်ဆင်ရေး ပို့ကုန်စာချုပ်ကို အီလက်ထရွန်နစ်ထောက်လှမ်းခြင်း၊ နှောင့်ယှက်ခြင်းနှင့် တန်ပြန်ဒရုန်းစစ်ဆင်ရေးများအတွက် အဓိကရည်ရွယ်သော ပိုလန်၏ ဝယ်ယူရေးအစီအစဉ်နှင့် တရားဝင်ပေါင်းစပ်လိုက်ခြင်းသည် ရှင်းလင်းသောဦးတည်ချက်တစ်ခုကို ညွှန်ပြနေသည်။ ၎င်းမှာ လျှပ်စစ်သံလိုက်လှိုင်းစဉ်ဆိုင်ရာသိရှိနားလည်မှုနှင့် အီလက်ထရွန်နစ်နည်းဖြင့် သက်ရောက်မှုပေးနိုင်စွမ်းတို့ကို အမျိုးသားလေကြောင်းရန်ကာကွယ်ရေးနှင့် ပူးပေါင်းစစ်ဆင်ရေးများ၏ မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းများအဖြစ် သတ်မှတ်လာခြင်းပင်ဖြစ်သည်။ ပိုလန်အစိုးရက ASELSAN ကုမ္ပဏီထုတ်စနစ်ကို SAN တန်ပြန်ဒရုန်းစီမံကိန်း၏ ရှေ့ပြေးနိမိတ်အဖြစ် ဖော်ပြနေသကဲ့သို့ တူကီယဲအစိုးရကလည်း ယခုလက်မှတ်ရေးထိုးမှုကို ဥရောပတိုက်ဆီသို့ ဦးတည်နေသည့် ကျယ်ပြန့်သောစစ်ရေးလှုပ်ရှားမှုများ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပုံဖော်ထားခြင်းဖြစ်ကြောင်း သိရသည်။

**Poland Selects Türkiye’s ASEL–SAN for Electronic Warfare and Co–unter–Drone Systems** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



ခင်ဦး ဒီဇင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် နှမ်း ၁၂၄၂၂ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၄၁၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ခင်ဦးမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နှမ်း ၁၂၄၂၂ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာ ၁၄၁၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်များဖြင့်စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြား စိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ပြီး ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါတင်ပို့ရောင်းချနိုင်သည့်အကျိုးကျေးဇူးများကြောင့် တောင်သူများအနေဖြင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းလာမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မြန်အောင်မြို့နယ်တွင် ဒေသထွက်ခဝဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ

မြန်အောင် ဒီဇင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ဒေသထွက် ခဝဲသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

မြန်အောင်မြို့နယ်တွင် ဒေသထွက်ခဝဲသီးများ ယခုနှစ် ဒီဇင်ဘာလဒုတိယပတ်မှ စတင်ကာ ယနေ့ထိ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ လက်ရှိ တစ်ရက်လျှင် ခဝဲသီးအလုံးရေ ၃၅၀၀၀ မှ ၅၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ အဆိုပါ ခဝဲသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၂၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ ခဝဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူအားများနေတာပါ။ လက်ရှိတစ်ရက်ကို ခဝဲသီးအလုံးရေ ၅၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခုအရောင်းအဝယ်ကောင်းနေတဲ့ ခဝဲသီးတွေက



ဒေသထွက်ကုန်ဖြစ်တော့ ဈေးသက်သာပြီး သန့်ရှင်းလက်ဆတ်တဲ့စားသောက်ကုန်တွေကိုစားသုံးနိုင်မှာဖြစ်ပါတယ်။ အခုလို ဒေသထွက်ကုန် ခဝဲသီးတွေ အရောင်းအဝယ်ကောင်းလာတော့ ဟင်းသီးဟင်းရွက် စိုက်ပျိုးတဲ့ တောင်သူတွေ အခွင့်အလမ်း ပိုမို အဆင်ပြေလာပါတယ်"ဟု မြန်အောင်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေကပြောပြသည်။

မြန်အောင်မြို့နယ်တွင် လက်ရှိ ခဝဲသီးများအပါအဝင် ဒေသထွက် ဟင်းသီးဟင်းရွက်များပေါ်နေသည့်အချိန် ဖြစ်ကြောင်း၊ အဆိုပါ ခဝဲသီးများ ဝယ်ယူအားကောင်း အရောင်းသွက်လာသည့်အတွက် ထပ်မံတိုးချဲ့ စိုက်ပျိုးရန်ပြင်ဆင်နေကြောင်း၊ ဒေသထွက်ကုန်များ ရောင်းချ နေရသည့်အတွက် သယ်ယူစရိတ်ကုန်ကျမှု သက်သာပြီး အကျိုးကျေးဇူးများစွာရရှိနေကြောင်းသိရသည်။

ကျော်ကျော်လင်း

# အုတ်တွင်းမြို့နယ် သရက်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းပြီးစီးမှုစစ်ဆေး

အုတ်တွင်း ဒီဇင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တဲကြီးကုန်းကျေးရွာအုပ်စု သရက်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းကတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်နိုင်မင်း၊ အုတ်တွင်းမြို့နယ်ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ သရက်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီးခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး လုပ်ငန်းများကို အကျိုးရှိစွာ အသုံးပြုကြရန် ဆွေးနွေးမှာကြားသည်။

အုတ်တွင်းမြို့နယ် သရက်ကုန်းကျေးရွာ၌ လမ်းအရှည်ပေ ၂၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ကိုညို



လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ
နိုင်ငံတော်စီးပွားဖွံ့ဖြိုးရေးအတွက်
အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို
- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# တောင်တွင်းကြီးမြို့နယ် ငါန်းကျကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



တောင်တွင်းကြီး ဒီဇင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငါန်းကျကျေးရွာနှင့် တဲကြီးကုန်းကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက ငါန်းကျကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က ငါန်းကျကျေးရွာနှင့် တဲကြီးကုန်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ငါန်းကျကျေးရွာနှင့် တဲကြီးကုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၈၇ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ငါန်းကျကျေးရွာနှင့် တဲကြီးကုန်းကျေးရွာအတွက် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၇ ဦးကို ငွေကျပ် ၂၇၉ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦးကို ငွေကျပ် ၂၀၁ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ခုနစ်သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၅ ဦးအတွက် ရန်ပုံငွေကျပ် ၄၈၇ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နွဲ့ယဉ်


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင် ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး ပြည်ထောင်စုနယ်မြေအတွင်း မဲရုံများဖွင့်လှစ်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၂၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုနယ်မြေ(တာဝန်ခံ) ဦးမျိုးလှိုင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှတာဝန်ရှိသူများ၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေအတွင်း မဲရုံများ ဖွင့်လှစ်ဆောင်ရွက်ထားရှိမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်တို့၌ မဲရုံများ ဖွင့်လှစ်ထားရှိမှုကိုကြည့်ရှုစစ်ဆေးရာ မဲရုံတာဝန်ရှိသူများက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံများ၌ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများအဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေး၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)အသုံးပြုမဲပေးရာတွင် အရေးပေါ်အခြေအနေများ ပေါ်ပေါက်လာပါက နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်ရေး၊ မဲရုံတွင်လိုအပ်ချက်များမရှိစေရေးကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန်နှင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြင်ဦးလွင်-ဂုတ်ထိပ်ရထားလမ်းပိုင်းနှင့် ရှေးဟောင်းသမိုင်းဝင်ဂုတ်ထိပ်တံတားကြံ့ခိုင်မှုအခြေအနေများကို ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၅

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် RBE ရထားဖြင့် ပြင်ဦးလွင်- ဂုတ်ထိပ်ကြားရှိ ရထားလမ်းပိုင်းနှင့် ရှေးဟောင်းသမိုင်းဝင် ဂုတ်ထိပ်တံတားတို့ကိုသွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် RBE ရထားဖြင့် ပြင်ဦးလွင်- ဂုတ်ထိပ် ရထားလမ်းပိုင်းအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လမ်းပိုင်းအတွင်းရှိ ရထားလမ်းနှင့်တံတားများ ကြံ့ခိုင်မှုရှိစေရေး၊ ဘူတာများသန့်ရှင်းသာယာလှပစေရေးနှင့် လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဂုတ်ထိပ်တံတားထိပ်သို့ ရောက်ရှိရာ မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူးက ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်ဖြစ်သည့် ဂုတ်ထိပ်တံတား၏ ထောက်တိုင်အောက်ခြေများ ကြံ့ခိုင်ရေး ဆောင်ရွက်ထားမှု၊ ပြင်ဦးလွင်-ဂုတ်ထိပ်-ကျောက်မဲ-သီပေါလမ်းပိုင်းကို တောချုံခုတ်ခြင်း၊ လမ်းပိုင်းပြုပြင်ခြင်းဆောင်ရွက်ပြီးစီးမှုနှင့် တံတားဆေးသုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သစ်သားဇလီဖားတုံးများအစား ပိုလီဖိုက်ဘာပလတ်စတစ်ဇလီဖားတုံးများဖြင့် လဲလှယ်တပ်ဆင်ရမည့်အခြေအနေ၊ သံလမ်းဆက် Bolt and Nut များ၊ သံလမ်းထိန်းကလစ်များကိုနေ့စဉ်ကြံ့ခိုင်ရေးစစ်ဆေးရန်၊ တံတားကြံ့ခိုင်ရေးအတွက် မီးရထားဌာနလမ်းတံတားအင်ဂျင်နီယာများက သုံးလ တစ်ကြိမ်စစ်ဆေးပြီး ပြင်ဆင်ဆောင်ရွက်ရန်များရှိက ချက်ချင်း ပြင်ဆင်ဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် RBE ရထားဖြင့် ခရီးသွားပြည်သူများ သဘာဝပတ်ဝန်းကျင်အလှအပများနှင့် ဂုတ်ထိပ်တံတားကို ရှုမြင်နိုင်သော ရှုမျှော်ခင်းကြည့်နေရာသို့ သွားရောက်၍ လာရောက်လည်ပတ်ကြသည့် ခရီးသွားပြည်သူများ သဘာဝရှုခင်းများကို အဆင်ပြေစွာကြည့်ရှုနိုင်ရေး ရှုမျှော်ခင်းကြည့်နေရာကို စနစ်တကျဆောင်ရွက်ပေးရန် မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ကို လက်ခံတွေ့ဆုံ



ရန်ကုန် ဒီဇင်ဘာ ၂၅

မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့( MISIS )ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ မစ္စတာ အလက်ဇီဘာရှန် ဦးဆောင်သည့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့ကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယနေ့လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရွေးကောက်ပွဲဆိုင်ရာအချက်အလက်နှင့် လုပ်ငန်းစဉ်များ၊ အနာဂတ်တွင် ပေါ်ပေါက်လာမည့် လွှတ်တော်နှင့် ဘယ်လာရုစ်လွှတ်တော်တို့အကြား ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ ဘယ်လာရုစ်ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ လာရောက်တွေ့ဆုံမှုသည် MISIS နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံမှ သက်ဆိုင်ရာအဖွဲ့အစည်းများအကြား အပြန်အလှန်နားလည်မှုကိုပိုမိုခိုင်မာစေပြီး အပြုသဘောဆောင်သည့် ထိတွေ့ဆက်ဆံမှုတစ်ရပ်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး သာသနိကအဆောက်အအုံများကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၇၈ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ၏ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် စာပြန်သံဃာတော်များအား ပြည်ထောင်စုဝန်ကြီးများက လာရောက်ဖူးမြော်ကြည်ညို



ရန်ကုန် ဒီဇင်ဘာ ၂၅

၇၈ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပလျက်ရှိရာ ယနေ့နံနက်တွင် စာမေးပွဲကျင်းပရာသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများက လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများသည် မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ သီတင်းသုံးတော်မူလျက်ရှိသော တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီး ကိုးပါးတို့ကို ဖူးမြော်ကြည်ညို၍ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံရွှေကျောင်းတိုက်သစ် ပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် တိပိဋကဓရ တိပိဋကကောဝိဒဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသထံမှ ဩဝါဒခံယူကြပြီး တိပိဋကဓရ တိပိဋကကောဝိဒဩဝါဒါစရိယ ဆရာတော်ကြီးများထံ သင်္ကန်းစသောနဝကမ္မလှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ဩဝါဒါစရိယအဖွဲ့အကျိုးတော်ဆောင်ဆရာတော် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒါဘိဝံသထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း အာဂုံပြန်ဆိုတော်မူကြသော တိပိဋကဓရ တိပိဋကကောဝိဒစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုလျက်ရှိကြသည့်စာပြန်သံဃာတော်များကို လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

၇၈ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်ထိ ၃၃ ရက်တိုင် ကျင်းပသွားမည်ဖြစ်ပြီး စာဖြေသံဃာစုစုပေါင်း ၅၂၆ ပါး ဝင်ရောက်ပြန်ဆို၊ ဖြေဆိုကြမည်ဖြစ်ကာ ယနေ့ တိပိဋကဓရ တိပိဋကကောဝိဒစာမေးပွဲတွင် အဘိဓမ္မာ(ဒုတိယပိုင်း) စာပြန်သံဃာ တစ်ပါး၊ အဘိဓမ္မာ(ပထမပိုင်း) စာပြန်သံဃာ သုံးပါး၊ ဒီဃနိကာယ် စာပြန်သံဃာ တစ်ပါး၊ ဝိနည်း(ဒုတိယပိုင်း) စာပြန်သံဃာ ၃၅ ပါး၊ ဝိနည်း(ပထမပိုင်း) စာပြန်သံဃာအပါး ၃၀၊ စုစုပေါင်း အပါး ၇၀ တို့ အာဂုံပြန်ဆိုလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကေဗွီ ၂၃၀ လှိုင်သာယာပင်မဓာတ်အားခွဲရုံ၏ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုကို ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၂၅

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ အမှတ်(၄)လမ်းမကို ရှစ်လမ်းသွားလမ်းမကြီးအဖြစ် အဆင့်မြှင့်တင်တိုးချဲ့ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် လမ်းနယ်နှင့်မလွတ်ကင်းသော ဓာတ်အားလိုင်းများ လမ်းမကြီးနှင့် လွတ်ကင်းရာသို့ ပြောင်းရွှေ့တည်ဆောက်ခြင်း ဆောင်ရွက်ပြီးစီးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေပြည်သာမြို့နယ်သို့ရောက်ရှိရာ အမှတ်(၄) လမ်းမကို ရှစ်လမ်းသွားလမ်းမကြီးအဖြစ် အဆင့်မြှင့်တင်တိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းနယ်နှင့် မလွတ်ကင်းသော ၃၃ ကေဗွီ၊ ၁၁ ကေဗွီနှင့် ဗို့ ၄၀၀ ဓာတ်အားလိုင်းများကိုလမ်းမကြီးနှင့် လွတ်ကင်းရာသို့ ပြောင်းရွှေ့ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဒညင်းကုန်းလမ်းဆုံ မီးရထားသံလမ်းအနီးရှိ ၆၆ ကေဗွီ လှော်ကား-ရွာမ သံမဏိဓာတ်အားလိုင်းတိုင်များ ပြောင်းရွှေ့တည်ဆောက်နေမှု၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အနော်ရထာလမ်းမှ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်လမ်းအဝိုင်းထိ ဧရာဝတီလမ်းတစ်လျှောက်ဆက်သွယ်ရေးဖိုက်ဘာကေဘယ်လိုင်းများ ပြောင်းရွှေ့ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးနေမှု၊အနော်ရထာစက်မှုဇုန်ရောဝတီလမ်းမကြီးပေါ်ရှိ ရှုပ်ထွေးဓာတ်အားလိုင်းကြိုးများ ရှင်းလင်းပြီးစီးမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ကျန်ရှိသည့်ဓာတ်အားလိုင်းများ ဖြုတ်သိမ်းခြင်းနှင့် ရွှေ့ပြောင်းတည်ဆောက်ခြင်းလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးနိုင်ရေး စနစ်တကျဆောင်ရွက်သွားရန်၊ ဓာတ်အားလိုင်းအဟောင်း ပြန်လည်ဖြုတ်သိမ်းခြင်းမှ ဆယ်တင်ပစ္စည်းများကို စနစ်တကျစာရင်းပြုစုသိမ်းဆည်းထားရှိရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လှိုင်သာယာမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန ကေဗွီ ၂၃၀ လှိုင်သာယာပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး Switch Yard အတွင်း ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ၏ ဓာတ်အားထိန်းညှိဖြန့်ဖြူးပေးထားမှု အခြေအနေ၊ လှိုင်သာယာစက်မှုဇုန်သို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုနှင့် ဓာတ်အားထိန်းချုပ်ခန်းအတွင်း ဓာတ်အားလက်ခံပို့လွှတ်ထားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ကို ဓာတ်အားခွဲရုံအစည်းအဝေးခန်းမတွင် တာဝန်ရှိသူများက ဓာတ်အားခွဲရုံဆိုင်ရာ အချက်အလက်များ၊ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမှုဆိုင်ရာအချက်အလက်များနှင့် လှိုင်သာယာစက်မှုဇုန်သို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လှိုင်သာယာပင်မဓာတ်အားခွဲရုံသည် အများပြည်သူနှင့် လှိုင်သာယာစက်မှုဇုန်သို့ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေသည့် ဓာတ်အားခွဲရုံကြီးဖြစ်ပြီး ဓာတ်အားစဉ်ဆက်မပြတ်ပို့လွှတ်ဖြန့်ဖြူးပေးနေသည့်အတွက် ဓာတ်အားခွဲရုံရှိ ဓာတ်အားလွှတ်ပစ္စည်းများ ချို့ယွင်းမှုဖြစ်၍ ဓာတ်အားပြတ်တောက်ရခြင်းမျိုး မဖြစ်ပေါ်စေရန်အတွက် ဓာတ်အားခွဲရုံသုံးလျှပ်စစ်ပစ္စည်းများ၊ ထရန်စဖော်မာများနှင့်ဓာတ်အားလိုင်းများအစဉ်အမြဲကြံ့ခိုင်ကောင်းမွန်နေစေရန် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို စနစ်တကျပုံမှန်စစ်ဆေးဆောင်ရွက်သွားရန်၊ ဓာတ်အားခွဲရုံအတွင်း၊ အပြင် သန့်ရှင်းသာယာလှပရေးဆောင်ရွက်သွားရန်၊ ဝန်ထမ်းများ သက်သာချောင်ချိရေး ဓာတ်အားခွဲရုံမြေနေရာလွတ်များတွင် သီးပင်၊ စားပင်များ စိုက်ပျိုးသွားရန်၊ ဝန်ထမ်းအိမ်ရာများပျက်စီးမှုမရှိစေရေးစနစ်တကျထိန်းသိမ်းပြုပြင်ဆောင်ရွက်သွားရန်နှင့် သန့်ရှင်းသပ်ရပ်စွာနေထိုင်သွားရန်၊ ဝန်ထမ်းများ ငွေကြေးသုံးစွဲမှုကို ခြိုးခြံချွေတာသုံးစွဲသွားရန်၊ လျှပ်စစ်မီးနှင့်ရေသုံးစွဲမှုကိုလည်း ချွေတာသုံးစွဲသွားရန်၊ ယခု ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပမည်ဖြစ်၍ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး အပြည့်အဝမဲပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးသွားရန်နှင့် မိမိတို့ဒေသ၊ မိမိတို့မြို့နယ်၊ မိမိတို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မည့်ပုဂ္ဂိုလ်များကို ရွေးချယ်မဲပေးသွားရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

☆ **မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲမှ**

သွင်းဂိုးများကို ပွဲချိန် ၇၆ မိနစ်နှင့် ၈၁ မိနစ်တို့တွင် မီချယ်ကသွင်းယူနိုင်ခဲ့သည်။

ညနေ ၄နာရီက သုဝဏ္ဏအားကစားကွင်းတွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ကစားခဲ့ရာ ဒဂုံစတားအသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဒဂုံစတားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၄မိနစ်နှင့် ၃၇မိနစ်တွင် အောင်သီဟက သွင်းယူပေးခဲ့ပြီး ပွဲချိန် ၄၅ မိနစ်အပြီး အချိန်ပိုနှစ်မိနစ်တွင် ဟံသာဝတီယူနိုက်တက်အသင်းမှ ပြည့်ဖြိုးဇော်က ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့သည့်အတွက် ဒဂုံစတားအသင်း တတိယမြောက်ဂိုးရရှိခဲ့ကာ ဟံသာဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၂၈မိနစ်၌ သန်းတိုးအောင်က သွင်းယူနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ဒဂုံစတားအသင်းမှ ကွင်းလယ်ကစားသမား ရန်နိုင်ဦးကဆွတ်ခူးနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၉) ပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက ရှစ်ပွဲနိုင် တစ်ပွဲသရေ ရှုံးပွဲမရှိသေးဘဲ ရမှတ် ၂၅ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နေပြီး ရန်ကုန်ယူနိုက်တက်အသင်းကလည်း ခုနစ်ပွဲနိုင် တစ်ပွဲသရေ တစ်ပွဲရှုံး ရမှတ် ၂၂မှတ်ဖြင့် အဆင့်(၂)နေရာမှ ဖိအားပေးလျက်ရှိနေကြောင်း သိရသည်။ STA

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၂၅

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် သုံးဆယ်ကျေးရွာအုပ်စု ငုက္ခလေးကျေးရွာအနီးတွင် တည်ထားကိုးကွယ်တော်မူသော ရာဇအောင်မြေစေတီတော်မြတ်ကြီးအား ရွှေထီးတော်တင်လှူပူဇော်၍ ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်




ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် သုံးဆယ်ကျေးရွာအုပ်စု ငုက္ခလေးကျေးရွာအနီးတွင် တည်ထားကိုးကွယ်တော်မူသော ရာဇအောင်မြေစေတီတော်မြတ်ကြီးအား ရွှေထီးတော်တင်လှူပူဇော်၍ ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် သုံးဆယ်ကျေးရွာအုပ်စု ငုက္ခလေးကျေးရွာအနီးတွင် တည်ထားကိုးကွယ်တော်မူသော ရာဇအောင်မြေစေတီတော်မြတ်ကြီးအား ရွှေထီးတော်တင်လှူပူဇော်၍ ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်၌ပြုလုပ်ရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးမြို့ ခမ္မိကာရာမတိုက် ရတနာပုံကျောင်း ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒ အမှူးပြု၍ ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မန္တလေးတပ်နယ်နှင့် ပြင်ဦးလွင်တပ်နယ်တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝတ်အသင်းများ၊ စေတနာရှင်အလှူရှင်များ၊ ဧည့်ပရိသတ်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဘုရားဖူးလာပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးမြို့ ခမ္မိကာရာမတိုက် ရတနာပုံကျောင်း ဦးစီးပဓာန နာယက ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ဆရာတော်ကြီးများထံ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးမြို့ ဝိဘဇ္ဇဝါဒီကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာဘိဝံသထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်ပြီး တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပင့်ဆောင်ပူဇော်ကြသည်။ ယင်းနောက် မင်္ဂလာအချိန်၌ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို မင်္ဂလာပန်းရထားဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကာ တင်လှူပူဇော်ကြပြီး ဆရာတော်၊ သံဃာတော်များက "ဇယန္တော ဗောဓိယာမူလေ" အစချီသော ဂါထာကို သုံးကြိမ်ရွတ်ဖတ်ပူဇော်ကြပြီး ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနား ဆက်လက်ကျင်းပ၍ ပရိတ်နံ့သာရည်များပက်ဖျန်းကာ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့် တင်လှူပူဇော်အောင်မြင်ခြင်း အထိမ်းအမှတ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကာ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြွရောက်လာသော ဆရာတော်ကြီးများ၊ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

**ရှေ့ဖုံးမှအဆက်**

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပူးတွဲ**

**အပိုင်း ( ၃ ) တွင် ပါဝင်သည့် မြို့နယ်များစာရင်း**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ပါဝင်သည့်မြို့နယ်များ | မှတ်ချက် |
|---|---|---|---|
| ၁ | ကချင် | ၁။ ဗန်းမော် | |
| | | ၂။ မံစီ | |
| | | ၃။ မိုးမောက် | |
| | | ၄။ ဖားကန့် | |
| | | ၅။ ရွှေကူ | |
| ၂ | ကရင် | ၁။ ကော့ကရိတ် | |
| | | ၂။ ကြာအင်းဆိပ်ကြီး | |
| ၃ | စစ်ကိုင်း | ၁။ ကနီ | |
| | | ၂။ ဆားလင်းကြီး | |
| ၄ | တနင်္သာရီ | ၁။ လောင်းလုံး | |
| | | ၂။ သရက်ချောင်း | |
| | | ၃။ ပုလော | |
| ၅ | ပဲခူး | ၁။ ကျောက်ကြီး | |
| | | ၂။ ကျောက်တံခါး | |
| | | ၃။ ဖြူး | |
| | | ၄။ အုတ်တွင်း | |
| | | ၅။ သဲကုန်း | |
| | | ၆။ ဝေါ | |
| | | ၇။ ကြို့ပင်ကောက် | |
| | | ၈။ အုတ်ဖို | |
| ၆ | မန္တလေး | ၁။ မြစ်သား | |
| | | ၂။ ချမ်းမြသာစည် | |
| | | ၃။ မလှိုင် | |
| | | ၄။ တောင်သာ | |
| | | ၅။ မြင်းခြံ | |
| | | ၆။ ငါန်းဇွန် | |
| | | ၇။ သပိတ်ကျင်း | |
| | | ၈။ ပုသိမ်ကြီး | |
| ၇ | ရန်ကုန် | ၁။ ဒဂုံ | |
| | | ၂။ လမ်းမတော် | |
| | | ၃။ ဆိပ်ကြီး/ခနောင်တို | |
| | | ၄။ ဒလ | |
| | | ၅။ ဒဂုံမြို့သစ်(ဆိပ်ကမ်း) | |
| | | ၆။ ဒဂုံမြို့သစ်(အရှေ့ပိုင်း) | |
| | | ၇။ မင်္ဂလာတောင်ညွန့် | |
| | | ၈။ သာကေတ | |
| | | ၉။ မြောက်ဥက္ကလာပ | |
| | | ၁၀။ တာမွေ | |
| | | ၁၁။ ရန်ကင်း | |
| | | ၁၂။ ကျောက်တန်း | |
| | | ၁၃။ ခရမ်း | |
| | | ၁၄။ သုံးခွ | |
| | | ၁၅။ စမ်းချောင်း | |
| | | ၁၆။ လှိုင်သာယာ(အနောက်ပိုင်း) | |
| | | ၁၇။ လှိုင်သာယာ(အရှေ့ပိုင်း) | |
| ၈ | ရှမ်း | ၁။ မက်မန်း | |
| | | ၂။ ပင်လောင်း | |
| | | ၃။ ညောင်ရွှေ | |
| | | ၄။ ဖယ်ခုံ | |
| | | ၅။ မိုးနဲ | |
| | | ၆။ ကျေးသီး | |
| | | ၇။ မိုင်းရှူး | |
| | | ၈။ သီပေါ | |
| | | ၉။ ကျောက်မဲ | |
| ၉ | ဧရာဝတီ | ၁။ ရေကြည် | |
| | | ၂။ ငပုတော | |
| | | ၃။ ဒေးဒရဲ | |
| | | ၄။ ညောင်တုန်း | |
| | | ၅။ ဓနုဖြူ | |
| | | ၆။ အင်္ဂပူ | |
| | | ၇။ မော်လမြိုင်ကျွန်း | |
| | | ၈။ ဇလွန် | |
| | | ၉။ လေးမျက်နှာ | |

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် ရေထွက်ဦးလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် ရေထွက်ဦးလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ် ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါနေရာ၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဘင်ခရာ ပန်းဖွားအကအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြပြီး ကတ္တရာလမ်းသစ်ကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# တောင်ကြီးမြို့ရှိ ရပ်ကွက်များ၌ မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၅

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ပြည်နယ်လွှတ်တော် ခန်းမဆောင်၌ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်များက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) စက်များ လာရောက်ထုတ်ယူမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့ ရွှေတောင်ရပ်ကွက်၊ ချမ်းမြသာစည်ရပ်ကွက်၊ ရေအေးကွင်း ရပ်ကွက်တို့၌ ယနေ့နံနက်ပိုင်းက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ရပ်ကွက်များရှိ မဲဆန္ဒရှင်များက မိမိမဲစာရင်းများလာရောက်ကြည့်ရှုနေမှုအခြေအနေများ၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်တို့နှင့်ပတ်သက်၍ သွားရောက်ကြည့်ရှုကြရာ မဲရုံတာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး ရှင်းလင်းတင်ပြမှုအပေါ် တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးတို့ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး မဲရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



# လားရှိုးမြို့တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦးနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများနှင့် မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

လားရှိုးမြို့တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးတင်ပြမှုများအပေါ် တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ အမှတ်(၁၀)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှိ မဲရုံတွင် ပြည်သူများ မဲစာရင်းကြည့်ရှုနေမှုများကို လိုက်လံကြည့်ရှုပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်းရှိ ပြည်သူ့ဝန်ဆောင်မှုရုံးတွင် မဲပေးစက်နှင့် ဆက်စပ်ပစ္စည်းများ သိုလှောင်ထားရှိမှုအခြေအနေများ၊ လုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဒုတိယဥက္ကဋ္ဌ မစ္စတာ အလက်ဇီ ဘာရှန် ဦးဆောင်သော ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၅

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး အဖွဲ့များက လာရောက်လေ့လာကြမည်ဖြစ်ပြီး ယမန်နေ့ညပိုင်းက ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ မစ္စတာ အလက်ဇီ ဘာရှန် ဦးဆောင်သော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့သည် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ရွေးကောက်ပွဲစောင့်ကြည့် လေ့လာရေးအဖွဲ့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ဒစ်ဂျစ်တယ်စီးပွားရေးအခြေခံအဆောက်အအုံနှင့် ဆိုက်ဘာလုံခြုံရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၂၅

ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီအောက်ရှိ ဒစ်ဂျစ်တယ်စီးပွားရေးအခြေခံအဆောက်အအုံနှင့် ဆိုက်ဘာလုံခြုံရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ (၂/၂၀၂၅)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ ရုံးအမှတ်(၂)၌ ကျင်းပသည်။

ဦးစွာ ဒစ်ဂျစ်တယ်စီးပွားရေး အခြေခံအဆောက်အအုံနှင့် ဆိုက်ဘာလုံခြုံရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် Living Document အဖြစ် ထုတ်ပြန်ပြီးဖြစ်သည့် မြန်မာဒစ်ဂျစ်တယ်စီးပွားရေး လမ်းပြမြေပုံ ၂၀၃၀ ပါ ဒစ်ဂျစ်တယ်စီးပွားရေးအခြေခံအဆောက်အအုံနှင့် ဆိုက်ဘာလုံခြုံရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီက ဆောင်ရွက်ရမည့် Action Plan များနှင့်စပ်လျဉ်း၍ ကော်မတီအနေဖြင့် လက်ရှိဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ယခင်ကျင်းပခဲ့သည့် (၁/၂၀၂၅) အစည်းအဝေး ဆုံးဖြတ်ချက်များအရ ဆောင်ရွက်ရန်ကျန်ရှိသည်များကို ဆက်လက်ဆောင်ရွက်သွားရန်၊ အတည်ပြုထုတ်ပြန်ပြီးဖြစ်သည့် မြန်မာဒစ်ဂျစ်တယ်စီးပွားရေး လမ်းပြမြေပုံ ၂၀၃၀ တွင် ပါရှိသည့် ကော်မတီနှင့်သက်ဆိုင်သည့် လုပ်ငန်းတာဝန်များ အောင်မြင်စွာဆောင်ရွက်နိုင်ရေး ဝန်ကြီးဌာနအချင်းချင်း အဆင့်လိုက် ပူးပေါင်းဆောင်ရွက်သွားရန်နှင့် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများကို ဒစ်ဂျစ်တယ်အသွင်သို့ကူးပြောင်း၍ ပြည်သူအားလုံး ညီတူညီမျှ ပါဝင်ဆောင်ရွက်နိုင်စေခြင်းဖြင့် နိုင်ငံတော်၏ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ပြသည့် အညွှန်းကိန်းများ တိုးတက်ရေးကို ဆက်လက်ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားသည်။

အစည်းအဝေးသို့ ဒစ်ဂျစ်တယ်စီးပွားရေးအခြေခံအဆောက်အအုံနှင့် ဆိုက်ဘာလုံခြုံရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များဖြစ်သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းနှင့် Myanmar Digital Economy Association တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၆၀၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၂၅

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကိုသင့်တင့်သောဈေးနှုန်းဖြင့်ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ယခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၀၆၀ ဖြစ်ကြောင်း စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးသူများ ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲခဲ့မှုမှ ပြစ်မှုကျူးလွန်သူ နှစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂၅

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက် ည ၇ နာရီ ၂၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး(အနောက်)ရပ်ကွက် အထက်ပန်းဆိုးတန်းလမ်း တိုက်အမှတ်(၈၄) နှင့် (၈၆) ကြားတွင် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးသူများက အများပြည်သူ ထိခိုက်စေရန်ရည်ရွယ်၍ လက်လုပ်မိုင်းကို အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် လမ်းဘေး၌ ရပ်တန့်ထားသော YGN-18 1E/7972 NISSAN TIIDA LATIO မော်တော်ယာဉ်တွင် ဝဲယာဘက်မှန်တံခါး လေးချပ်နှင့် ယာဘက်ခြမ်းတံခါးများတွင် မိုင်းပေါက်ကွဲစများ ထိမှန်ခဲ့ရာ တန်ဖိုးငွေကျပ် ၁၈ သိန်းခန့် ပျက်စီးဆုံးရှုံးခဲ့သည်။

ဖြစ်စဉ်မှ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးသူများကို ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက စဉ်ဆက်မပြတ် စုံစမ်းဖော်ထုတ်ခဲ့ရာ အကြမ်းဖက်မှုကိုမလိုလားသည့် ပြည်သူများ၏ သတင်းပေးပို့ချက်အရ ပြစ်မှုကျူးလွန်သူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၅)ရပ်ကွက် စွယ်တော်လမ်း အမှတ်(၁၉၈)နေ ကြည်ကြည်ရွှေ ၃၇ နှစ် (ဘ) ဦးစိန်မြင့်နှင့် အချင်းဖြစ်ရပ်သို့ လိုက်ပါလာသည့် ၎င်း၏သားဖြစ်သူ မောင်လင်းလတ်ဟိန်း (ဘ) ဦးနိုင်လင်းတို့ နှစ်ဦးကို ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဗုံးဖောက်ခွဲရန် ခိုင်းစေသူ ကိုလင်း (ဖမ်းဆီးရန်ကျန်)က Kpay Account ဖြင့် ပေးအပ်သည့်ငွေကျပ် ၃၅၀၀၀၀ မှ သုံးစွဲပြီးကျန်ငွေ ၂၄၅၀၀၀ ဖုန်းနံပါတ် ၀၉-၇၅၁၁၄၂၈၄၁ နှင့် ၀၉-၆၉၄၂၂၅၄၄၀ နံပါတ်ပါ itel P65 အမျိုးအစား လက်ကိုင်ဖုန်း တစ်လုံး၊ ပြစ်မှုကျူးလွန်စဉ်က ကြည်ကြည်ရွှေ ဝတ်ဆင်ခဲ့သည့် ရှပ်အင်္ကျီလက်ရှည် တစ်ထည်၊ အနက်ရောင် လက်တိုတီရှပ်အင်္ကျီ တစ်ထည်၊ CONVERSE စာတန်းပါ ခဲရောင်ဘောင်းဘီအရှည် တစ်ထည်၊ XAVIER DANAUD စာတန်းပါ အနက်ရောင် အမျိုးသမီးကိုင် ဘေးလွယ်အိတ် တစ်လုံး၊ ပန်းရောင်ကွင်းထိုးဖိနပ် တစ်ရန်၊ ပြစ်မှုကျူးလွန်စဉ်က မောင်လင်းလတ်ဟိန်း ဝတ်ဆင်ခဲ့သည့် တီရှပ်အင်္ကျီလက်တို တစ်ထည်၊ ဂျင်းဘောင်းဘီအရှည် တစ်ထည်၊ ကွင်းထိုးအပြာရောင်ဖိနပ် တစ်ရန်တို့နှင့်အတူ ၎င်းတို့၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သဖြင့် မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းက (ပ) ၉၄၃/၂၀၂၅ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ဈ) ဖြင့် အမှုဖွင့်အရေးယူခဲ့သည်။



မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းက (ပ) ၉၄၃/၂၀၂၅ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ-၅၀(ဈ) အမှုမှ ပြစ်မှုကျူးလွန်သူ ကြည်ကြည်ရွှေ ၃၇ နှစ် (ဘ) ဦးစိန်မြင့်နှင့် သက်သေခံပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

စစ်ဆေးဖော်ထုတ်ချက်အရ ကြည်ကြည်ရွှေသည် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့မရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၉၄/၃၄ အမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်နှစ် ၂၀ ကျခံနေသည့် ဒုတိယခင်ပွန်းဖြစ်သူ ဖော်လင်း(ခ) ဖော်ကြီးအား ထောင်ဝင်စာသွားရောက်တွေ့ဆုံစဉ် ဖော်လင်း (ခ) ဖော်ကြီး၏ ဆက်သွယ်ပေးမှုအရ ကိုလင်း (ဖမ်းဆီးရန်ကျန်)ထံ Telegram မှတစ်ဆင့် ဆက်သွယ်ခဲ့ရာ ကိုလင်း(ဖမ်းဆီးရန်ကျန်)၏ ခိုင်းစေချက်အရ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်လမ်းဆုံသို့ သွားရောက်ကာ မနွေ (ဖမ်းဆီးရန်ကျန်)ထံမှ လက်လုပ်ဗုံးပါ အထုပ် တစ်ထုပ်ကို ယူဆောင်ခဲ့ကြောင်း၊ အဆိုပါ လက်လုပ်ဗုံးကို မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး(အနောက်) ရပ်ကွက် အထက်ပန်းဆိုးတန်းလမ်း တိုက်အမှတ် (၈၄)နှင့် (၈၆) တိုက်နှစ်လုံး ကြားတွင် ချထားခဲ့ပြီး ကိုလင်း (ဖမ်းဆီးရန်ကျန်)ထံ Telegram မှ တစ်ဆင့် ဆက်သွယ်ပြီးနောက် ဗုံးမှာ ပေါက်ကွဲသွားခဲ့ကြောင်း၊ ထို့နောက် Kpay Account ဖြင့် ၎င်းထံသို့ ငွေကျပ် ၃၅၀၀၀၀ ကို သုံးကြိမ်ခွဲ၍ လွှဲပို့ပေးခဲ့ကြောင်း စစ်ဆေးသိရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရာတွင် ပူးပေါင်းပါဝင်သူ ဖမ်းဆီးရန်ကျန် တရားခံများကို ဖမ်းဆီးရမိရေးနှင့် ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

ကချင်ပြည်နယ်၌ ဖမ်းဆီးရမိမှု


Motorcycle Battery


Motorcycle Tyres

တနင်္သာရီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု


တရားမဝင် ကုန်ပစ္စည်းများ


"ဟသ်ာမင်း" သစ်သားကိုယ်ထည်လှေ (အလျား ၁၀၅ ပေ၊ အနံ ၂၁ ပေ၊ ရေစူး ၉ ပေ ၆)

ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု


တရားမဝင် သစ်များ


တရားမဝင် သစ်များ

**❖ ဖမ်းဆီးရမိမှုအဆက်**

လုပ်ငန်းသုံးပစ္စည်း ၁၆ မျိုး၊ လျှပ်စစ်ပစ္စည်း ခြောက်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၅၇၉၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၁ ရက်တွင် စစ်ကိုင်းမြို့နယ် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် လေးစီးပေါ်မှ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ၃၄၇ ဂါလန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၇၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၂ ရက်နှင့် ၂၀ ရက်တို့တွင် အုတ်တွင်းမြို့နယ်၊ တောင်ငူမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ထော်လာဂျီ တစ်စီး၊ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀ ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ သာယာဝတီမြို့နယ်အတွင်း၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၅၇၆ တန် ခန့်မှန်းတန်ဖိုးငွေကျပ်၂၈၃၅၀၀ ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၈၃၅၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၆ ရက်တွင် ဂန့်ဂေါမြို့နယ်၊ အောင်လံမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ဒီဇင်ဘာ ၁၇ ရက်တွင် ပွင့်ဖြူမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မကွေးမြို့နယ် ကျစ်စုံပွေးကျေးရွာ၌ တရားမဝင်မီးသွေး ပေါင် ၃၀ ဝင် ၈၁ အိတ် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၃၀၀၀ ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၇၄၃၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၄ ရက်တွင် ဘီးလင်းမြို့နယ် သကြားစက်လမ်းဆုံ၌ တရားမဝင်ကုန်ပစ္စည်းတင်ယာဉ် Yutong Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ ကိုလည်းကောင်း၊ ဒီဇင်ဘာ ၁၇ ရက်တွင် ဘီးလင်းမြို့နယ် ရွှေသံလွင်တိုးဂိတ်ဟောင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် သုံးစီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀ ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၂ ရက်နှင့် ၁၆ ရက်တို့တွင် ဗဟန်းမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ တွံတေးမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ခြောက်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၈၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် ဒီဇင်ဘာ ၄ ရက်၊ ၁၂ ရက်၊ ၁၆ ရက်၊ ၁၇ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၃၀ မှ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၉၀၅၀၀ ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်တို့အတွင်း၌ တရားမဝင်အခြားသစ် ၄ ဒသမ ၈၉၁ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၁၁၆၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၈ ရက်တွင် မြစ်ကြီးနားမြို့နယ် ရွှေညောင်ပင်ရပ်ကွက် အမှတ်(၄၆၂)ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၈၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၂ ရက်တွင် စစ်ကိုင်းမြို့နယ် ရတနာပုံတံတားပူးပေါင်း စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီး ပေါ်မှတရားဝင်စာရွက်စာတမ်းအထောက် အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက် ကုန်ပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀ နှင့် လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်း ကောင်း၊ စစ်ကိုင်းမြို့ မြို့အဝင်စစ်ဆေးရေး ဂိတ်၌ တရားမဝင် ရွှေသတ္တုတူးဖော်ရာ တွင်အသုံးပြုသည့် မုံအိုး ၁၉ လုံးနှင့် ဆက်စပ်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၃၀၀၀၀၀ ကိုမြန်မာ့သတ္တုတွင်း ဥပဒေအရလည်းကောင်း၊ ရွှေဘိုမြို့နယ် အမှတ်(၁၄)ရပ်ကွက် အနော်ရထာလမ်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်း ကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၇၀၀၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၄ ရက်တွင် မြိတ်မြို့နယ် ၄ကျဲသိုက်တောင်ကျွန်းအနီး၌ ရေယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန် ပစ္စည်း ၂၇ မျိုး ခန့်မှန်း တန်ဖိုးငွေကျပ် ၄၇၄၈၇၂၈၀၀ နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် ရေယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၇၄၈၇၂၈၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၁ ရက်တွင် ကျိုက်မရောမြို့နယ် စံပယ်ဂူတံတားအနီး၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီဂါလန် ၂၄၀ နှင့် ဓာတ်ဆီ ဂါလန် ၂၄၀ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၇၆၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေ နှင့်အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၉ ရက်နှင့် ၁၅ ရက်တို့တွင် တိုက်ကြီးမြို့နယ်၊ လှည်းကူးမြို့နယ်တို့အတွင်း၌ တရားမဝင်အခြားသစ် ၄ ဒသမ ၁၈၂ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၇၇၂၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၇ ရက်တွင် ဖျာပုံမြို့နယ် (၁၆)ရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၂ ရက်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းခုနစ်မျိုး ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၄၇၃၀၀၀၀ ကိုလည်းကောင်း၊ ဒီဇင်ဘာ ၂၃ ရက်တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၉၃၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ယခုနှစ် ဒီဇင်ဘာ ၄ ရက်၊ ၉ ရက်၊ ၁၁ ရက်၊ ၁၅ ရက်၊ ၁၇ ရက်၊ ၁၈ ရက်၊ ၁၉ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၁၆ မှု မှ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၈၁၄၀၁၆၉၆ ကို ဖမ်းဆီးရမိခဲ့သည်။

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိက အဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် အဆိုပါတရားမဝင် တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။



KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် လေးထပ်တိုက် လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။

❐ KK Park နယ်မြေမှ

တရားမဝင် လေးထပ်အဆောက်အအုံ သုံးလုံး၊ သုံးထပ်အဆောက်အအုံ နှစ်လုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၄၉၉ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ KK Park နယ်မြေအတွင်းရှိ အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင် အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လေးထပ်အဆောက်အအုံ သုံးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း အဆောက်အအုံ ၄၉ လုံးကို ရာခိုင်နှုန်းပြည့်ဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ငါးအပြင် KK park နှင့် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများကို ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဧပြ)



KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက် လူနေအဆောက်အအုံကို လေအိုးမီးအိုးဖြင့် ဖျက်ဆီးမှုမှတ်တမ်းဓာတ်ပုံ။





ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။

# ချမ်းမြသာစည်မြို့နယ်တွင် ငွေကျပ် ၃၅၇၅ သိန်းတန်ဖိုးရှိ ဘိန်းဖြူ ၁၄ ကီလိုကျော် ဖမ်းဆီးရမိ



အောင်မြင့်နှင့် ဝင်းမြိုင်တို့ကို ဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့် အတူ တွေ့ရစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၅

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၁ ရက် ညနေ ၅ နာရီခွဲတွင် သတင်းအရ ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက် ၅၆(A) x ၁၁၀ လမ်းထောင့်တွင် အောင်မြင့် မောင်းနှင်ပြီး ဝင်းမြိုင်လိုက်ပါလာသော TOYOTA LAND CRUISER မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူ ၄ ဒသမ ၄ ကီလို (ငွေကျပ် ၁၁၀၀ သိန်း)အား ဖမ်းဆီးရမိပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ ည ၆ နာရီခွဲတွင် ၎င်းတို့ နှစ်ဦးနေထိုင်သည့် အမရပူရမြို့နယ် “၀၀”(၂)ရပ်ကွက်ရှိနေအိမ်မှ ဘိန်းဖြူ ၉ ဒသမ ၉ ကီလို(၎င်းဒေသတန်ဖိုးငွေကျပ် ၂၄၇၅ သိန်း)ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းဘိန်းဖြူ ၁၄ ဒသမ ၃ ကီလို(၎င်းဒေသတန်ဖိုးငွေကျပ် ၃၅၇၅ သိန်း)အား ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိဘိန်းဖြူများကို ဖယ်ခုံမြို့နယ်နေ ကျော်ဦး(ဖမ်းဆီးရန်ကျန်)မှ မန္တလေးသို့ ပို့ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကိုမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်ဖော်ထုတ် လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (ဧပြ)

## ထူးခြားသည့် ညအပူချိန်များ ၂၅-၁၂-၂၀၂၅

| | | | | |
|---|---|---|---|---|
| ဟားခါး | ၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| လားရှိုး | ၈ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်ကော် | ၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ကြီး | ၉ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

## ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၆၀၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် သဘာဝဘေးသတိပေးချက် ထုတ်ပြန်ထား



ဝါရှင်တန် ဒီဇင်ဘာ ၂၅

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် သဘာဝဘေး သတိပေးချက် ထုတ်ပြန်ထားကြောင်း ယနေ့ သတင်းများအရ သိရသည်။

လော့စ်အိန်ဂျလိစ်မြို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အာဏာပိုင်များက မော်တော်ယာဉ်မောင်းများကို သတိပြုမောင်းနှင်ကြရန်နှင့် မြေသားခိုင်ခံမှုမရှိသည့် တောင်စောင်း၊ ကမ်းပါးများတွင် နေထိုင်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ကြရန် သတိပေးနှိုးဆော်ထားကြောင်း သိရသည်။

မိုးရွာသွန်းမှုသည် တစ်နာရီလျှင် တစ်လက်မရှိပြီး ယနေ့ထိ မိုးရွာသွန်းနေဆဲ ဖြစ်သောကြောင့် မိုးရေချိန်လက်မ ပိုတိုးလာနိုင်ကြောင်း၊ ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်သော အရပ်ဒေသများမှ ဒေသခံများကို ရေကြီးရေလျှံမှု သဘာဝဘေးအတွက် ကြိုတင်ပြင်ဆင်ထားကြရန်နှင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ကြရန် သတိပေးထားကြောင်း၊ သဘာဝဘေး သတိပေးချက်ကို ယနေ့မှစ၍ ဒီဇင်ဘာ ၂၆ ရက်ထိ အမေရိကန် အမျိုးသား မိုးလေဝသဌာနက ထုတ်ပြန်ထားကြောင်း သိရသည်။

ထို့ပြင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်နိုင်သည့် အထူးထိခိုက်လွယ်သော အရပ်ဒေသမှ အိမ်ခြေ ၁၃၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် သတင်းထုတ်ပြန်ထားပြီး ရွှေ့ပြောင်းရေးကိုလည်း စီစဉ်ပေးထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KZ**

# နိုင်ဂျီးရီးယားနိုင်ငံ အီနူဂူပြည်နယ်တွင် ရေဘေးသင့်ပြည်သူများကို ထောက်ပံ့ပစ္စည်းများ ပံ့ပိုးပေးနေကြောင်း NEMA က ထုတ်ပြန်

**အဘူဂျာ ဒီဇင်ဘာ ၂၅**

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့တောင်ဘက်ပိုင်း အီနူဂူပြည်နယ်တွင် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသည့် ပြည်သူများအတွက် နေရှင်နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအေဂျင်စီ (NEMA) က ဒီဇင်ဘာ ၂၄ ရက်မှ စတင်၍အထောက်အပံ့ပစ္စည်းများ ပံ့ပိုးပေးနေကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အီနူဂူပြည်နယ်တွင် ဒီဇင်ဘာ ၁၀ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားနေသောကြောင့် ဒေသခံပြည်သူများ ဘေးလွတ်ရာရွှေ့ပြောင်းပြီး ယာယီ ကယ်ဆယ်ရေးစခန်းများ၌ နေထိုင်နေရကြောင်း၊ ထို့ကြောင့် ယာယီကယ်ဆယ်ရေးစခန်းများ၌ နေထိုင်ကြသော ပြည်သူများအတွက်အထောက်အပံ့ပစ္စည်းများ ပံ့ပိုးပေးရခြင်းဖြစ်ကြောင်း NEMA က ထုတ်ပြန်ခဲ့သည်။

"ပြီးခဲ့တဲ့ နိုဝင်ဘာလမှာလဲ အီနူဂူပြည်နယ်မှာ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သလို ဒီဇင်ဘာ ၁၀ ရက်မှာလဲ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ခဲ့ရတယ်။ ပြည်သူတွေအနေနဲ့ ရေဘေးအန္တရာယ်ကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ကြရတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူတွေ များပါတယ်။ ယာယီကယ်ဆယ်ရေး စခန်းတွေမှာ နေရာချပေးထားရပြီး အစားအသောက်၊ အသုံးအဆောင်နဲ့ ဆေးဝါးတွေလိုအပ်နေပါတယ်။ NEMA အနေနဲ့ အစိုးရရဲ့ ပံ့ပိုးမှုနဲ့ ကူညီပံ့ပိုးပေးနေပါတယ်။ ရေဘေးဒဏ်သင့်ပြည်သူတွေကို ကိုယ်ချင်းစာတဲ့ အတွက်ကြောင့်လဲ တစ်နေ့တာ အခြေခံလိုအပ်ချက်တွေကို အဓိက ပံ့ပိုးပေးသွားမှာပါ"ဟု နေရှင်နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အေဂျင်စီ(NEMA) မှ ပြောရေးဆိုခွင့်ရှိသူ ဇူဘိုင်ဒါက ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# အင်ဒိုနီးရှားနိုင်ငံတွင် သက်ဝင်လှုပ်ရှားသည့် လက္ခဏာများပြနေသော မီးတောင်ပေါက် ၁၂၇ လုံးထိရှိနေ

ဂျကာတာ ဒီဇင်ဘာ ၂၅

အင်ဒိုနီးရှားနိုင်ငံတွင် Indonesian Ministry of Energy and Mineral Resources (ESDM) လက်အောက်ခံ ဘူမိဗေဒအေဂျင်စီ (GA) က စောင့်ကြည့်တိုင်းတာမှုများအရ မီးတောင် ၅၀၀ ကျော်အနက် မီးတောင် ၁၂၇ လုံးမှာ သက်ဝင်လှုပ်ရှားမှု ရှိနေကြောင်း သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

ဘူမိဗေဒအေဂျင်စီ(GA)မှ သုတေသီများကလည်း သက်ဝင်လှုပ်ရှားမှုများရှိနေသည့် မီးတောင်များကို စောင့်ကြည့်ပေးလျက်ရှိပြီး ထူးခြားမှုများကိုလည်း အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ သက်ဝင်လှုပ်ရှားမှု ရှိနေသည့် မီးတောင်များစာရင်းတွင် မကြာခဏ မီးတောင်ပေါက်ကွဲမှုဖြစ်ပေါ်လေ့ရှိသည့် မောင့်မာရာပီ၊ မောင့်စီမူရူ၊ မောင့်လီဝိုတိုဘီ လာကီ-လာကီ မီးတောင်တို့ဖြစ်ကြောင်း ဘူမိဗေဒအေဂျင်စီ(GA) က ထုတ်ပြန်ခဲ့သည်။



"တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ မီးတောင်အလုံးရေ ၅၀၀ ထက် မနည်းရှိပါတယ်။ ဒီထဲမှာမှ လက်ရှိ သက်ဝင်လှုပ်ရှားမှုရှိနေတဲ့ မီးတောင်အလုံးရေ ၁၂၇ လုံးထိ ရှိနေပါတယ်။ ဒီထဲမှာ မကြာခဏ မီးတောင် ပေါက်ကွဲမှုဖြစ်နေတဲ့ မောင့်မာရာပီ၊ မောင့်စီမူရူ၊ မောင့်လီဝိုတိုဘီ လာကီ-လာကီ မီးတောင်တို့လည်း သက်ဝင်လှုပ်ရှားမှုဖြစ်ပေါ်နေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အချိန်ပြည့်စောင့်ကြည့်နေပါတယ်။ ထူးခြားမှုရှိတာနဲ့ အချိန်နဲ့တစ်ပြေးညီ သတိပေးချက်တွေထုတ်ပြန် ပေးသွားမှာပါ"ဟု ဘူမိဗေဒအေဂျင်စီ(GA) မှ ပြောရေးဆိုခွင့်ရှိသူ သုတေသီတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# တရုတ်(ထိုင်ပေ)တွင် ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ရာ လူနေအိမ်နှင့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့

**ပေကျင်း ဒီဇင်ဘာ ၂၅**

တရုတ် (ထိုင်ပေ)တွင် ဒီဇင်ဘာ ၂၄ ရက် ညနေ ၆ နာရီခန့်က ပြင်းအား ၆ဒသမ ၁ မဂ္ဂနီကျူ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ရာ လူနေအိမ်နှင့်အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း တရုတ် ငလျင်ကွန်ရက် စင်တာ (CENC)၏ ယနေ့သတင်းများအရ သိရသည်။

တရုတ်(ထိုင်ပေ) အရှေ့တောင်ပိုင်း ကမ်းရိုးတန်းရှိ ထိုင်တန်ကောင်တီတွင် ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး အဆိုပါငလျင်သည် မြောက်လတ္တီတွဒ် ၂၂ ဒသမ ၈၆ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၂၁ ဒသမ ၁၂ ဒီဂရီ မြေအောက်အနက် ၁၁ ဒသမ ၉ ကီလိုမီတာတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ငလျင်သည် အင်အားအနည်းငယ်ပြင်းသဖြင့် ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် သစ်ပင်များနှင့် လျှပ်စစ်မီး ဓာတ်တိုင်များလည်း ပျက်စီးကာ လူနေအိမ်နှင့်အခြေခံ အဆောက်အအုံများ တုန်ခါပြီး အက်ကွဲသွားခဲ့သည့် အတွက် အဆိုပါ အဆောက်အအုံများနှင့် အခြေခံ အဆောက်အအုံများ၏ ကြံ့ခိုင်မှုကို စစ်ဆေးမှုများပြုလုပ်သွားရန်လိုကြောင်း၊ လက်ရှိတွင် လူသေဆုံးမှု မရှိသော်လည်း ထိခိုက်ဒဏ်ရာ ရသူရှိကြောင်း၊ ထိခိုက်ဒဏ်ရာရသူအရေအတွက်ကိုမူ စိစစ်နေဆဲဖြစ်ကြောင်း တရုတ် ငလျင်ကွန်ရက်စင်တာ (CENC)က ထုတ်ပြန်ထားသည်။

ယနေ့တွင် ငလျင်ကြောင့် ပျက်စီးခဲ့ရသည့် အဆောက်အအုံများကိုလည်း ရှင်းလင်းခြင်းများ ဆောင်ရွက်နေကြောင်း နိုင်ငံအရေးပေါ် ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KZ**

# သြစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်တွင် အပူလှိုင်းဖြစ်သန်းမှုလျော့ကျကာ အပူချိန်ပမာဏကျဆင်းလျက်ရှိ

ကင်ဘာရာ ဒီဇင်ဘာ ၂၅

သြစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်တွင် ယနေ့တွင် အပူလှိုင်းဖြစ်သန်းမှု လျော့ကျလာကာ အပူချိန်ပမာဏကျဆင်းလျက်ရှိသည်ဟု သြစတြေးလျ မိုးလေဝသညွှန်ကြားရေးဦးစီးဌာန (BoM) က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အပူချိန် လျော့ကျလာသလို မိုးရွာသွန်းမှုများလည်း ဖြစ်ပေါ်လာနိုင်ပြီး မုန်တိုင်းဝင်ရောက်လာနိုင်ကြောင်း၊ မိုးသက်လေပြင်း ကျရောက်နိုင်သည့် လက္ခဏာများလည်း ပြသနေပြီး ကွင်းစလန်းပြည်နယ်အလယ်ပိုင်း၊ တောင်ဘက်ပိုင်းနှင့် မြောက်ဘက်ပိုင်း ဒေသများတွင် မိုးရေချိန်မြင့်မားနိုင်ပြီး အရှေ့တောင်ဘက်ပိုင်း ဇရိယာများတွင် မိုးနည်းနိုင်ကြောင်း သိရသည်။

ရာသီဥတု လွှမ်းကဲနေသည့် သြစတြေးလျနိုင်ငံတွင် ရာသီဥတု ဖောက်ပြန်မှုများကြောင့် ရာသီဥတု ပြောင်းလဲမှု မြန်ဆန်နေခြင်းဖြစ်ကြောင်း BoM က ထုတ်ပြန်သွားခဲ့သည်။

"ရာသီဥတု ပြောင်းလဲမှုတွေ မြန်ဆန်နေပါတယ်။ အပူလှိုင်း ဖြစ်သန်းနေတဲ့ ကွင်းစလန်းပြည်နယ်မှာ အပူလှိုင်းဖြစ်သန်းမှု လျော့ကျသွားပြီး အပူချိန်ပမာဏလဲ လျော့နည်းလာတယ်။ မိုးသက်လေပြင်းအပြင် မုန်တိုင်းပါ ဝင်ရောက်လာနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ ကွင်းစလန်းပြည်နယ်အလယ်ပိုင်း၊ တောင်ဘက်ပိုင်းနှင့် မြောက်ဘက်ပိုင်း ဒေသတွေမှာ မိုးရေချိန် မြင့်မားနေပါတယ်။ အရှေ့တောင်ဘက်ပိုင်းဒေသတွေမှာတော့ မိုးရေချိန် နည်းပါးနိုင်ပါတယ်။ ကုန်းနိမ့်ပိုင်းဒေသတချို့မှာတော့ ရေကြီးရေလျှံမှုပါ ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေဖြစ်ပါတယ်"ဟုသြစတြေးလျမိုးလေဝသညွှန်ကြားရေးဦးစီးဌာန (BoM) မှ အကြီးတန်း မိုးလေဝသခန့်မှန်းတိုင်းတာရေးပညာရှင် တစ်ဦးဖြစ်သူ မီရီယမ်က ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

ဝတ္ထုတိုကဏ္ဍ

# ကျွန်တော်ပြောပြချင်သော သူတို့အကြောင်း

## မနှင်းဖွေး



ကျွန်တော်သည် ခွေးချစ်တတ်သူတော့မဟုတ်ပါ။

သို့သော် ခွေးအကြောင်းကိုတော့ စိတ်ဝင်စားသူ တစ်ဦးဖြစ်သည်။

ခွေးသည် ထူးခြားသောစွမ်းရည်သတ္တိရှိသည့် စိတ်ဝင်စားဖွယ်ကောင်းသော တိရစ္ဆာန်ဖြစ်သည်။

လူများနှင့်အနေနီးစပ်ပြီး သခင်အပေါ် ကျေးဇူးသိတတ်ခြင်း၊ သစ္စာစောင့်သိခြင်း၊ သင်လျှင် တတ်လွယ်ခြင်း၊ လူများ၏အကြိုက်သဘောကို အလွန်တရာနားလည်ခြင်း စသောအရည်အချင်းများသည် အခြားမည်သည့်တိရစ္ဆာန်ကမျှ လိုက်မမီနိုင်သော အရည်အချင်းများဖြစ်သည်။

ဖတ်ဖူးမှတ်ဖူးသမျှပြောရလျှင် ကျောက်ခေတ်ကတည်းက ကျောက်ခေတ်လူသားများတွင် တောခွေးငယ်များကို ဖမ်းဆီးမွေးမြူသောဓလေ့ရှိခဲ့သည်။

လူတို့နေထိုင်ခဲ့ဖူးသော ရှေးခေတ်လိုဏ်ဂူများကို တူးဖော်ရာတွင် လူရိုးနှင့် ခွေးရိုးများကို တွေ့ရှိသဖြင့် ထိုခေတ်အခါကတည်းက လူများသည် အမဲလိုက်ရာတွင် ခွေးများကိုအသုံးပြုခဲ့ကြောင်း သုတေသီများက အခိုင်အမာဆိုကြသည်။

ကျောက်ခေတ်မှမဟုတ်ဘဲ ခေတ်တိုင်း ခေတ်တိုင်းတွင်လည်း ခွေးသည် လူတို့၏ သစ္စာအရှိဆုံး အဖော်မွန်အဖော်ကောင်းဖြစ်ခဲ့သည်ပင်။

ဒုတိယကမ္ဘာစစ်အတွင်းကဆိုလျှင် သန်မာသော ခွေးကြီးများကို ကင်းစောင့်ခြင်း၊ ပစ္စည်းစောင့်ခြင်း၊ မြေမြှုပ်ဗုံးရှာဖွေခြင်း စသောတာဝန်များပေးခဲ့သည် ဟုလည်း ဖတ်ရဖူးသည်။

အနံ့ခံကောင်းသော အယ်ဖေးရှင်းခွေးများကိုတော့ ရှာလိုသူ၏ အဝတ်အစား၊ ဖိနပ် စသည်တို့ကို အနံ့ခံစေလျက် လမ်းစပြလိုက်လျှင် အနံ့ခံလိုက်တတ်သဖြင့် လူပျောက်ရှာဖွေရာတွင် များစွာအသုံးဝင်သည်ဆို၏။ အမေရိကနှင့် ဥရောပမြောက်ပိုင်းတွင်တော့ လူတို့သည် ခွေးများကို ရေခဲပြင်ပေါ်၌ စွတ်ဖားလှည်းဆွဲရာတွင် စေခိုင်းအသုံးပြုသည်။ ဟော်လန်နိုင်ငံတွင်မူ ခွေးများကို သိုးကျောင်းခိုင်းရာ၌ အလွန်စိတ်ချရသည်ဆို၏။ သိုးများကို အုပ်အပြင် မထွက်အောင် ထိန်းသိမ်းနိုင်ပြီး နေမဝင်မီစုရုံးစေလျက် ခြံထဲသို့ မောင်းသွင်းတတ်သည်တဲ့။

ယခုအချိန်ထိ မြန်မာနိုင်ငံအပါအဝင် နိုင်ငံအတော်များများမှ မုဆိုးများသည် တောလိုက်ရာ၌ ခွေးများကို အားကိုးရဆဲဖြစ်ကြောင်း အားလုံးအသိပင်ဖြစ်သည်။

ကျွန်တော် ယခုလို ခွေးအကြောင်း နိဒါန်းချီနေရသည်က အခြားကြောင့်မဟုတ်ပါ။ ကျွန်တော်တို့ တိုက်ရှေ့က ခွေးလေခွေးလွင့်များအကြောင်း နည်းနည်းပြောပြချင်သောကြောင့်ဖြစ်သည်။

ကျွန်တော်နေထိုင်သည်က အစိုးရတိုက်ခန်းဖြစ်သည်။ တစ်တိုက်လျှင် အခန်းပေါင်း ၁၂ ခန်း ပါဝင်သော စုပေါင်းအိမ်ရာဖြစ်သည်။

ကိုယ်ပိုင်ခြံနှင့် ဝင်းနှင့် သတ်သတ်မှတ်မှတ် မဟုတ်လေတော့ ကျွန်တော်တို့ဆီက လူများသည် ခွေးမွေးလေ့မွေးထမရှိ၊ ခွေးမမွေးနိုင်ကြပါ။ တချို့ ခွေးသိပ်ချစ်တတ်ကြသောသူများကတော့ တယ်ရီယာလို မျိုးကောင်းမျိုးသန့်ခွေးကလေးကို တိုက်ခန်းကျဉ်းကျဉ်းထဲ လူများနှင့် အရောရောအနှောနှောနေထိုင်ပြီး မွေးသည်တော့ရှိသည်။ ဒါကလည်း တစ်ဦးစ၊ နှစ်ဦးစပါ။ ယေဘုယျကတော့ မည်သူမျှ ဒုက္ခခံပြီး ခွေးမမွေးကြ။

သို့သော် တစ်နေ့တွင် ကျွန်တော်တို့ မျက်နှာချင်းဆိုင်တိုက်နှစ်တိုက်ကြားဝယ် ခွေးဝဲစားတစ်ကောင်က သားများလာပေါက်သည်။ စုစုပေါင်း ခြောက်ကောင်ပေါက်ထားသည်။

ခွေးများပေါက်တော့ အားလုံးက စိတ်ညစ်ရသည်ပေါ့။ ဟုတ်သည်လေ။ ခွေးပေါက်စကလေးတွေက တိုက်လှေကားရင်းမှာ တကိန်ကိန်နှင့် ညလုံးပေါက်အော်လို့အော်၊ လှေကားတစ်လျှောက် သေးပေါက်လို့ပေါက်၊ ချေးပါလို့ပါနှင့် ဒုက္ခပေးသည်မဟုတ်လား။ မောင်းထုတ်သည်။ ဘယ်လိုပဲမောင်းထုတ်ပေမဲ့ မရ။ ခွေးများက တိုက်လှေကားမှာပဲ ခိုကပ်နေကြသည်။ လသားလေးဖြစ်လာတော့ ခွေးလေးများက ချစ်စရာကောင်းလာသည်။ ဘယ်သူဘယ်ဝါပိုင်မဟုတ်သော်လည်း ထမင်းကျန်ဟင်းကျန်ရှိသော အခန်းများက (အမှိုက်ပုံထိ သွားပစ်ရမည့်အတူတူ) နီးနီးနားနား သူတို့ကိုချချကျွေးတော့ ခွေးကလေးများ တစ်နေ့တခြား ကြီးထွားဝဖြိုးလာသည်။ ဝဝလင်လင်စားရတော့ တစ်သွေးတစ်မွေးဖြစ်လာသည်။ တိုက်ထဲက ကလေးတွေကလည်း ခွေးလေးများကို ပွေ့ကြချီကြ၊ နာမည်ပေးကြနှင့် တယုတယလုပ်လာသည်။

ဒီတော့ တစ်ခန်းမဟုတ်တစ်ခန်းက ချကျွေးသော ထမင်းကျန်ဟင်းကျန်များကိုစားပြီး ကြီးလာရသော ခွေးကလေးများသည် ခွေးအလွန်ပီသစွာ တိုက်နှစ်တိုက်တွင် မှီတင်းနေထိုင်ကြသော ထမင်းရှင်များ၏ ကျေးဇူးကို စောင့်သိရှိသေသောအားဖြင့် တိုက်နှစ်တိုက်၏လုံခြုံရေးကို အထူးဂရုစိုက် စောင့်ရှောက်ကာကွယ်ပါလေတော့သည်။

ဤတိုက်နှစ်တိုက်ကြား လူစိမ်းမဝင်ရ။

ဝင်သည်နှင့်ဆီးဟောင်သည်။ ကိုက်ရန်လိုအပ်လျှင်လည်း ကိုက်ရန်အဆင်သင့်ပင်။ သို့သော် ကိုက်သည့်အဆင့်မရောက်သေး၍ တစ်ခါမျှတော့ပြဿနာမတက်ဖူးသေးချေ။

ဤတိုက်ခန်းများတွင် နေထိုင်ကြသောသူများကလည်း အများအားဖြင့် အစိုးရဝန်ထမ်းများဖြစ်သည်။ နေ့ခင်းဘက်ဆိုလျှင် အိမ်မှာ အိမ်ရှင်မတချို့၊ ကလေးတချို့နှင့် သက်ကြီးရွယ်အိုတချို့သာ ကျန်ရစ်သည်။ အချို့အခန်းများ တစ်နေ့လုံး အိမ်သော့ပိတ်ထားကြရသည်လည်း ရှိသည်။

မည်သို့ပင်ဆိုစေ ခွေးအဟန့်ရှိသဖြင့် အိမ်ကိုတော့ ခါတိုင်းထက် ပို၍စိတ်ချရတာအမှန်ပင်။

ရုံးပိတ်ရက်တစ်ရက်တွင် အိုက်စပ်စပ်ရှိသည်နှင့် ကျွန်တော်သည် အိမ်ရှေ့ဝရန်တာတွင် ပက်လက်ကုလားထိုင်ထုတ်၍ ထိုင်နေမိသည်။

ထိုစဉ် ကျွန်တော်တို့တိုက်ဘေးတွင် ဗောက်စ်ဝက်ဂွန်ကားတစ်စီး ထိုးဆိုက်လာသည်။

ကားထဲမှ လူသုံးဦးဆင်းလာပြီး တိုက်နှစ်တိုက်ကြားရှိ ကျောက်ပြားခင်းလမ်းအတိုင်း လျှောက်လာကြသည်။

အဲ လူစိမ်းဝင်လာသည်နှင့်ဘာရမလဲ။ ထုံးစံအတိုင်း မိနီတို့၊ မိဝါတို့၊ မြီးတိုတို့၊ မိညက်တို့သည် အိပ်နေ၊ လျောင်းနေ၊ ကစားနေရာမှ ရုတ်တရက်ထပြီး ဟောင်ကြပါလေတော့သည်။

ဧည့်သည်လူစိမ်းတွေက သူတို့ကို ဂရုပင်မစိုက်ပေ။ ခပ်တည်တည်ဆက်လျှောက်သွားသည်။ ထိုအခါ သူတို့မှာ ဟောင်မည့်သာ ဟောင်နေသော်လည်း မရဲတရဲဖြစ်လာသည်။ ပထမ ဒေါနှင့်မောနှင့် ဟောင်နေရာမှ တဖြည်းဖြည်းကိုယ်ရှိန်သတ်ကာ အသံလည်းတိုးသွားတော့သည်။

ဧည့်သည်များက ကျွန်တော်တို့ မျက်နှာချင်းဆိုင်တိုက်မှ အခန်းတစ်ခန်းဆီ တက်သွားတော့ သူတို့လည်း အဟောင်ရပ်ကာ ကိုယ့်နေရာကိုယ် ပြန်၍ အိပ်သူအိပ်၊ လျောင်းသူလျောင်း၊ ကစားသူကစား၊ နေမြဲအတိုင်းပြန်နေတော့သည်။

ကျွန်တော်ကြည့်နေစဉ်မှာပင် နောက်ထပ်လူစိမ်းသုံးလေးဦး ထိုလမ်းအတိုင်းဝင်လာပြန်သည်။

ထိုလူစိမ်းများကတော့ စောစောက လူတွေလို သားသားနားနားမရှိ။ မရှိရုံမက အတော်ကြီးကိုချို့တဲ့သည့်သွင်ပြင်လက္ခဏာရှိသည်။ အဝတ်အစားများကလည်း ဟောင်းဟောင်းစုတ်စုတ်။ လက်ထဲမှာလည်း တောင်းစုတ်၊ ပလုံးစုတ်တွေနှင့်။

သည်အခါမှာလည်း ထုံးစံအတိုင်းပေါ့။ စောစောက အေးအေးလူလူနားနေကြသော မိနီတို့၊ မိဝါတို့အုပ်စု တစ်စခန်းထလာပြန်သည်။ လူစိမ်းတွေပဲ။ ဘယ်တိုက်နားကပ်ခံမလဲ။ အတင်းထိုးဟောင်တော့သည်။

ထိုသူတွေလည်း ကြောက်ဟန်မပြပေ။ ခွေးလေခွေးလွင့်ခွေးဝဲစားတွေပဲဟု သဘောထားပြီး သွားစရာရှိတာဆက်သွားသည်။ သည်ဘက်ကလည်း အလျှော့မပေး။ ဒေါသတကြီးနှင့် ညံနေအောင် ဝိုင်းဟောင်သည်။ ထိုးဟပ်လုနီးနီးကိုဖြစ်နေတော့သည်။

နောက်တော့ ကျွန်တော့်လို ဝရန်တာက ကြည့်နေသူတွေက "ဟဲ့ မိနီ တော်တော့၊ မြီးတို သွားစမ်း" စသည်ဖြင့် ဝိုင်းအော်တော့မှ ထိုးဟပ်ချင်နေသော သူကောင်းသားများ ထိုးဟပ်သည့်စခန်း မရောက်ရတော့ပေ။ သို့ပေမဲ့ အဟောင်တော့မလျှော့။ တိုး၍ဟောင်သည်။ ထိုလူများတိုက်ကိုကျော်ပြီး အဝေးကြီးရောက်သည်ထိ ဟောင်လွှတ်နေသည်။

ထိုခွေးများကိုကြည့်ပြီး ကျွန်တော့်မှာ တစ်ယောက်တည်း ပြုံးမိသေးသည်။

ကြည့်ပါဦး။ ဘယ်လောက်များ မျက်နှာလိုက်တတ်သည့် ခွေးများပါလဲ။

လူစိမ်းချင်းတူပါလျက် မော်တော်ကားနှင့်လာပြီး သစ်သစ်လွင်လွင် ဝတ်စားထားသူများကိုကျတော့ ကိုယ့်တိုက်ထဲဝင်လာသည်မှန်သော်လည်း ဟန်လောက်၊ သဘောလောက်သာဟောင်ပြီး ဟိုခမျာ နွမ်းနွမ်းစုတ်စုတ်သမားတွေကိုတော့ တိုက်နှစ်တိုက်ကြားဖြတ်သွားရုံနှင့်ပင် အလိုလေး အစိမ်းလိုက်စားတော့မတတ်၊ ဝါးတော့မတတ် ဟောင်လိုက်ကြတာ။ အတော့်ကို အဆင့်အတန်းခွဲတတ်သည့် ခွေးများပါပဲ။

သူတို့စိတ်ထဲ သစ်သစ်လွင်လွင်သန့်သန့်ပြန့်ပြန့် ဝတ်စားဆင်ယင်ထားသူများကို လူကောင်းဟု သတ်မှတ်ပြီး ဟောင်းဟောင်းစုတ်စုတ်ဝတ်ဆင်ထားသူများကိုတော့ သူခိုး၊ ကြမ်းပိုး၊ အလစ်သုတ်ဟု ထင်မှတ်ယူဆထားပုံရသည်။

ခွေးဝါးဝလိုက်သည့် ခွေးနှယ်။

ကျွန်တော်သည် ခွေးတို့၏ လူစိမ်းလူကျက်ခွဲခြားနိုင်သော၊ အနံ့၊ အာရုံ၊ သစ်လွင်ခြင်း၊ ဟောင်းနွမ်းခြင်းကိုခွဲခြားနိုင်သော အမြင်အာရုံများအကြောင်း လျှောက်တွေးရင်း သူတို့၏ အသိဉာဏ်စွမ်းရည်ထူးကို မအံ့ဩဘဲမနေနိုင်အောင် ဖြစ်နေရသည်။

လွန်ခဲ့သော နှစ်နှစ်ကျော်လောက်ကဖြစ်သည်။

ကျွန်တော့်အိမ်ခန်းတွင် ဆေးပြန်သုတ်ရန် လိုအပ်လာပြီဖြစ်သဖြင့် အလှူတစ်ခုမှအပြန်တွင် ကြုံလည်းကြုံကြိုက်သောကြောင့် ဆေးအငှားသုတ်သော ကိုချစ်ကိုရှာရန် သူနေထိုင်ရာ ကျူးကျော်ရပ်ကွက်တစ်ခုသို့ ကျွန်တော်သွားရောက်ခဲ့သည်။

ထိုရပ်ကွက်လေးသည် ကြုံသလိုလုပ်ကိုင်စားသောက်နေကြသော ပျံကျများ စုဝေးနေထိုင်ရာ ရပ်ကွက်ဖြစ်ခြင်းကြောင့် ဘယ်ဘက်အိမ်ရှေ့၊ ဘယ်ဘက်အိမ်နောက်မှန်းမသိအောင် ဆောက်လုပ်ထားသော အိမ်မည်ကာမတ္တ တဲစုစုများဖြင့် ပြွတ်သိပ်ရှုပ်ထွေးလျက်ရှိသည်။ လမ်းဟူ၍လည်း အပီအပြင်မရှိပေ။

ရပ်ကွက်ထဲ နည်းနည်းပဲဝင်စရှိသေး အိမ်တစ်အိမ်အောက်က ခွေးတစ်ကောင်သည် ဖြုန်းဆိုထွက်လာကာ ကျွန်တော့်ကိုကြည့်၍ စူးစူးဝါးဝါးဟောင်ပါလေတော့သည်။

သူ့ဟောင်သံကြားသည်နှင့် မရှေးမနှောင်းမှာပင် ဘယ်အိမ်ကြိုအိမ်ကြားမှ ခွေးတွေမှန်းမသိ။ တစ်ကောင်ပြီးတစ်ကောင်ထွက်လာတာ စုစုပေါင်း ၁၀ ကောင်လောက်ရှိမည်ထင်သည် ကျွန်တော့်ကို ဝိုင်းဟောင်ပါလေရော။

စာမျက်နှာ ၂၅ သို့ á

# အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၆၈၄၆ ဧက စိုက်ပျိုးပြီးစီး၊ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**မုံရွာ ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၆၈၄၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက ၁၄၄၆၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၆၈၄၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ မြေပဲ ၁၆၈၄၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံမြေပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုတိုးတက်လာပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ဆီထွက်သီးနှံမြေပဲကိုအထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ပင်လောင်းမြို့နယ် ကောင်ဖားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပင်လောင်း ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကောင်ဖားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပင်လောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းက ကောင်ဖားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ပြီး ဝင်ငွေများ တိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၂၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကောင်ဖားကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ၆၆ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၂၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

á စာမျက်နှာ ၂၄ မှအဆက်

မမျှော်လင့်ဘဲ ရုတ်တရက်ခွေးဝိုင်းခံလိုက်ရသဖြင့် ကျွန်တော် အတော်လန့်သွားသည်။

မကြာသေးခင်က ခွေးရူးကိုက်ခံရသဖြင့် သေဆုံးသွားသောမိတ်ဆွေတစ်ဦး၏ အသုဘကိုပို့ပြီးကတည်းက ကျွန်တော်သည် ခွေးကိုက်ခံရမည်ကို အကြောက်ကြီးကြောက်နေသည်။ ခွေးရူးကာကွယ်ဆေး ထိုးရမည်ကိုလည်း ကြောက်နေသည်။

ခွေးများကလည်း ထိုးဟပ်တော့မတတ်၊ ကိုက်တော့မတတ်ဖြစ်နေသဖြင့် ကျွန်တော့်မှာ ရှေ့တိုးရအခက်၊ နောက်ဆုတ်ရအခက်နှင့် ဟန်ပင်မလုပ်နိုင်တော့ဘဲ တဟဲ့ဟဲ့နှင့် မောင်းထုတ်နေရတော့သည်။

ထိုခွေးများ၏ အကိုက်များခံရလျှင် အသားများ အတစ်လိုက်ပြတ်ထွက်မည့်ပုံပင်။

ကျွန်တော့်အဖြစ်ကိုမြင်တော့ ထဘီရင်ရှားနှင့် တန်းစီထိုင်ပြီး တစ်ယောက်ကိုတစ်ယောက် သန်းရှာပေးနေသော မိန်းမများက ခွေးများကို ဝိုင်းမောင်းပေးကြသည်။ မရ။ ဟောင်မြဲဟောင်သည်။

လူငယ်နှစ်ဦး၊ သုံးဦးကလည်း သူတို့အိမ်ပေါ်မှာ ဒိုးဆက်ကစားနေရင်း အော်ဟစ်မောင်းပေးသည်။ ရှဲသလိုလိုဖြစ်သွားပြီး ပြန်ဝိုင်းလာပြန်သည်။

ကျွန်တော့်မှာ ဟိုဘက်လှည့်မောင်းရ၊ သည်ဘက်လှည့်မောင်းရနှင့် အတော့်ကို ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည်။

သည်အခါတွင် အိမ်ခါးပန်းကို ခေါင်းအုံးအိပ်နေသော ပုဆိုးတိုတိုဝတ်ထားသည့် ကျောဗလာနှင့် လူကြီးတစ်ယောက်က ယုတ်ယုတ်မာမာ တစ်ချက်ဆဲ၍ ထလာကာ သူ့အနီးရှိ တံမြက်စည်းတစ်ချောင်းဆွဲပြီး ခွေးများကိုလိုက်ရိုက်ပါတော့သည်။ သည်တော့မှ ခွေးများ အလျှိုအလျှိုထွက်ပြေးကုန်သည်။ ဒါတောင် ခပ်လှမ်းလှမ်းမှနေ၍ စိတ်မကျေပွဲဟောင်နေသေးသည်။ အနားတော့ ကပ်မလာတော့ပါ။

သည်တော့မှ ကျွန်တော် သက်မချနိုင်ပါတော့သည်။

"ကျေးဇူးပါပဲဗျာ၊ ခွေးတွေက အတော်ဆိုးတာပဲ"

ခွေးမောင်းပေးသူကို ကျွန်တော်က လှိုက်လှိုက်လှဲလှဲပင် ကျေးဇူးတင်စကားဆိုမိသည်။

ဤတွင် ကျောဗလာနှင့်လူမည်းမည်းကြီးက ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံးတစ်ချက်ကြည့်သည်။ ပြီးတော့မှပြုံးစစနှင့်ပြောလိုက်ပုံက-

"ကျွန်တော်တို့ဆီက ခွေးတွေကတော့ အခုလို တိုက်ပုံနဲ့ဘာနဲ့ စမတ်ကျကျဝတ်လာလို့မရဘူး နောင်ကြီးရဲ့။ နောင်ကြီး အကိုက်မခံရတာ ကံကောင်း။ ဒီလိုပုံမျိုးက သူတို့အတွက် အမြင်စိမ်းနေတယ်လေ"

"ဗျာ"

ကျွန်တော်မှင်တက်မိသွားသည်။ ကျွန်တော်လုံးဝမျှော်လင့်မထားသော၊ လုံးဝလည်းမစဉ်းစားမိသောအဖြေစကားမို့ ကျွန်တော့်မှာ ဘာပြန်ပြောရမည်ပင်မသိတော့သည်ထိဖြစ်သွားသည်။ သူက ဆက်ပြောသေးသည်။

"နောင် ကျွန်တော်တို့ရပ်ကွက်လာချင်ရင်တော့ ကျွန်တော်တို့လိုသာ ဝတ်စားလာပေ့ါဗျာ။ ဟား ဟား ဟား"

ထို့နေ့က ကိုချစ်ကို ကျွန်တော်မတွေ့ခဲ့ရပါ။ သူ အပြင်သွားနေသည်တဲ့။ ပြန်ရောက်လျှင် ကျွန်တော့်ထံလာတွေ့ရန် သူ့မိန်းမကိုမှာပြီး ကျွန်တော်အိမ်ပြန်ခဲ့သည်။

အပြန်လမ်းမှာတော့ ကျွန်တော်တွေးစရာများရခဲ့သည်။

ခွေးများ၏ အကြားအာရုံ၊ အမြင်အာရုံ၊ အသိဉာဏ်စွမ်းရည်ထူးများနှင့်ပတ်သက်၍ ယခင်ကထင်ခဲ့သော ကျွန်တော်၏ ထင်မြင်ယူဆချက်များသည် မပြည့်စုံသေးမှန်းရိပ်စားလာမိသည်။ စင်စစ်တော့ ခွေးများလည်း လူသားများကဲ့သို့ပင် ပတ်ဝန်းကျင်၏ဩဇာကို ဘယ်လွန်ဆန်နိုင်ပါ့မလဲလေ။

သူတို့၏ အသိဉာဏ်သည် ပတ်ဝန်းကျင်၏ လောင်းရိပ်အောက်တွင် ဖွံ့ဖြိုးရှင်သန်ရသည်ဆိုသည့်အချက်ကိုတော့ နောက်ပိုင်းမှ ကျွန်တော် စဉ်းစားလာမိပါတော့သည်။

## မဲရုံဆီသို့ သွားကြစို့ မဲပေးကြပါဗျို့

– ကိုယ်စီတွေးဆ ဆန္ဒညီ
မြန်မာ့ဒီမိုကရေစီ၊
တိုင်းပြည်သာယာ တိုးတက်ဖို့
မဲရုံဆီသို့ သွားကြစို့။

– ရှေ့သို့လှမ်းချီ တို့တိုင်းပြည်
အနာဂတ်သို့ တို့ဦးတည်၊
အများပြည်သူ ရွေးချယ်ပေး
လူကောင်းလူတော်ရွေး။

– အရေးသုံးပါး လေးစားမှု
ရွေးကြများပြည်သူ၊
လူမှုစီးပွား မြင့်မြင့်မား
သူ့ကိုတန်ဖိုးထား။

– လူသားကောင်းကျိုး သယ်ပိုးရာ
ရွေးချယ်ပေးရမှာ၊
မြန်မာဆိုတာ လွန်ယဉ်ကျေး
တိုးတက်ရမည်လေး။

– မေးမြန်းစူးစမ်း လေ့လာလျှင်
ဒေသကောင်းကျိုးတွင်၊
ပါဝင်ရွက်ဆောင် တက်ကြွထား
မဲပေးကြစို့လား။

– စိတ်ထားဖြောင့်မှန် ကြိုးစားရန်
ရိုးသားမှု အခြေခံ၊
မာန်မာနကင်း ဖြူစင်ခြင်း
ကောင်းမြတ်သူ့စိတ်ရင်း။

– ပွင့်လင်းမြင်သာ ရှိရမှာ
တပ်မတော်နှင့် လက်တွဲကာ၊
ပညာဂုဏ်ဖြင့် ပြည့်ဂုဏ်မြှင့်
ရွေးချယ်အားပေးသင့်။

– တွေးချင့်သေချာ ရွေးချယ်ပါ
မမှားဖို့လိုတာ၊
အာဏာသုံးရပ် မားမားမတ်
နိုင်ငံ့အနာဂတ်။

– လွှဲအပ်ကြပြီ အာဏာတည်
မြန်မာ့အနာဂတ် လှရမည်၊
ဒီမိုကရေစီ ဖြောင့်မှန်ဖို့
မဲရုံဆီသို့ သွားမယ်ဗျို့
အားလုံးပါဝင် မဲပေးစို့။ ။

**အာကာမောင်မောင်**

# ဘတ်စကားပေါ်က လူငယ်

## ဆူးသစ်

ဘဝသည် ခရီးတစ်ခုနှင့်တူသည်ဟုဆိုကြသည်။ တစ်နေရာမှ ထွက်ခွာ၍ တစ်နေရာသို့ သွားသည်ဆိုသည့် အဓိပ္ပာယ်မျိုး ဖော်ဆောင်ခြင်းပင်။ ယခု ကျွန်တော်က ထိုဘဝခရီးကိုသွားနေရသည့် လူငယ်များ မိမိလမ်း၊ မိမိလျှောက်နေရခြင်းကို ဘတ်စကားစီးခြင်းနှင့် တင်စားကြည့်ပါမည်။

ကျွန်တော်တို့ ခရီးမှတ်တိုင်တစ်တိုင်က စထွက်ခဲ့သည်မှာ ဆယ်နှစ်ကျော်၊ နှစ်နှစ်ဆယ်ဝန်းကျင်၊ သို့မဟုတ် နှစ်နှစ်ဆယ်ကျော် သို့မဟုတ် နှစ်သုံးဆယ်ခန့်ရှိပြီဆိုပါစို့။ ကျွန်တော်တို့ တကယ်ရောက်ရှိချင်သော ခရီးမှတ်တိုင်တစ်တိုင်ကို ရောက်ပြီလားဟု သုံးသပ်ကြည့်စေချင်သည်။ ဂိတ်စကနေ ဂိတ်ဆုံးကို မည်သူမဆိုရောက်မည်ကတော့ ကျိန်းသေသည်။ သည်အတောအတွင်း တကယ်ကျေနပ်စရာကောင်းသော နေရာများကို ကျွန်တော် ဖြတ်ခဲ့ပြီလား။

ယခု ကားပေါ်တွင် ကျွန်တော်တို့ရောက်နေပါပြီ။ ကျွန်တော်တို့ ကားပေါ်မရောက်ခင်ကတည်းက ထိုင်ခုံများတွင် နေရာပြည့်ကောင်းပြည့်နေနိုင်သည်။ ထိုင်ခုံမပြည့်သေးလျှင် သို့မဟုတ် ကံကောင်းလျှင် ကျွန်တော်တို့ နေရာတစ်နေရာတော့ ရပါလိမ့်မည်။ ထိုင်ခုံအပြည့်ဆိုလျှင်တော့ တောက်လျှောက် မတ်တတ်ရပ်လိုက်ရပေတော့မည်။

သည်သဘောတရားသည် ကျွန်တော်တို့ လက်ရှိရောက်ရှိနေသော ဘဝကို ပြဆိုခြင်းပင်။ ကျွန်တော်တို့ လက်ရှိ လက်ခံထားရသောဘဝသည် သူများလို သက်သက်သာသာ ရှိချင်မှရှိလိမ့်မည်။ ဂိတ်စကနေ နေရာတန်းရ၍ သက်သက်သာသာ ဖြတ်သန်းရခြင်းမျိုးလည်းဖြစ်ချင်ဖြစ်နိုင်သည်။ မတ်တတ်ရပ်၍ခြေညောင်းခံ၊ ပင်ပန်းခံကာ လူများတိုးဝှေ့စီးခြင်း ခံချင်လည်းခံရနိုင်သည်။ ဘယ်လိုမှ ပုံသေတွက်၍မရ။

သို့သော် ခရီးတစ်ထောက်ရောက်လာသောအခါ ကျွန်တော်တို့နှင့် နီးစပ်ရာတွင် အခွင့်အရေးများ ပေါ်လာသည်ကိုတွေ့ရသည်။ ဤသည်ကို သတိထားမိရန်လိုသည်။ တချို့က ရှေ့မှတ်တိုင်ဆင်းမည်။ မိမိနှင့်နီးစပ်သော ခုံကနေထတော့မည်။

အချို့လူငယ်များက သူတို့ခရီးစဉ်များနီးလွန်း၍ ထင်သည်။ နေရာလွတ်တစ်ခုကို အာရုံမစိုက်။ ငေးချင်ရာငေး၊ တွေးချင်ရာတွေးနေတတ်သည်။ သည်တော့ အကွက်မြင်သူများက ထိုနေရာများတွင် ဝင်ထိုင်သွားတော့သည်။ တကယ်တမ်းကျတော့ ခရီးဝေးသွားရသူချင်းအတူတူ ဟန်လုပ်နေ၍ သက်သောင့်သက်သာဖြင့် သွားရမည့်ခရီးကို အပင်ပန်းပိုခံလိုက်ရခြင်းပင်။

လူ့လောကထဲတွင်လည်း ထိုအတိုင်းပင်။ ပတ်ဝန်းကျင်တွင် အခွင့်အလမ်းများ ထွင်းဖောက်တတ်လျှင် အောင်မြင်နိုင်မည့် အခြေအနေများရှိနေသည်ကို ရံဖန်ရံခါသတိမထားမိ။ သတိထားမိပြန်လျှင်လည်း တွေဝေ၍၊ တွန့်ဆုတ်၍ ကျန်နေခဲ့ရခြင်းမျိုး ဖြစ်သေးသည်။ သည်လိုလုပ်လျှင် အောင်မြင်မည် သိလျက် အချောင်ခိုလိုက်သောအခါ ကိုယ်ကပို ပင်ပန်းတော့သည်။

ကားပေါ်တွင်တော့ နေရာမရလျှင် သိပ်ဒုက္ခမခံရဟု ထင်စရာရှိသည်။ ခရီးဝေးလျှင်တော့မလွယ်။ လူ့လောကတွင်တော့ တိုးတက်နိုင်မည့်အခွင့်အလမ်း ရှိလျက်မယူလျှင်တော့ တစ်ဘဝစာနောင်တနှင့် ဒုက္ခကို ကြုံရပေမည်။

ကားပေါ်တွင် လူမှုရေးကြောင့် အမျိုးသမီး၊

> ❖ အချို့လူငယ်များက သူတို့ခရီးစဉ်များနီးလွန်း၍ ထင်သည်။ နေရာလွတ်တစ်ခုကို အာရုံမစိုက်။ ငေးချင်ရာငေး၊ တွေးချင်ရာတွေး နေတတ်သည်။ သည်တော့ အကွက်မြင်သူများက ထိုနေရာများတွင် ဝင်ထိုင်သွားတော့သည်။ တကယ်တမ်းကျတော့ ခရီးဝေးသွားရသူချင်း အတူတူ ဟန်လုပ်နေ၍ သက်သောင့်သက်သာဖြင့် သွားရမည့်ခရီးကို အပင်ပန်းပိုခံလိုက်ရခြင်းပင်။ လူ့လောကထဲတွင်လည်း ထိုအတိုင်း ပင်။ ပတ်ဝန်းကျင်တွင် အခွင့်အလမ်းများ ထွင်းဖောက်တတ်လျှင် အောင်မြင်နိုင်မည့် အခြေအနေများရှိနေသည်ကို ရံဖန်ရံခါ သတိ မထားမိ။ သတိထားမိပြန်လျှင်လည်း တွေဝေ၍၊ တွန့်ဆုတ်၍ ကျန်နေခဲ့ရခြင်းမျိုး ဖြစ်သေးသည်။ ❖

ကိုယ်ဝန်သည်၊ သက်ကြီးရွယ်အို စသည်ဖြင့် တွေ့လျှင် ကိုယ်နေရာရသော်လည်းမယူခြင်းမျိုး၊ ဘာသာအရ ရဟန်းသံဃာ၊ သီလရှင်မို့ နေရာဖယ်ပေးခြင်းမျိုး တော့ရှိလိမ့်မည်။ လူ့လောကထဲတွင်တော့ လူလူချင်း အရည်အချင်း ပြိုင်ရသည့်အတွက် ကျန်သော အကြောင်းတရားများ သိပ်တွေးနေရန်အချိန်မရှိ။

တရားသော ယှဉ်ပြိုင်ခြင်းမှန်လျှင် ကိုယ်ကသာ အောင် ကြိုးစားရမည်မှာအမှန်ပင်။ ကိုယ့်အရည်အချင်းမှန်နှင့်မဟုတ်ဘဲ ဖြတ်လမ်းလိုက်ကာ အောင်ပွဲယူခြင်းမျိုးတော့ မလုပ်ပါနှင့်ဟုဆိုချင်သည်။ ထိုသို့လုပ်ပြီး မတန်တရာကိုရသွားခဲ့လျှင် အထိနာ တတ်ပါသည်။

ကားပေါ်တွင် နေရာလွတ်က နည်းနည်းလှမ်းနေချိန်၊ သွားထိုင်ရသည်ကို ရှက်သောလူငယ်မျိုးလည်း ကြုံဖူးသည်။ ကားပေါ်တွင် ရှက်သည်ကကိစ္စမရှိပေ။ လူ့လောကထဲတွင်တော့ မြင်နေရသော အခွင့်အလမ်းသည် လက်တစ်ကမ်းတွင် ရှိသည်ကို ရှက်ကြောက်နေလျှင် နောက်ဆို ဘာမဆိုလွဲပေတော့မည်။

အချို့အတ္တကြီးသူများက ကားပေါ်တွင်နေရာလုသည်ကိုကြုံဖူးသည်။ ကျန်သောသူဖြစ်ချင်တာဖြစ်၊ တံတောင်နှင့်တွတ်၊ ခြေထောက်တက်နင်းပြီး သူသက်ရာရရန် နေရာလုခြင်းဖြစ်သည်။ ဒါမျိုးကျတော့ ချီးကျူး၍မဖြစ်။

လူ့လောကထဲတွင် ငါမှငါ၊ နေရာရမှဖြစ်မယ်ဆိုသောစိတ်ထားမျိုး ရှိနေသူများလာသရွေ့ ကမ္ဘာကြီး အကျည်းတန်ရုပ်ဆိုးမှုများလာလေဟု ဆိုရမည်။ တကယ်တမ်း ကျွန်တော်တို့ရယူသင့်သည်က မိမိလည်း ကြီးပွားတိုးတက်စိတ်ချမ်းသာ၊ သူများလည်း မထိခိုက်သော အခွင့်အရေးတက်လမ်းမျိုးကို ရှာရမည်ဖြစ်သည်။

ကားများက မှတ်တိုင်တစ်တိုင်စီ ပုံမှန်သွားချင်သွားမည်။ နှေးနှေးမြန်မြန် ကြိုက်သလိုသွားချင်သွားမည်။ ရောက်သင့်သည့်အချိန်ရောက်က ကိစ္စမရှိသော်လည်း ကားနှေးလွန်းပါက နောက်ကျနိုင်သည်။ မိမိသတ်မှတ်သော အချိန်မီရန် ကားပြောင်းစီးသော လူငယ်များ၊ လမ်းကြောင်းပြောင်းသွားသော လူငယ်များရှိချင်ရှိမည်။ ဤသည်က သူ့အားစိုက်ထုတ်မှုတစ်ခုဖြစ်သည်။

ကျွန်တော်တို့ဘဝများတွင် နှောင့်နှေးသော လမ်းများရှိက ဆက်မျှောနေ၍မဖြစ်။ ဘတ်စကားက ခရီးတိုတစ်ခုသာ နောက်ကျမည်။ ဘဝထဲတွင်ကျတော့ သေသည်ထိ နောက်ကျသွားမည်မျိုးပင်။ သည်တော့ မိမိသွားနေသောခရီးက နှောင့်နှေးနေလျှင် နောက်လမ်းတစ်လမ်းကို မြန်မြန်ပြောင်းမှဖြစ်မည်ဆိုသည်ကို သိထားသင့်သည်။

သည်ကြားထဲ ကားပျက်ခြင်းဆိုသည့်ကိစ္စမျိုး၊ ယာဉ်ထိန်းရဲဖမ်းခြင်းမျိုး၊ ကားပေါ်မှာ အမှုအခင်း ကြုံခြင်းမျိုးဖြစ်နိုင်သေးသည်။ ခရီးကို တုံ့ဆိုင်းသွားစေသော အမှတ်မထင်ကိစ္စမျိုးဟုဆိုပါစို့။

သေချာသည်။ လူ့လောကထဲတွင် သွားရင်း ဆက်လျှောက်မရလောက်အောင် ဆိုးသည့်အခြေအနေမျိုးမည်သူမဆိုကြုံရနိုင်သည်။ ကြုံလာခဲ့လျှင် အေးအေးဆေးဆေးဖြေရှင်းရမည်။ နောက်ထပ် ဘယ်လိုဆက်မလဲစဉ်းစား၊ အဖြေရလျှင်စပေတော့ဟု ကျွန်တော်ဆိုပါမည်။

တစ်ခရီးတည်း ဘတ်စကားစီးရသူချင်းအတူတူ ထိုင်သူကထိုင်၊ ရပ်သူကရပ်၊ သည်ကြားထဲဘေးတွင် ကိုယ်ပိုင်ကားနှင့်သီချင်းလေးဖွင့်ပြီး ဝူးခနဲ ဖြတ်သွားသူများကို ငေးတန်ငေးရနှင့် ချွေးစေးများကျနေရသော ဘတ်စကားပေါ်က လူငယ်များလို အခြေအနေမျိုး၊ ပြင်ပလူ့လောကထဲတွင် ကျွန်တော်တို့ ကြုံရပေါင်းများပါပြီ။

ထိုဘတ်စကားပေါ်ကနေ ကိုယ်ပိုင်ကားပေါ် ရောက်အောင် မှန်ကန်သောနည်းကိုသုံး၍ အခွင့်အလမ်းကို ရှာစေချင်၍ "ဘတ်စကားပေါ်ကလူငယ်" ခေါင်းစဉ်ဖြင့် ကျွန်တော်ပုံဆောင်ပြရခြင်းပင်။

ဘတ်စကားပေါ်မှာ စီးနေရတာပဲ ကျေနပ်နေလျှင်တော့ရှိစေတော့။ ဘဝဆိုသည်က ဘတ်စကားထက်ပို၍ ချွေးပြန်ရပါသည်။ လူတိုးရပါသည်။

ဘတ်စကားတစ်စီးပင် မှတ်တိုင်တစ်တိုင်ရောက်တိုင်း လူများတိုးဝှေ့နေကြလျှင်၊ ဘဝထဲတွင် မိမိနှင့်ယှဉ်ပြိုင်တိုးဝှေ့ရမည့်လူများ လူ့လောကထဲတွင် တစ်ပုံကြီးဆိုသည်ကို မမေ့သင့်ပေ။ အရေးကြီးသည်က ကျွန်တော်တို့သွားချင်သော ခရီးတစ်ခုကို ဘယ်လိုပုံစံနှင့် ဖြတ်သန်းသွားရောက်မလဲဆိုသည်ပင်။

ကားပေါ်တွင် နေရာယူတတ်သလို လူ့လောကထဲမှာနေရာယူတတ်ပါစေ။ ကားပေါ်တွင် နုံအအနှင့်နေနေသလို လူ့လောကထဲတွင် မနေပါနှင့်။ မျက်စိဖွင့်၊ နားစွင့်၊ အာရုံဖွင့်ထားရန်လိုပါမည်။ မလွဲသာ၍ ဘတ်စကားပေါ်တွင် နေနေရသေးလျှင်လည်း ဉာဏ်ကို လွှာသုံး၍ နေရာကလေးလည်းရ၊ နေရိပ်ဘက်လည်းကျအောင်နေပြီးမှ လိုရာခရီးကို ဆက်စေချင်သည်။

ကျွန်တော့်ဆန္ဒကတော့ အခက်အခဲကြားက ရုန်းထွက်လွတ်မြောက်နိုင်မည့် နည်းလမ်းကို ရှာဖွေစေချင်သည်။ မျှောနေသရွေ့ကတော့ ဆက်မျှောပြီး တစ်ချိန်တော့ ရောက်သွားမှာပဲလေဆိုခြင်းမျိုး ခေါင်းထဲပြေးဝင်လာမည်ကို စိုးရိမ်မိသည်။ လူငယ်ဘဝမှာ ကျန်းမာကြံ့ခိုင်၍ သန်စွမ်းဖျတ်လတ်မှုက အရာရာကို ထွင်းဖောက်ကျော်လွှားနိုင်မည်ဆိုသည်ကို ခြွင်းချက်မရှိ ကျွန်တော်ယုံကြည်ပါသည်။

ချွေးများနှင့်သွားရသော ခရီးချင်းအတူတူ၊ အပန်းဖြေရမည့်နေရာကို သွားသင့်သည်။ ချွေးနှင့်ရင်းသည့် သဘောဖြစ်သင့်ပါလျက် ချွေးများနှင့်ဆက်သွားမည်ကို မသာယာစေလိုပေ။ အရွယ်ဆိုသော အတိုင်းအတာတစ်ခုတွင် ခန္ဓာကစိတ်ရှိသလောက် မလိုက်နိုင်သည်ကို နားလည်သွားလျှင်ဖြင့် အောင်မြင်သောလမ်းစများကို မြင်တတ်လာလိမ့်မည်ဟု ကျွန်တော်ယူဆမိပါသည်။


## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခ အပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Pass-port for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

# မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၈၈၀၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၈၈၀၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုံရွာခရိုင်တွင် ကြက်သွန်နီ ၁၁၂၃၃ ကေစိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မုံရွာမြို့နယ်တွင် ၇၆၆၃ ကေ၊ ဘုတလင်မြို့နယ်တွင် ၄၁၃ ကေ၊ အရာတော်မြို့နယ်တွင် ၂၆၉ ကေ၊ ချောင်းဦးမြို့နယ်တွင် ၄၆၄ ကေ စုစုပေါင်း ၈၈၀၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မုံရွာခရိုင်အတွင်း ကြက်သွန်နီ ၁၁၂၃၃ ကေ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၈၈၀၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ကြက်သွန်နီစိုက်ပျိုးမှုအနေနဲ့ကတော့ ပုံမှန်အတိုင်းပါပဲ" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုံရွာခရိုင်တွင် ကြက်သွန်နီစိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ကေ ၇၃၅၀၊ ဘုတလင်မြို့နယ်တွင် ကေ ၃၁၀၀၊ အရာတော်မြို့နယ်တွင် ၂၆၃ ကေ၊ ချောင်းဦးမြို့နယ်တွင် ကေ ၅၂၀ စုစုပေါင်း ၁၁၂၃၃ ကေဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဇလွန်မြို့နယ် ရေကျော်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**ဇလွန် ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ရေကျော်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခင်လေးမြင့်၊ ဇလွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်လင်းထက်နှင့် တာဝန်ခံအင်ဂျင်နီယာများက တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ရေကျော်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူးက ဆောင်ရွက်ပြီး ကုန်ထုတ်လမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ရေကျော်ကျေးရွာ၌ ကုန်ထုတ်လမ်း အရှည် ၁၁ မိုင် ၄ ဒသမ ၈ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၂၇ ဒသမ ၄၆၃ သန်းဖြင့် ခန့်သားလေးကုမ္ပဏီက ၂၀၂၄ ခုနှစ် ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် ရေကျော်ကျေးရွာရှိ ကျေးလက်နေ ပြည်သူများ၏ လယ်ယာများမှ ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့နိုင်ပြီဖြစ်ကြောင်း သိရသည်။

သံသာ

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးကြင်းပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးကြင်းပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်မျိုးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးကြင်းပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ငါးကြင်းပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါငါးကြင်းများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် တင်ပို့မှုကောင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



''လက်ရှိ ငါးကြင်းဈေးက တစ်ပိဿာကို ငွေကျပ် ၁၉၅၀၀ ထိ ဈေးပေါက်နေပါတယ်။ ရန်ကုန်ဈေးကွက်က ဒေသထွက်ငါးကြင်းတွေ အဝယ်လိုက်နေတာကြောင့် ငါးကြင်း တင်ပို့ရောင်းချရမှု ကောင်းခဲ့တာပါ။ ပြီးခဲ့တဲ့ နိုဝင်ဘာလက ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငါးကြင်း ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်က ငါးကြင်းအပြင် အခြားငါးတွေလဲ ဝယ်ယူတာများလာပါတယ်"ဟု ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်မျိုးက ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသရေထွက်ကုန်များကိုဝယ်ယူပြီး ဒေသတွင်းအပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဒေသများသို့ ဆက်လက်ဖြန့်ဖြူး ရောင်းချလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# မိုင်းဆတ်မြို့နယ် လယ်ပြင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းဆတ် ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ လယ်ပြင်ကျေးရွာနှင့် တောင်ညိုကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက လယ်ပြင်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဆတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစိုးဌေးက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ စီမံကိန်း အကြောင်းအရာများ၊ စီမံကိန်းမှ ရရှိမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာနှစ်ရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၂၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက လယ်ပြင်ကျေးရွာနှင့် တောင်ညိုကျေးရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၂၆၁ သိန်း၊ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ်သိန်း ၆၀ နှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၁၀၁ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၂၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချိုသန်းညွန့်

# စဉ့်ကိုင်မြို့နယ် မြို့သာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကိုင် ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစု ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြို့သာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြို့သာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၉ ဒသမ ၈၅ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစု ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိမရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါမြို့သာကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၁၂ ဒသမ ၆၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ် ၁၉ ဒသမ ၈၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၇ ဒသမ ၃၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၂ ဦးကို ရန်ပုံငွေကျပ် ၃၉ ဒသမ ၈၅ သန်း ထုတ်ချေးပေးထားကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အောင်ရဲကျော်

**ဗလငါးတန်ဖွံ့ဖြိုးဖို့**
**စာအုပ်စာပေဖတ်ကြစို့**

ခရီးသွားဆောင်းပါး

# မဆုံးသေးသည့်ဤခရီး ရောက်ရန်အလွန်နီး

သက်နိုင်(ပြင်ဦးလွင်)

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်းမှာရှိတဲ့ ငွေဆောင်၊ ချောင်းသာ ပင်လယ်ကမ်းခြေတွေကို လေ့လာလည်ပတ်အပန်းဖြေကြဖို့အတွက် မောင်နှမတွေစုပြီး ထွက်ခွာလာကြတဲ့ခရီးစဉ်မှာ ရန်ကုန်မြို့ကိုရောက်ရှိနေကြပါပြီ။ ခရီးမထွက်ခင် ပြင်ဦးလွင်မြို့မှာကတည်းက ဒေသခံစာရေးဆရာမိတ်ဆွေတွေကို ဖုန်းဆက်အကြောင်းကြားပြီး ဘယ်လမ်းခရီးကနေလာရင် အကောင်းဆုံးဖြစ်မလဲလို့ ကြိုတင်မေးမြန်းစုံစမ်းလိုက်တဲ့အခါ ရန်ကုန်မြို့က တစ်ဆင့်လာရင် အကောင်းဆုံးဖြစ်တယ်ဆိုတာကြောင့် ရန်ကုန်မြို့ကို ရောက်ရှိလာကြရတယ်။ ခရီးစဉ်အတွင်းမှာ တစ်ချက်ခုတ်နှစ်ချက်ပြတ်အနေနဲ့ လမ်းတစ်လျှောက်မှာရှိတဲ့ ဘုရားစေတီပုထိုးတွေ၊ လေ့လာလည်ပတ်စရာနေရာတွေနဲ့အတူ ရန်ကုန်မြို့မှာ ဘုရားဖူးမြော်ကြအပြီး ရှေ့ခရီးကို ဆက်လက်ထွက်ခွာကြပါတော့မယ်။

ခရီးစဉ်အရ ရန်ကုန်မြစ်ကို ဖက်ရေယာဉ်နဲ့ကူးဖြတ်ကြပြီး ဒလမြို့ဘက်ကမ်းကိုသွားရောက်ကြမှာပါ။ ဒလမြို့ကိုရောက်မှ ဒလ-ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲ-ဖျာပုံ-ဘိုကလေး-မော်လမြိုင်ကျွန်း-ဝါးခယ်မ-မြောင်းမြ-ပုသိမ်လမ်းအတိုင်း ငွေဆောင်ကမ်းခြေရှိရာကို သွားရောက်ကြမှာဖြစ်ပါတယ်။ အခုရန်ကုန်မြို့မှာရှိတဲ့ ဖက်ရေယာဉ်ဆိပ်ကမ်းကိုရောက်ရှိနေကြပါပြီ။ အချိန်က မနက် ၆ နာရီပါ။ ဒလမြို့ကနေ ထွက်ခွာလာတဲ့ ဖက်ရေယာဉ်ကြီးကလဲ ရန်ကုန်ဆိပ်ကမ်းကို တရွေ့ရွေ့နဲ့ ဆိုက်ကပ်လာနေပါပြီ။ ဖက်ရေယာဉ်ပေါ်က လူတွေ၊ ကားတွေ ကုန်စင်အောင်ဆင်းသက်ပြီးတာနဲ့ ဒလမြို့ဘက်ကိုသွားရောက်ကြမဲ့ ခရီးသည်တွေ၊ ကားတွေက ဖက်ရေယာဉ်ပေါ်ကို ထပ်မံတက်ရောက်ကြရတယ်။ ဖက်ရေယာဉ်တစ်စီးမှာ ကားကြီး၊ ကားငယ် စုစုပေါင်း အစီး ၃၀ တင်ဆောင်ပါတယ်။ ဒီကားတွေ၊ ခရီးသည်တွေက မြစ်ကူးတံတားကြီးဖွင့်လှစ်ပြီးတဲ့အခါ ဟိုဘက်ကမ်း၊ ဒီဘက်ကမ်းကို အချိန်တိုတိုနဲ့ဖြတ်သန်းသွားလာနိုင်ကြတော့မှာဖြစ်ပါတယ်။ အခုအချိန်မှာတော့ ဖက်ရေယာဉ်ကို စောင့်ဆိုင်းရတဲ့အချိန်၊ ရေယာဉ်မောင်းနှင်ချိန်၊ အတက်အဆင်းပြုလုပ်ရချိန်တွေ ပေါင်းလိုက်ရင် နာရီဝက်လောက်ကြာမြင့်နေတယ်။

ဖက်ရေယာဉ်က ရန်ကုန်ဆိပ်ကမ်းကနေ မနက် ၆ နာရီခွဲလောက်မှာ ဒလမြို့ကို စတင်ခုတ်မောင်းလာတယ်။ ရန်ကုန်မြစ်ကြီးနဲ့ ပြီးစီးလုနီးပါးဖြစ်နေပြီဖြစ်တဲ့ မြစ်ကူးတံတားကြီးကတော့ မနက်ခင်းထွက်ခါစနေရောင်ခြည်အောက်မှာ လှလှပပပါ။ မိမိတို့မောင်နှမတွေက ရန်ကုန်မြို့ရှုခင်း၊ ဒလမြို့ရှုခင်း၊ မြစ်တွင်းရှုခင်းတွေကို ကြည့်ရှုရင်း လိုက်ပါလာခဲ့ကြပေမဲ့ လေ့လာစူးစမ်းတတ်တဲ့ တူလေးကတော့ ဖက်ရေယာဉ်အပေါ်ထပ်ထိ တက်ရောက်သွားပြီး ပျော်ပျော်ရွှင်ရွှင်ကျေကျေနပ်နပ် လိုက်ပါလာခဲ့တယ်။

ရေစုန်ခရီးဖြစ်နေတာကြောင့် ဖက်ရေယာဉ်က ရန်ကုန်မြစ်တွင်းမှာ မိနစ်အနည်းငယ်လောက်ခုတ်မောင်းပြီး ဒလမြို့ကမ်းကို ဆိုက်ကပ်လာတယ်။ ရေယာဉ်ကမ်းထိုးပြီးတာနဲ့ ကမ်းပေါ်ကို လူတွေကော၊ ကားတွေကော တက်ရောက်မောင်းနှင်လာရတယ်။ ဒလမြို့ကိုရောက်ရှိကြပြီ။ ဆက်လက်ပြီး ကုန်းလမ်းခရီးအဖြစ် သွားရောက်ကြရတော့မှာပါ။ ဒါပေမဲ့ မိမိတို့တစ်တွေက မနက်စာအဖြစ် လက်ဖက်ရည်မသောက်၊ မုန့်မစားရသေးတာကြောင့် ဒလမြို့မှာ စားသောက်ကြဖို့ စဉ်းစားစီစဉ်ထားလိုက်ကြတယ်။ ဒါကြောင့် အရင်တစ်ခေါက်က စားသောက်ခဲ့ကြတဲ့ မြို့လယ်နာရီစင်ကြီးအနီးက ဆိုင်လေးရှိရာကို မောင်းနှင်လာခဲ့လိုက်ပေမဲ့ နာရီစင်ကြီးကော၊ လက်ဖက်ရည်ဆိုင်ကလေးကောမရှိတော့ဘဲ ကွင်းပြင်ကြီးအဖြစ်ပြောင်းလဲသွားတာကို တအံ့တသြ တွေ့မြင်လိုက်ရတယ်။ စားသောက်ခဲ့ဖူးတဲ့ ဆိုင်ဟောင်းလေးမရှိတော့ပေမဲ့ စားသောက်လို့ရမဲ့ဆိုင်တစ်ဆိုင်ကိုလဲမတွေ့တာကြောင့် ကော့မှူးမြို့ရှိရာကို ဆက်လက်ခရီးနှင်လာကြရတယ်။

ဒလမြို့ကို ကျော်လွန်လာတာနဲ့ လယ်ကွင်းလယ်ကွက်တွေ၊ ချောင်းတွေမြောင်းတွေကို စတင်တွေ့မြင်လာရသလို လမ်းတစ်လျှောက်လုံးမှာလဲ




မြင်ကွင်းစိမ်းစိမ်း၊ ရေလွှာဖွေးဖွေးတွေကို တွေ့မြင်နေရတယ်။ ငှက်ပျောခိုင်ကြီးတွေ၊ ကွမ်းရွက်ခြင်းကြီးတွေ၊ ဟင်းသီးဟင်းရွက်သစ်သီးဝလံတွေနဲ့ ဒေသထွက်ကုန်အမျိုးမျိုးကို တင်ဆောင်မောင်းနှင်လာကြတဲ့ဆိုက်ကယ်တွေ၊ ကားကြီး၊ ကားငယ်တွေကလဲ မျက်နှာချင်းဆိုင်လမ်းတစ်လျှောက်မှာ အများအပြားပါ။ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် လုပ်ကိုင်ရှာဖွေစားသောက်နေကြရတယ်။ အခုလို မနက်စောစောအချိန်မှာ ဒလမြို့နဲ့ ရန်ကုန်မြို့ရှိရာကို သွားလာနေကြတဲ့ ကုန်တင်ယာဉ်တွေ၊ ခရီးသည်တင်ယာဉ်တွေ များပြားပြီး ညနေရောက်တဲ့အချိန်မှာ ဒလမြို့နဲ့ ရန်ကုန်မြို့ဘက်ကနေ ပြန်လာတာများပြားကြောင်း တူဖြစ်သူကို ကားမောင်းနေရင်းရှင်းပြနေရတယ်။

ဒလမြို့နဲ့ ကော့မှူးမြို့က ၂၃ မိုင်ကျော်ကွာဝေးပါတယ်။ ဒလမြို့ကနေ ၁၁ မိုင် သုံးဖာလုံအကွာမှာ ကံဘဲ့ဆိုတဲ့ လမ်းဆုံတစ်ခုရှိနေသေးတယ်။ ကံဘဲ့လမ်းဆုံကနေ ညာဘက်လမ်းအတိုင်း ဆက်လက်မောင်းနှင်သွားမယ်ဆိုရင် ငါးမိုင်ကျော်သာဝေးတဲ့ တွံတေးမြို့ကိုရောက်ရှိသွားမှာပါ။ အရင်တစ်ခေါက်က မိမိနဲ့အတူ ခရီးဖော်တွေအားလုံး တွံတေးမြို့ထိ သွားရောက်ကြပြီး တန်ခိုးကြီးဘုရားစေတီတွေ၊ တွံတေးသိန်းတန်ရုပ်တုနေရာအပါအဝင် အထင်ကရနေရာတွေကို သွားရောက်ဖူးမြော်လေ့လာလည်ပတ်ခဲ့ကြပါသေးတယ်။ အခုတစ်ခေါက်တော့ တွံတေးမြို့ကို မဝင်ကြတော့ဘဲ ဘယ်ဘက်လမ်းခွဲအတိုင်း ၁၂ မိုင်ဝေးကွာသေးတဲ့ ကော့မှူးမြို့ရှိရာကို ဆက်လက်မောင်းနှင်လာခဲ့လိုက်တယ်။ ၁၂ မိုင်ဆိုတဲ့ခရီးက လမ်းကောင်း၊ လမ်းရှင်းတာကြောင့် လမ်းတစ်လျှောက်မှာရှိနေတဲ့ ရှုခင်းတွေ၊ မြင်ကွင်းတွေကို ကြည့်ရှုရင်း မကြာခင်မှာတော့ ကော့မှူးမြို့အဝင်ကို ရောက်ခဲ့ကြတယ်။

တဖြည်းဖြည်းနဲ့ မြို့တွင်းကိုဝင်ရောက်လာတာနဲ့အမျှ မနက်စာစားသောက်ကြဖို့အတွက် ကောင်းနိုးရာရာဆိုင်တစ်ဆိုင်ကို ကားမောင်းနေရင်းရှာဖွေနေရတယ်။ ဒီလိုရှာဖွေမောင်းနှင်နေရင်းနဲ့ တစ်နေရာအရောက်မှာ ကလေသာသူဆိုတဲ့ လက်ဖက်ရည်နဲ့ စားဖွယ်စုံဆိုင်ကြီးတစ်ဆိုင်ကို တွေ့လိုက်ရလို့ ဆိုင်ရှေ့လမ်းဘေးမှာ ကားရပ်လိုက်ပြီး ဝင်ရောက်စားသောက်ကြရတယ်။ ဆိုင်က ကြီးမားကျယ်ဝန်းသလို စားသောက်ဖွယ်ရာတွေလဲ စုံစုံလင်လင်ရရှိနေတယ်။ မောင်နှမတစ်တွေ ရှမ်းခေါက်ဆွဲစားသူစား၊ မုန့်ဟင်းခါးစားသူစား၊ အကြော်နဲ့ကောက်ညှင်းပေါင်းစားသူစားကြပြီးမှ ရှေ့ခရီးကို ဆက်လက်ထွက်ခွာကြဖို့ပြင်ဆင်ကြရတယ်။ ကော့မှူးမြို့မှာ မနက်စာ စားသောက်ကြအပြီး လမ်းခရီးအတွက်လိုအပ်တဲ့ ရေခဲတုံးတွေဝယ်လို့ရတာကြောင့် အဆင်ပြေသွားရတယ်။ ကားပေါ်မှာပါလာတဲ့ ရေသန့်ဘူးတွေနဲ့ အချိုရည်ဘူးတွေကို ရေခဲပုံးအတွင်းမှာ ရေခဲတုံးတွေနဲ့စိမ်ထားလိုက်ရင် လမ်းခရီးတစ်လျှောက်လုံး ရေအေးအေး၊ အချိုရည်အေးအေးလေးတွေ သောက်သုံးသွားနိုင်ပါပြီ။

ကော့မှူးမြို့မှာ မနက်စာစားသောက်ကြပြီး ဆက်လက်ထွက်ခွာလာကြတဲ့အချိန်က မနက် ၈ နာရီလောက်သာ ရှိနေပါသေးတယ်။ နေ့ရက်ကာလက သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ဖြစ်နေတာကြောင့် လမ်းတစ်လျှောက်မှာ အလှူခံအဖွဲ့တွေကို တွေ့မြင်နေရတယ်။ အချို့အလှူခံအဖွဲ့တွေက ကျွဲခေါင်းရုပ်ကြီးတွေနဲ့ အလှူခံနေကြတယ်။ ကျောက်ဆည်မြို့မှာ ဆင်ခေါင်းရုပ်၊ ဆင်ရုပ်ကြီးတွေနဲ့ အလှူခံနေကြသလို ဒီအရပ်ဒီဒေသတွေမှာ ကျွဲခေါင်းရုပ်ကြီးတွေကို အသုံးပြုနေကြတယ်။ ကျွဲခေါင်းမည်းမည်း၊ ဝတ်ရုံမည်းမည်းကြီးတွေက တစ်မျိုးတစ်ဖုံအသွင်ဆန်းဆန်းနဲ့ ကြည့်လို့လဲကောင်းနေပါတယ်။ မြန်မာ့ရိုးရာပွဲတော်ရက်ကာလတွေမှာ ရိုးရိုးသာမန်အလှူခံခြင်းမျိုးမဟုတ်ဘဲ ဒီလိုအရုပ်ကြီးတွေနဲ့ ကပြဖျော်ဖြေအလှူခံနေကြတာက ဒီဒေသရဲ့ဓလေ့အကျင့်တစ်ခုဖြစ်နေသလို မြန်မာလူမျိုးတွေအတွက် ဂုဏ်ယူစရာတစ်ခုလဲဖြစ်နေပါတယ်။ ကျောက်ဆည်မြို့က ဆင်ရုပ်၊ ရှမ်းပြည်နယ်က တိုးနရားရုပ်၊ မြိတ်မြို့က ကျားရုပ်၊ ကယားပြည်နယ်က ကိန္နရီ၊ ကိန္နရာရုပ်ကြီးတွေက နာမည်ကျော်ကြားထင်ရှားပါတယ်။

ကော့မှူးမြို့က ထွက်ခွာလာပြီးရင် နောက်ထပ်ဆက်လက်ရောက်ရှိမဲ့မြို့က ကွမ်းခြံကုန်းမြို့ပါ။ ကော့မှူးနဲ့ ကွမ်းခြံကုန်းက ၁၀ မိုင်သာကွာဝေးနေသလို ကွမ်းခြံကုန်းက ရန်ကုန်တိုင်းဒေသကြီးရဲ့အစွန်ဆုံးမြို့တစ်မြို့လဲဖြစ်တယ်။ ကွမ်းခြံကုန်းမြို့ကနေ ရှစ်မိုင်အကွာ ဒေးဒရဲမြစ်နဲ့ မြစ်ကူးတံတားကြီးကို ကျော်ဖြတ်ပြီးရင် ဧရာဝတီတိုင်းဒေသကြီးရဲ့အစ ဒေးဒရဲမြို့ကို ရောက်ရှိမှာဖြစ်ပါတယ်။

ကော့မှူးမြို့ကနေ ကွမ်းခြံကုန်းမြို့ရှိရာကို ဆက်လက်ထွက်ခွာလာကြတဲ့အခါ လမ်းဘေးမြင်ကွင်းတွေက ပြောင်းလဲမှုမရှိသေးဘဲ ရန်ကုန်တိုင်းဒေသကြီးအတွင်းက မြင်ကွင်းတွေအတိုင်းမြင်တွေ့နေရပါသေးတယ်။ အရင်တစ်ခေါက်လာခဲ့တုန်းကတော့ မြို့ခံစာရေးဆရာတစ်ယောက်ရဲ့ အကူအညီ၊ လိုက်လံပို့ဆောင်မှုတွေနဲ့အတူ မြို့တွင်းမြို့ပြင်မှာရှိနေတဲ့ ဘုရားစေတီပုထိုးတွေ၊ အထင်ကရနေရာတွေအပြင် လက်ခုပ်ကုန်းပင်လယ်ကမ်းခြေ စတဲ့နေရာတွေကို ရောက်ရှိခဲ့ရတယ်။ အဲဒီတုန်းက လက်ခုပ်ကုန်းမှာ စားခဲ့ရတဲ့ ကဏန်းကောင်ကြီးတွေ၊ ပင်လယ်စာတွေကို မှတ်မိနေပါသေးတယ်။ အခုတစ်ခေါက်မှာတော့ ဘယ်နေရာကိုမှ မဝင်ကြတော့ဘဲ ရှေ့ခရီးကိုသာ ဆက်လက်မောင်းနှင်နေရတယ်။ ကော့မှူး-ကွမ်းခြံကုန်း ၁၀ မိုင်၊ ကွမ်းခြံကုန်း-ဒေးဒရဲ ရှစ်မိုင်ဆိုတဲ့ ခရီးတွေက အလှမ်းဝေးကွာခြင်းမရှိတာကြောင့် ကားမောင်းရင်း၊ စကားပြောရင်း၊ ပတ်ဝန်းကျင်ကရှုခင်းတွေကို ကြည့်ရှုလာကြရင်းနဲ့ မကြာခင်မှာ ဒေးဒရဲမြစ်ကူးတံတားကြီးရှိရာကို ရောက်လာခဲ့ကြရတယ်။ မြစ်ကူးတံတားကြီးကို ဖြတ်သန်းမောင်းနှင်ပြီးရင် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့ကို ရောက်ပါပြီ။

ဒီလိုနဲ့ မြစ်ကူးတံတားကြီးကို ဖြတ်ကျော်မောင်းနှင်နေတဲ့အခါ ဒေးဒရဲမြို့က တံတားကြီးအနီးအောက်ခြေမှာတည်ရှိနေတယ်။ တံတားကြီးဆုံးတာနဲ့ ဒေးဒရဲမြို့ကိုရောက်ရှိမယ်။ မြို့အဝင်ဆိုင်းဘုတ်ကလဲ တံတားကြီးအနီးမှာရှိနေတယ်။ ဒေးဒရဲမြို့က အခြားမြို့တွေနဲ့မတူညီဘဲ မြို့အဝင်ဆိုင်းဘုတ်ကြီးအနားမှာ စျေးဆိုင်တွေ၊ ကားဂိတ်တွေ၊ လူနေအိမ်တွေ၊ သွားလာလှုပ်ရှားနေကြသူတွေနဲ့ စည်ကားနေတယ်ဆိုပြီး မောင်နှမတွေကို ပြောဆိုလာရင်းနဲ့ တံတားကြီးကို ဖြတ်ကျော်မောင်းလာတဲ့အဆုံးမှာ ဒေးဒရဲမြို့ကို ရောက်လာခဲ့ကြတယ်။ အရင်တစ်ခေါက်ခရီးစဉ်တုန်းကတော့ မြို့အဝင်ဆိုင်းဘုတ်အနီးမှာ မြို့ခံစာရေးဆရာတွေက စောင့်ကြိုနေကြပြီး နှုတ်ဆက်စကားတွေပြောကြ၊ စာအုပ်လက်ဆောင်တွေပေးကြ၊ အမှတ်တရဓာတ်ပုံတွေရိုက်ကြနဲ့ အချိန်တွေကြာမြင့်သွားခဲ့ရတယ်။ အခုတစ်ခေါက်မှာတော့ ဘယ်သူနဲ့မှ မတွေ့ဆုံနိုင်တော့ဘဲ ရှေ့ခရီးကိုဆက်လက်ဦးတည်မောင်းနှင်နေရတယ်။

အခုခရီးစဉ်က ငွေဆောင်၊ ချောင်းသာပင်လယ်ကမ်းခြေတွေကို သွားကြမယ်။ အပြန်မှာ ပုဂံ-ညောင်ဦးကိုဝင်ကြမယ်လို့ စီစဉ်ထားကြပေမဲ့ ပြင်ဦးလွင်ကနေ စတင်ထွက်ခွာလာကတည်းက လမ်းမှာရှိသမျှ အထင်ကရနေရာတွေကို စုံအောင်ဝင်၊ လေ့လာလည်ပတ်၊ ဘုရားစေတီတွေကိုဖူး၊ တောင်ငူမြို့မှာ တစ်ညအိပ်ရပ်နား၊ နောက်တစ်နေ့မနက် ဆက်လက်ထွက်ခွာလာကြပြီး ရန်ကုန်မြို့ကိုဝင်၊ သွားချင်တဲ့နေရာသွား၊ ရောက်ချင်တဲ့နေရာတွေ ရောက်ပြီးမှ နောက်ထပ်တစ်ည ထပ်မံရပ်နားနဲ့ဖြစ်နေတာကြောင့် ပင်လယ်ကမ်းခြေနေရာတွေကို တော်တော်နဲ့မရောက်နိုင်သေးပါဘူး။ အခုရောက်ရှိလာပြီဖြစ်တဲ့ ဒေးဒရဲမြို့ကနေ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ဝါးခယ်မ၊ မြောင်းမြ၊ ပုသိမ် စတဲ့မြို့တွေကိုဖြတ်ကျော်မောင်းနှင်ပြီးရင် ပင်လယ်ကမ်းခြေနေရာတွေကို ရောက်ရှိတော့မှာပါ။ မိမိအနေနဲ့ မဆုံးသေးတဲ့ခရီးကို ဆက်လက်မောင်းနှင်ရအုံးမှာဖြစ်သလို ပန်းတိုင်ကိုရောက်ဖို့ ခရီးကလဲ အလွန်နီးကပ်နေပြီဖြစ်ပါတယ်။

# လာမဲ့စနေနေ့ညမှာ ယှဉ်ပြိုင်ကစားမဲ့ ပွဲစဉ်တွေထဲက တန်းဆင်းဇုန်ထဲက ဘန်လေအသင်း၊ ဝက်စ်ဟမ်းအသင်း၊ စီးရီးအေကလပ် တိုရီနိုအသင်းတို့ကို အကြိုက်တွေ့မိပါတယ်

M L



ဥရောပဘောလုံးရပ်ဝန်းအနေနဲ့ ပြီးခဲ့တဲ့ကြားရက်မှာ ခရစ္စမတ်ကာလအဖြစ် ပြိုင်ပွဲတွေရပ်နားခဲ့ကြပေမဲ့ လက်ကျန်ပွဲစဉ်အဖြစ် ဖူလ်ဟမ်နဲ့ နော်တင်ဟမ်အသင်းတို့ရဲ့ ပရီးမီးယားလိဂ်ပွဲစဉ်၊ ဘီလ်ဘာအိုနဲ့ အက်စ်ပန်ညိုတို့ရဲ့ စပိန်လာလီဂါပွဲစဉ်၊ အာဆင်နယ်နဲ့ ပဲလေ့စ်အသင်းတို့ရဲ့ လိဂ်ဖလား ကွာတားဖိုင်နယ်ပွဲစဉ်တွေအဖြစ်သာ ယှဉ်ပြိုင်ကစားခဲ့ကြပါတယ်။ဒါ့ပြင် အာဖရိကနေရှင်းဖလားပွဲစဉ်တွေအနေနဲ့လဲ အုပ်စုပွဲစဉ်(၁)အဖြစ် စတင်ယှဉ်ပြိုင်ကစားခဲ့ကြပါတယ်။ ဒီတစ်ပတ်မှာတော့ ပရိသတ်စိတ်ဝင်စားစေမဲ့ပွဲစဉ်တွေအဖြစ် ပရီးမီးယားလိဂ်ပြိုင်ပွဲမှာဆိုရင် အမှတ်ပေးဇယားအဆင့်(၁)နေရာက အာဆင်နယ်အသင်းဟာ လတ်တလောခြေစွမ်းပိုင်းကျဆင်းနေတဲ့ ဘရိုက်တန်အသင်းကို အိမ်ကွင်းမှာ လက်ခံကစားရမှာဖြစ်တာကြောင့် သူတို့အသင်းအတွက် အဆင့်(၁)နေရာမှာဆက်လက်တည်မြဲဖို့နဲ့ ရာသီဝက်ချန်ပီယံဖြစ်ဖို့ အခွင့်အရေးကလဲ ရှိနေပြန်ပါတယ်။ အမှတ်ပေးဇယားအဆင့်(၂)နေရာမှာ မန်စီးတီးအသင်းကလဲ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတဲ့ နော်တင်ဟမ်အသင်းနဲ့ တွေ့ဆုံနေပြီး လီဗာပူးနဲ့ချဲလ်ဆီးအသင်းတို့ကလဲ အိမ်ကွင်းပွဲစဉ်တွေအဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်တာကြောင့် ပရိသတ်တွေအတွက် အကျိုးပြုစေမဲ့အသင်းတွေဖြစ်လာနိုင်မလားဆိုတာ သတိထားစောင့်ကြည့်ရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ယခုတစ်ပတ်မှာတော့ ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်တွေခေတ္တရပ်နားခဲ့ပြီး လာမဲ့ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၀ ရက်မှာပြန်လည်စတင် ယှဉ်ပြိုင်ကစားကြမှာဖြစ်သလို စပိန်လာလီဂါပွဲစဉ်တွေအနေနဲ့လဲ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၃ ရက်မှာ ပြန်လည်စတင်ကြမှာဖြစ်တာကြောင့် ဒီတစ်ပတ်မှာ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ပွဲစဉ်တွေအဖြစ် ပရီးမီးယားလိဂ်နဲ့ အီတလီစီးရီးအေပွဲစဉ်တွေကိုသာ စိတ်ဝင်တစားစောင့်ကြည့်ရမှာပါ။ ဒါ့ကြောင့် ဒီတစ်ပတ်မှာ ယှဉ်ပြိုင်ကစားမဲ့ ပွဲစဉ်တွေထဲက အကောင်းဆုံးဖြစ်လာနိုင်တဲ့ ပွဲစဉ်တချို့ကို ရွေးချယ်လိုက်ရပါတယ်။

### ဘန်လေအသင်းကိုပဲ အားပေးရမှာပါ

ဒီတစ်ပတ်မှာ ပထမဆုံးအကြိုက်တွေ့မိတဲ့ပွဲစဉ်အနေနဲ့ ဘန်လေနဲ့ အဲဗာတန်အသင်းတို့ရဲ့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ပရီးမီးယားလိဂ်ပွဲစဉ်(၁၈)အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး ဘောလုံးပထမရာသီဝက်ပြီးဆုံးခါနီးမှာတော့ ဘန်လေအသင်းက အမှတ်ပေးဇယား တန်းဆင်းဇုန်အတွင်း အဆင့်(၁၉)နေရာမှာရပ်တည်နေပြီး အဲဗာတန်အသင်းကတော့ အဆင့်(၁၀)နေရာမှာ ရပ်တည်နေပါတယ်။ ဘန်လေအသင်းဟာ ပြီးခဲ့တဲ့ အဝေးကွင်းပွဲစဉ်မှာ ဘုန်းမောက်အသင်းကို တစ်ဂိုးစီသရေရလဒ်ကစားနိုင်ခဲ့ပြီး သူတို့အသင်းဟာအခုဆိုရင် နိုင်ပွဲပျောက်ဆုံးခဲ့တာ ရှစ်ပွဲဆက်ထိ ရှိနေပါပြီ။ ပြီးခဲ့တဲ့ဘောလုံးရာသီ ချန်ပီယံရှစ်မှာ အဆင့်(၂)နေရာနဲ့ တိုက်ရိုက်တန်းတက်လာနိုင်ပြီး အကောင်းဆုံးခြေစွမ်းပြကစားနေခဲ့တဲ့ ဘန်လေအသင်းဟာ လက်ရှိဘောလုံးရာသီမှာတော့ အသင်းလိုက်စွမ်းဆောင်ရည်အဆိုးရွားဆုံးအသင်းအဖြစ် ရပ်တည်နေတာပါ။သူတို့အသင်းအနေနဲ့ ပရီးမီးယားလိဂ်ပွဲစဉ် ၁၇ ပွဲ ယှဉ်ပြိုင်ကစားခဲ့အပြီးမှာ သုံးပွဲနိုင်နှစ်ပွဲသရေ ၁၂ ပွဲရှုံးနိမ့်ထားပါတယ်။ ဘန်လေအသင်းဟာ ဒီရာသီမှာ အနိုင်ရရှိခဲ့တဲ့သုံးပွဲမှာလဲ အိမ်ကွင်းနှစ်ပွဲနိုင်နဲ့ အဝေးကွင်းပွဲစဉ်တစ်ပွဲသာ အနိုင်ရရှိခဲ့တာပဲဖြစ်ပါတယ်။ ဒါ့ကြောင့် သူတို့အသင်းအနေနဲ့ အိမ်ကွင်းပွဲစဉ်တွေမှာတော့စွမ်းဆောင်ရည်ပိုင်းကောင်းမွန်တတ်တယ်လို့ဆိုရမှာပါ။

အဲဗာတန်အသင်းကတော့ လက်ရှိဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၁၇ ပွဲကစားအပြီးမှာ ခုနစ်ပွဲနိုင် သုံးပွဲသရေ ခုနစ်ပွဲရှုံးနိမ့်ထားပါတယ်။ ပြီးခဲ့တဲ့ ပွဲစဉ်(၁၇)မှာလဲ အိမ်ကွင်းမှာ အာဆင်နယ်အသင်းကို တစ်ဂိုး ဂိုးမရှိနဲ့ ကပ်ပြီးရှုံးနိမ့်ခဲ့တာဆိုရင် သူတို့အသင်းအတွက် နောက်ဆုံးနှစ်ပွဲဆက် ရှုံးနိမ့်ခဲ့ခြင်းဖြစ်ပါတယ်။ လက်ရှိဘောလုံးရာသီမှာ သူတို့အသင်းရဲ့ စွမ်းဆောင်ရည်တိုးတက်လာတယ်ဆိုပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာတော့ ခံစစ်ပိုင်းကို ဦးစားပေးကစားလာတတ်တာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်မှာဆိုရင် တိုက်စစ်ပိုင်းထက်မြက်နေတဲ့ အာဆင်နယ်အသင်းကို အကောင်းဆုံးထိန်းချုပ်ကစားနိုင်ခဲ့ပေမဲ့ ပွဲချိန် ၂၇ မိနစ်မှာပေးခဲ့ရတဲ့ပင်နယ်တီဂိုးကြောင့်သာကပ်ရှုံးနိမ့်ခဲ့ရခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ အဲဗာတန်အသင်းအနေနဲ့ အခုပွဲစဉ်မှာ တန်းဆင်းဇုန်ဖိအားနဲ့ အိမ်ကွင်းမှာ ရုန်းကန်ကစားလာမဲ့ ဘန်လေအသင်းရဲ့တိုက်စစ်ပိုင်းကို ပွဲချိန်ပြည့် ထိန်းချုပ်ကစားနိုင်ပါ့မလားဆိုတာစောင့်ကြည့်ရအုံးမှာပါ။ လက်ရှိခြေစွမ်းပိုင်းနဲ့ တွေ့ဆုံမှုမှာ အဲဗာတန်အသင်းအသာစီးရရှိနေတယ်ဆိုပေမဲ့ အခုပွဲစဉ်မှာတော့ တန်းဆင်းဇုန်အတွင်းက ထွက်နိုင်အောင် ကြိုးစားကစားလာမဲ့ ဘန်လေအသင်းကိုပဲ အားပေးရမှာပါ။

**ဘန်လေအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရန့်ဖို့ဒ် | ၃ | - | ၁ | ဘန်လေ |
| ဘန်လေ | ဝ | - | ၁ | ပဲလေ့စ် |
| နယူးကာဆယ် | ၂ | - | ၁ | ဘန်လေ |
| ဘန်လေ | ၂ | - | ၃ | ဖူလ်ဟမ် |
| ဘုန်းမောက် | ၁ | - | ၁ | ဘန်လေ |

**အဲဗာတန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အဲဗာတန် | ၁ | - | ၄ | နယူးကာဆယ် |
| ဘုန်းမောက် | ဝ | - | ၁ | အဲဗာတန် |
| အဲဗာတန် | ၃ | - | ဝ | နော်တင်ဟမ် |
| ချဲလ်ဆီး | ၂ | - | ဝ | အဲဗာတန် |
| အဲဗာတန် | ဝ | - | ၁ | အာဆင်နယ် |

### ဝက်စ်ဟမ်းအသင်းပဲ ရလဒ်ကောင်းသွားမှာပါ

နောက်ထပ်စိတ်ဝင်စားမိတဲ့ပွဲစဉ်ကတော့ ဝက်စ်ဟမ်းနဲ့ ဖူလ်ဟမ်အသင်းတို့ရဲ့ပွဲစဉ်ပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်(၁၇)မှာတော့ ဝက်စ်ဟမ်းအသင်းဟာ ခြေစွမ်းပိုင်းအစစအရာရာအသာရနေတဲ့ မန်စီးတီးအသင်းကို အဝေးကွင်းမှာ သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီး ဖူလ်ဟမ်အသင်းကတော့ အိမ်ကွင်းမှာ ခြေစွမ်းပိုင်းကျဆင်းနေတဲ့နော်တင်ဟမ်အသင်းကို တစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရရှိထားပါတယ်။ ဝက်စ်ဟမ်းအသင်းဟာ လက်ရှိဘောလုံးရာသီမှာ ခြေစွမ်းပိုင်းဆိုးရွားနေပြီး နည်းပြအပြောင်းအလဲတွေပြုလုပ်ထားတဲ့အသင်းပါ။ ဒါပေမဲ့ သူတို့အသင်းအနေနဲ့ ရလဒ်ပိုင်းပြန်လည်ကောင်းမွန်လာခြင်းမရှိသလို နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်ခြောက်ပွဲဆက် နိုင်ပွဲပျောက်ဆုံးနေခဲ့ပါတယ်။ ဒါ့ပြင် ပရီးမီးယားလိဂ်ပွဲစဉ် ၁၇ ပွဲကစားအပြီးမှာလဲ နိုင်ပွဲအနေနဲ့ သုံးပွဲသာရှိခဲ့ပြီး လေးပွဲသရေ ၁၀ပွဲရှုံးနိမ့်ထားကာ အမှတ်ပေးဇယားအဆင့်(၁၈)နေရာမှာ ရပ်တည်နေပါတယ်။ ဒါ့ကြောင့် သူတို့အသင်းအနေနဲ့ လက်ကျန်ပွဲစဉ်တွေမှာ ရလဒ်ကောင်းအောင်နဲ့ တန်းဆင်းဇုန်အတွင်းကလွတ်မြောက်အောင် အကောင်းဆုံးပြင်ဆင်ကစားလာနိုင်ပါတယ်။

ဖူလ်ဟမ်အသင်းကတော့ အခုနှစ်ဘောလုံးရာသီအစပိုင်းမှာ ခြေစွမ်းပိုင်းထက်မြက်ခဲ့ပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာတော့ အသင်းရဲ့စွမ်းဆောင်ရည်ပိုင်းကျဆင်းလာတာကို တွေ့ရပါတယ်။ ဒါ့ကြောင့် သူတို့အသင်းအနေနဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ သုံးပွဲရှုံးနိမ့်ခဲ့ပြီး နှစ်ပွဲသာအနိုင်ရရှိခဲ့တာပါ။ ပရီးမီးယားလိဂ်ပွဲစဉ် ၁၇ပွဲကစားပြီးချိန်မှာလဲ ခုနစ်ပွဲနိုင် နှစ်ပွဲသရေ ရှစ်ပွဲရှုံးနိမ့်ထားပြီး အမှတ်ပေးဇယားအဆင့်(၁၃)နေရာမှာ ရပ်တည်နေပါတယ်။ဒါပေမဲ့ လက်ရှိဘောလုံးရာသီမှာတော့ သူတို့အသင်းအနေနဲ့အဝေးကွင်းပွဲစဉ်နှစ်ပွဲသာအနိုင်ရရှိထားပြီး တစ်ပွဲသရေ ငါးပွဲရှုံးနိမ့်ထားတာကြောင့် အဝေးကွင်းခြေစွမ်းပိုင်းသာမန်သာရှိတယ်လို့ဆိုရမှာပါ။ ဒါ့ကြောင့် သူတို့အသင်းအနေနဲ့ အိမ်ကွင်းမှာ ဖိအားပေးကစားလာမဲ့ ဝက်စ်ဟမ်းအသင်းရဲ့တိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရမှာပါ။ ဒါ့ပြင် ဖူလ်ဟမ်အသင်းဟာ ၂၀၁၂ ခုနှစ်နောက်ပိုင်း ဝက်စ်ဟမ်းအသင်းရဲ့အိမ်ကွင်းမှာသွားရောက်ကစားခဲ့တဲ့ ရှစ်ပွဲမှာ တစ်ပွဲသာအနိုင်ရရှိထားပြီး ခုနစ်ပွဲထိရှုံးနိမ့်ထားပါတယ်။ ဒါ့ကြောင့် အမှတ်လိုအပ်ချက်ရှိနေပြီးအိမ်ကွင်းတွေ့ဆုံမှုတိုင်းမှာ အသာစီးရယူကစားလေ့ရှိတဲ့ဝက်စ်ဟမ်းအသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

**ဝက်စ်ဟမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဝက်စ်ဟမ်း | ဝ | - | ၂ | လီဗာပူးလ် |
| မန်ယူ | ၁ | - | ၁ | ဝက်စ်ဟမ်း |
| ဘရိုက်တန် | ၁ | - | ၁ | ဝက်စ်ဟမ်း |
| ဝက်စ်ဟမ်း | ၂ | - | ၃ | အေဗီလာ |
| မန်စီးတီး | ၃ | - | ဝ | ဝက်စ်ဟမ်း |

**ဖူလ်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖူလ်ဟမ် | ၄ | - | ၅ | မန်စီးတီး |
| ဖူလ်ဟမ် | ၁ | - | ၂ | ပဲလေ့စ် |
| ဘန်လေ | ၂ | - | ၃ | ဖူလ်ဟမ် |
| နယူးကာဆယ် | ၂ | - | ၁ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၁ | - | ဝ | နော်တင်ဟမ် |

### တိုရီနိုအသင်းကို အကြိုက်တွေ့မိပါတယ်

နောက်ထပ်စိတ်ဝင်စားမိတဲ့ပွဲစဉ်ကတော့ အီတလီစီးရီးအေပွဲစဉ်(၁၇)အဖြစ် ယှဉ်ပြိုင်ကစားကြမဲ့ တိုရီနိုနဲ့ ကယ်ဂလီယာရီအသင်းတို့ရဲ့ပွဲစဉ်ပဲဖြစ်ပါတယ်။ အမှတ်ပေးဇယားရပ်တည်မှုအနေနဲ့ တိုရီနိုအသင်းဟာ စီးရီးအေပွဲစဉ် ၁၆ ပွဲကစားအပြီးမှာ ငါးပွဲနိုင် ငါးပွဲသရေ ခြောက်ပွဲထိရှုံးနိမ့်ထားပြီး အဆင့်(၁၃)နေရာမှာ ရပ်တည်နေသလို ကယ်ဂလီယာရီအသင်းကလဲ သုံးပွဲနိုင် ခြောက်ပွဲသရေ ခုနစ်ပွဲရှုံးရလဒ်နဲ့ အဆင့် (၁၆) နေရာမှာ ရပ်တည်နေတဲ့အသင်းပါ။ တိုရီနိုအသင်းဟာ လက်ရှိဘောလုံးရာသီမှာ ခြေစွမ်းပိုင်းပုံမှန်သာရှိနေတယ်ဆိုပေမဲ့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကောင်းမွန်တတ်တဲ့အသင်းလို့ဆိုရမှာပါ။ အိမ်ကွင်းပွဲစဉ်တွေဆိုရင် နာပိုလီလိုအသင်းကိုတောင် အနိုင်ကစားတတ်တဲ့သူတို့အသင်းဟာ လက်ရှိဘောလုံးရာသီအိမ်ကွင်းနိုင်ပွဲ ငါးပွဲထိရှိထားတဲ့အသင်းဖြစ်တာကြောင့် ကယ်ဂလီယာရီအသင်းအနေနဲ့ ရလဒ်ကောင်းဖို့ ခက်ခဲနိုင်ပါတယ်။

ဒါ့ပြင် ကယ်ဂလီယာရီအသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်(၁၆)မှာဆိုရင် ပီဆာလိုအသင်းကို အိမ်ကွင်းမှာ နှစ်ဂိုးစီသရေရလဒ်သာ ကစားနိုင်ခဲ့ပြီး အဲဒီပွဲစဉ်မှာဆိုရင် ခံစစ်ပိုင်းက စွမ်းဆောင်ရည်ကျဆင်းနေတာကို တွေ့ရပါတယ်။ သူတို့အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီမှာ အဝေးကွင်းစွမ်းဆောင်ရည်တတိယအဆိုးရွားဆုံးအသင်းအဖြစ် ရပ်တည်နေပြီး အဝေးကွင်းနိုင်ပွဲအနေနဲ့လဲ တစ်ပွဲသာရှိထားတာကို တွေ့ရပါတယ်။ လက်ရှိမှာလဲ နောက်ဆုံးအဝေးကွင်းခုနစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးနေပြီး နည်းပြဖာဘီယိုအနေနဲ့ ခံစစ်ပိုင်းကို အကောင်းဆုံးပြင်ဆင်နိုင်ခြင်းမရှိသေးပါဘူး။ ဒါ့ကြောင့် အခုပွဲစဉ်မှာလဲ တိုရီနိုအသင်းရဲ့ ပွဲချိန်ပြည့်ဖိအားပေးမှုကို ထိန်းချုပ်ကစားနိုင်ဖို့ ခက်ခဲနေအုံးမှာပါ။ ပြီးခဲ့တဲ့ဘောလုံးရာသီတွေ့ဆုံမှုနှစ်ကြိမ်မှာ တစ်ကြိမ်စီအနိုင်ရထားတယ်ဆိုပေမဲ့ အခုပွဲစဉ်မှာတော့ အိမ်ကွင်းအားနဲ့ ဖိအားပေးကစားလာမဲ့ တိုရီနိုအသင်းကိုပဲ အကြိုက်တွေ့မိပါတယ်။

**တိုရီနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| တိုရီနို | ၁ | - | ၅ | ကိုမို |
| လက်ချီ | ၂ | - | ၁ | တိုရီနို |
| တိုရီနို | ၂ | - | ၃ | အေစီမီလန် |
| တိုရီနို | ၁ | - | ဝ | ခရီမိုနန်ဆီ |
| ဆက်ဆူအိုလို | ဝ | - | ၁ | တိုရီနို |

**ကယ်ဂလီယာရီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျူဗင်တပ် | ၂ | - | ၁ | ကယ်ဂလီယာရီ |
| နာပိုလီ | ၁ | - | ၁ | ကယ်ဂလီယာရီ |
| ကယ်ဂလီယာရီ | ၁ | - | ဝ | ရိုးမား |
| အတ္တလန္တာ | ၂ | - | ၁ | ကယ်ဂလီယာရီ |
| ကယ်ဂလီယာရီ | ၂ | - | ၂ | ပီဆာ |

# မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၅၆၉၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ၅၆၉၈ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၇၉၁၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၆၉၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ကုလားပဲ ၇၉၁၈ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့အထိ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ကုလားပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြောင်မြို့နယ်၌ ကုလားပဲ စိုက်ပျိုးရာတွင် ဒေသနှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈)နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ရေကြည်မြို့နယ်တွင် ကြက်ဟင်းခါးသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ရေကြည် ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် ဒေသထွက် ကြက်ဟင်းခါးသီးများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ရေကြည်မြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးက ပြောပြသည်။

ရေကြည်မြို့နယ်တွင် ယခုနှစ် ဒီဇင်ဘာလပထမပတ်မှ စတင်ပြီး ယနေ့ထိ ဒေသထွက်ကြက်ဟင်းခါးသီးများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက် ကြက်ဟင်းခါးသီးများ တစ်ရက်လျှင် အလုံးရေ ၅၀၀၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

''လက်ရှိ ဒေသထွက်ကြက်ဟင်းခါးသီးတွေ အဝယ်လိုက်ပြီး အရောင်းအဝယ် ကောင်းလာပါတယ်။ ကြက်ဟင်းခါးသီးတွေကို ဒေသဈေးကွက်အပြင် အခြားဒေသ ကုန်စိမ်းဈေးကွက်တွေကပါ အဝယ်များနေပါတယ်။ လက်ရှိ တစ်ရက်ကို အလုံးရေ ၅၀၀၀၀ ထိ ရောင်းအားတက်နေတာပါ။ ဒေသထွက် ကြက်ဟင်းခါးသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေး ကောင်းမွန်တဲ့အတွက် အခုလိုအရောင်းအဝယ်ကောင်းနေတာပါ''ဟု ရေကြည်မြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးက ပြောပြသည်။

ရေကြည်မြို့နယ်တွင် စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်နေသည့် ကြက်ဟင်းခါးသီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဒေသထွက် ကြက်ဟင်းခါးသီးများနှင့် အခြားကုန်စိမ်းများကို ပုသိမ်၊ ပန်းတနော်၊ မအူပင်စသည့် ဒေသများသို့ တင်ပို့ရောင်းချ လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးထားသည့်ဆန္ဒမဲရလဒ်များအား ရေတွက်ခြင်း

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲလာရောက်ပေးပြီး၍ဖြစ်စေ၊ ညနေ (၄) နာရီ ထိုးပြီး၍ဖြစ်စေ မဲရုံကိုပိတ်ပြီးလျှင် မဲရုံမှူးသည် ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည် -

- မဲပေးခြင်းပြီးဆုံးပါက မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များရှေ့မှောက်တွင် ထိန်းချုပ်စက်ပါ Total ခလုတ်ကိုနှိပ်၍ မဲပေးသူအရေအတွက်ကို ကြည့်ရှုမှတ်သားပြီးနောက် (On/Off) ခလုတ်ကိုနှိပ်၍ မဲပေးခြင်းကိုပိတ်သိမ်းရမည်။ ပိတ်သိမ်းချိန်ကို မှတ်တမ်းတင်ထားရှိရမည်။
- ဆန္ဒမဲရလဒ်များရေးမှတ်ရာတွင် ရောက်ရှိနေသည့် သက်သေအနည်းဆုံး ၁၀ ဦး၏ အမည်စာရင်းကို ပုံစံ (၁၇-ခ)၊ ပုံစံ {၁၇(ခ-၁)} တို့၏ ကျောဘက်တွင် မှတ်တမ်းတင်ထားရမည်၊
- ဆန္ဒမဲရလဒ်များ ရေးမှတ်ခြင်းကို ရွေးကောက်ပွဲလေ့လာသူများကိုပါ လေ့လာခွင့်ပြုရမည်။
- ထိန်းချုပ်စက်ရှိ (Print) ခလုတ်ကိုနှိပ်ပြီး မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းအား မဲပေးချက်ဖော်ပြသည့်စက်မှ ထုတ်ယူရမည်။ ယင်းစက္ကူဖြတ်ပိုင်း၏ ကျောဘက်တွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာဖြစ်စေရမည်။
- မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းရှိ ဆန္ဒမဲရလဒ်စာရင်းများနှင့် ရေတွက်ရရှိသော ကြိုတင်ဆန္ဒမဲရလဒ်စာရင်းများကို ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်တို့အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသည့် ဆန္ဒမဲအရေအတွက်ကို သက်ဆိုင်ရာပုံစံအသီးသီးတို့တွင် စာရင်းရေးသွင်းပြုစုရမည်။

"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"
"လွတ်လပ်မျှတ၊ မဲပေးကြ"


“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ပြည့်စွမ်းထား
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
အငြိမ်းစားလစာအပါအဝင်ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကိုဘဏ်ကိုသွားရန်မလိုဘဲမိုဘိုင်းဖုန်းဖြင့်ထုတ်ယူနိုင်ပါပြီ။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
Myanmar MOBILE MONEY
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆


ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးဦးစီးဌာန
ဆေးလိပ်ဖြတ်ရင် ဘာအကျိုးကျေးဇူးတွေရမလဲ
ဆေးလိပ်/ဆေးရွက်ကြီးသုံးစွဲမှုကြောင့် အသက်ရှူလမ်းကြောင်းရောဂါ၊ နှလုံးရောဂါ၊ လေဖြတ်ရောဂါ၊ ခြေပုပ် လက်ပုပ်ရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိကွယ်ခြင်းတို့ ဖြစ်ပွားနိုင်သည့်အပြင် ကင်ဆာရောဂါအမျိုးမျိုးတို့ဖြစ်ပွား၍ လူ့သက်တမ်းစေ့မနေရဘဲ စောစီးစွာ သေဆုံးနိုင်ပါသည်၊
ကိုယ်တိုင်ဆေးလိပ်မသောက်သော်လည်း တစ်ဆင့်ခံဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းသည် ဆေးလိပ်လောင်ကျွမ်းရာမှ ထွက်လာသောအဆိပ်ငွေ့များနှင့် ဆေးလိပ်သောက်သုံးသူမှ ရှူထုတ်လိုက်သော အငွေ့များကို ပါအစီခံ (Filter) မပါဘဲတိုက်ရိုက် ရှူရှိုက်မိသောကြောင့် ဆေးလိပ်သောက်သူနှင့် အတူနေသူများတွင် ပို၍အန္တရာယ်ကြီးမားပါသည်၊
DANGER!
တစ်ဆင့်ခံဆေးလိပ်ငွေ့ကြောင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများတွင် အထက်ဖော်ပြပါရောဂါအမျိုးမျိုးတို့ အပြင် ကိုယ်ဝန်ပျက်ကျခြင်း၊ ကိုယ်အလေးချိန်မပြည့်သောကလေး မွေးဖွားခြင်းတို့ ဖြစ်နိုင်ပြီး ကလေးများ တွင် မွေးကင်းစကလေး ရုတ်တရက်သေဆုံးခြင်း၊ နားရောဂါဖြစ်ပွားခြင်း၊ မကြာခဏ နေမကောင်းဖြစ်ခြင်း၊ အဆုတ်ကြီးထွားဖွံ့ဖြိုးမှုကို ထိခိုက်ခြင်းနှင့် ပန်းနာရင်ကျပ်ရောဂါခံစားရခြင်း စသည်တို့ကို ဖြစ်ပွားစေပါသည်၊
DANGER!
ဆေးလိပ်သောက်တာကို ရပ်လိုက်ပြီဆိုရင် မိနစ်(၂၀)အတွင်း နှလုံးခုန်နှုန်းမြန်တာတွေ၊ သွေးပေါင်ချိန် တက်နေတာတွေ လျော့ကျသွားပါမယ်၊
နောက်ထပ်(၁၂)နာရီအကြာမှာတော့ အဆိပ်ငွေ့တွေဖြစ်တဲ့ ကာဗွန်မိုနောက်ဆိုဒ် (Carbon monoxide) တွေ သွေးတွင်းမှာပါဝင်မှုလျော့ကျပြီး အောက်ဆီဂျင်ပမာဏ ပြန်တက်လာပါမယ်၊
နောက်ထပ်(၂)ပတ်ကနေ (၁၂)ပတ်အတွင်းမှာ ခန္ဓာကိုယ်တွင်း သွေးလှည့်ပတ်မှုစနစ်နဲ့ အသက်ရှူလမ်းကြောင်းစနစ်တို့ သိသိသာသာ ကောင်းမွန်လာပါမယ်၊
ဆေးလိပ်သောက်သူတွေဟာ မသောက်သူတွေထက် အဆုတ်ကင်ဆာဖြစ်ပွားနိုင်ခြေ (၂၂)ဆပိုများကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ပြန်ထားပါတယ်၊
DANGER!


ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးဦးစီးဌာန
လူငယ်များနှင့် စိတ်ကြွမှုးယစ်ဆေးများအန္တရာယ်
ယာဘာ၊ ရာမ၊ မြင်းဆေး၊ အိုက်စ် (ice)စတဲ့ စိတ်ကြွမှုးယစ်ဆေးပြားများသည် မက်သမ်ဖတမင်း (methamphetamine) နှင့် ကဖင်း (caffeine) တို့ ပေါင်းစပ်ထားပြီး စပျစ်သီး/ လိမ္မော်သီး/ ချောကလက်နံ့တို့ကဲ့သို့ လူငယ်များကိုဆွဲဆောင်နိုင်မည့် ရနံ့တစ်မျိုးမျိုး ထည့်သွင်းထားပါတယ်။
ဒီဆေးတွေက ဗဟိုအာရုံကြောစနစ်အတွင်းရှိ Dopamine ကဲ့သို့သော အာရုံကြောဆက်သွယ်ဓါတုပစ္စည်း (neurotransmitter) များအား သဘာဝကိုဆန့်ကျင်၍ များပြားစေကာ စိတ်ခဏတက်ကြွမှုဖြစ်စေနိုင်ပါတယ်။ သို့သော်လည်း ဒီလိုစိတ်ခဏတက်ကြွနေစေရန် ဆေးချိန်ကိုတိုးသည်ထက်တိုး၍ သုံးစွဲလာရပြီး ရေရှည်မှာဦးနှောက်နှင့်ဗဟိုအာရုံကြောစနစ်ကို လုံးဝပျက်စီးစေပါတယ်။
ဒီဆေးတွေကြောင့် ကိုယ်အပူချိန်တိုးခြင်း၊ နှလုံးခုန်မမှန်ခြင်း၊ အော့အန်ခြင်းနှင့် ရုတ်တရက်သေဆုံးခြင်းတို့ ဖြစ်ပွားနိုင်တယ်။ ဆေးကိုပုံမှန်မသုံးစွဲရပါက အိပ်မပျော်ခြင်း၊ စိုးရိမ်စိတ်လွန်ခြင်း၊ သံသယစိတ်များခြင်းမှ မိမိကိုယ်ကိုသတ်သေသည်အထိ စိတ်ခဏကျခြင်းတို့ ဖြစ်ပွားနိုင်ပါတယ်။
WY ဆေးပြားများ
ICE စိတ်ကြွမှုးယစ်ဆေးတစ်မျိုး
ရေရှည်သုံးစွဲခြင်းကြောင့် သွားများပျက်စီးခြင်း၊ နှာခေါင်းအတွင်းသားများ ပျက်စီးခြင်း၊ နှလုံး/ အသည်း/ ကျောက်ကပ်/ အဆုတ်ရောဂါများ ဖြစ်ပွားခြင်း၊ သွေးတိုးခြင်း၊ လေဖြတ်ခြင်း၊ ကိုယ်ခံအားကျဆင်း၍ ရောဂါပိုးအမျိုးမျိုး အလွယ်တကူဝင်ရောက်ခြင်း၊ မှတ်ဉာဏ်ဆုံးရှုံးခြင်းနှင့် ရူးသွပ်ခြင်းတို့ ဖြစ်ပွား၍ သက်တမ်းစေ့မနေရဘဲ စောစီးစွာသေဆုံးစေပါတယ်။
ဒါ့အပြင် ပညာရေး/ လူမှုရေး/ စီးပွားရေးနိမ့်ကျခြင်း၊ အကျင့်စာရိတ္တပျက်ပြားခြင်း၊ တရားဥပဒေအရ ပြစ်မှုမြောက်ခြင်းကြောင့် အကျဉ်းထောင်ကျ၍ပြစ်ဒဏ်ခံရခြင်းတို့ကို ဖြစ်ပွားစေပါတယ်။
မူးယစ်ဆေးသုံးစွဲခြင်းကြောင့် မျက်စိသွေးကြောများရောင်ရမ်းနေပုံ
မူးယစ်ဆေးသုံးစွဲခြင်းကြောင့် သွားများပျက်စီးနေပုံ
လူငယ်သဘာဝ အသစ်အဆန်းကိုမြင်လျှင် စမ်းသပ်စူးစမ်းလိုစိတ်အား ရောင်းချသူများမှ အခွင့်ကောင်းယူကာ နည်းလမ်းပေါင်းစုံသုံး၍ ဖြားယောင်းတတ်သည်ကို အထူးဂရုပြု၍ စိတ်ကြွမှုးယစ်ဆေးဝါးများအား လုံးဝရှောင်ကြဉ်ပါ

❖ ကျောင်းသားကျောင်းသူများ၏ စိတ်ဓာတ်၊စည်းကမ်း၊ပညာကို မှန်ကန်အောင်တည့်မတ်ပေးရေးသည် ဆရာ၊ဆရာမများ၏ တာဝန်ပင်ဖြစ်...

❖ မောင်တို့မယ်တို့ကဲ့သို့ တိုင်းရင်းသားဆရာ၊ဆရာမများသည် အနာဂတ်နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါသဖြင့် ကျောင်းဆင်းပြီးကျရာဒေသများတွင် တာဝန်ထမ်းဆောင်သည့်အခါ မိမိတို့တပည့်သားသမီးများကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂ၊ မိတ္တ ဆိုသည့် ဗလငါးတန်နှင့်ပြည့်ဝသော ပညာတတ်လူငယ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန် အလေးထားမှာကြားလို...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင်ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၇)မှ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)တွင် မဟာယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ



ရန်ကုန် ဒီဇင်ဘာ ၂၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၉) နောက်ဆုံးပွဲစဉ်များအဖြစ် ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ မဟာယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၉) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သီဟဒီပ အားကစားကွင်းတွင် မဟာယူနိုက်တက်အသင်းနှင့် ဒဂုံပေါ့အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မဟာယူနိုက်တက်အသင်းက ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး မဟာယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၈ မိနစ်နှင့် မိနစ် ၄၀ တို့တွင် ကောင်းမြတ်သူ၊ ပွဲချိန် ၃၈မိနစ်တွင် အာဆာကို၊ ပွဲချိန် မိနစ် ၇၀ နှင့် ၇၁ မိနစ်တို့တွင် ပက်ထရစ်တို့က သွင်းယူနိုင်ခဲ့ပြီး ဒဂုံပေါ့အသင်းအတွက်

စာမျက်နှာ ၁၇ ကော်လံ ၁ ☆

ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ မစ္စတာအလက်ဇီဘာရှန် ဦးဆောင်သော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

စာမျက်နှာ - ၁၉

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးသူများ ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲခဲ့မှုမှ ပြစ်မှုကျူးလွန်သူ နှစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

စာမျက်နှာ - ၂၀

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ချမ်းမြသာစည်မြို့နယ်တွင် ငွေကျပ် ၃၅၇၅ သိန်းတန်ဖိုးရှိ ဘိန်းဖြူ ၁၄ ကီလိုကျော် ဖမ်းဆီးရမိ

စာမျက်နှာ - ၂၂

# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီ၊ လူသုံးကုန်၊ လုပ်ငန်းသုံးကုန်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများ၊လိုင်စင်မဲ့မော်တော်ယာဉ်၊လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်နှင့်ရေယာဉ် ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၂ ရက်တွင် ဘားအံမြို့နယ် ကော့ရေးကျေးရွာအနီး၌ မော်တော်ယာဉ်ခြောက်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၇၈ မျိုး၊

စာမျက်နှာ ၂၁ ကော်လံ ၁ ❖




ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။